ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ သောကြာနေ့၊ (6-3-2015) (၈၁၃၆)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂါနာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်　　မတ်　　၆**

၂၀၁၅ ခုနှစ် မတ်လ ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျွန်ဒရာမနီ မဟာမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကွန်မြူနစ်တွေဟာ တိုင်းပြည်အပေါ်အလုပ်လုပ်တဲ့ လူအချင်းချင်းအပေါ် ညီညွတ်ရေးပျက်ပြားရာ ပျက်ပြားကြောင်း၊ လွတ်လပ်ရေးကြန့်ကြာရာ ကြန့်ကြာကြောင်း သစ္စာဖောက်လုပ်ခဲ့တယ်။ သဘောတူဆုံးဖြတ်ခဲ့တဲ့အချက်တွေ ဖောက်ဖျက်ပြီး အတွင်းဆွေးနွေးတာတွေ အပြင်ထုတ်ပြော၊ မဟုတ်မမှန်တာတွေ လုပ်ပြော၊ အချင်းချင်းအပေါ် ပုတ်ခတ်၊ သူတို့ခေါင်းဆောင်ဖြစ် ပြီးရောဆိုပြီး သူတို့ပါတီကြီးစိုးရေးကိုသာ ပထမလုပ်တယ်။ ကျုပ်တို့ ဖဆပလဟာ ညီညွတ်ရေး အင်အားစုကြီး၊ ဒီအင်အားစုကြီး တည်တံ့မှ၊ တိုးတက်မှ ဗမာပြည်လွတ်လပ်ရေး မြန်မြန်ရမယ်။ ကောင်းကောင်းရမယ်။ အဲဒီလို ကျုပ်တို့ယူဆတယ်။ သူတို့က အကြိမ်ကြိမ်အဖန်ဖန် သူတို့ရဲ့ အယူအဆတွေကို မလျှော့ဘူး။ ဘာဆုံးဖြတ်ချက်ရှိရှိ၊ ဘယ်လိုပဲ သူတို့သဘောတူထားထား သူတို့လုပ်ချင်ရာ လုပ်တယ်။ အဲဒီတော့ ကျုပ်တို့က သူတို့ကိုထုတ်ပစ်ရုံကလွဲလို့ တခြားဘာနည်းလမ်းမှ မရှိတော့ဘူး။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့ ရွှေတိဂုံအနောက်မုခ်၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)*

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဝန်ထမ်းလစာနှုန်းထားကိစ္စ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ခံစားခွင့်ပြုရေး အတည်ပြုပြီးပါက အမိန့်ထုတ်ပြန်ဆောင်ရွက်သွားမည်

**နေပြည်တော်　　မတ်　　၅**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏မူနှင့် အခြေခံသဘော အပါအဝင် စီမံကိန်းလုပ်ငန်းများ**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်**က ၅ နှစ်တစ်ကြိမ် နိုင်ငံရေးတာဝန်ဖြင့် ဌာနတာဝန်ထမ်းဆောင်ကြသော ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးအသစ်များနှင့် အဟောင်းများအကြားတွင် ဝန်ကြီးဌာနတစ်ခုလုံးကို ကိုယ်စားပြုတာဝန်ခံ ဆောင်ရွက်ပေးနိုင်မည့် အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်တစ်ဦး ခန့်အပ်ထားရှိမှသာလျှင် အနာဂတ်အစိုးရယန္တရား အားကောင်းခိုင်မာမည် ဖြစ်ပါကြောင်း။

အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ရာထူးတစ်နေရာအား သီးခြားအသစ်ထပ်မံ ခန့်အပ်ခြင်းမပြုဘဲ လက်ရှိညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများအား သင်တန်းပေးလေ့ကျင့်ပြီး ယင်းတို့အထဲမှ သင့်လျော်သူကို ရွေးချယ်တာဝန်ပေးအပ်မည်ဖြစ်ပါကြောင်း၊ ညွှန်ကြားရေးမှူးချုပ်(၂၃)ဦးအပါအဝင် အရာထမ်း၊ အမှုထမ်းရာထူးနေရာ(၂၅၂၅၇) နေရာလျှော့ချခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံများ ပြင်ဆင်လျှော့ချခြင်းသည် လက်ရှိဝန်ထမ်းဦးရေ လျှော့ချခြင်းမဟုတ်ဘဲ ပိုလျှံနေသည့်ဌာနများမှ ဖွဲ့စည်းပုံလျှော့ချခြင်းဖြစ်ပါကြောင်း၊ လျှော့ချသွားသော ရာထူးနေရာများအတွက် e-Government စနစ် ပိုမိုပြင်လာစေရန် အစားထိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မတ် ၁၆ ရက် ရောက်ရှိမည်

**မန္တလေး　　မတ်　　၅**



နေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းအရ လောင်စာဆီမသုံးဘဲ ပထမဆုံးအကြိမ် ကမ္ဘာပတ်မည့် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်(Solar Impulse)သည် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)သို့ ခန့်မှန်းရက် မတ် ၁၆ ရက် ညနေပိုင်းတွင် ရောက်ရှိလာမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံမှ သတင်းရရှိသည်။

"လေယာဉ်ကို လေ့လာနိုင်ဖို့ တက္ကသိုလ်၊ ကောလိပ်နဲ့ ကျောင်းသားများအပါအဝင် လုပ်သားပြည်သူများအတွက် အချိန်ခွဲခြားပြီး စီစဉ်ထားပါတယ်။ လေ့လာနိုင်တဲ့ အချိန်နည်းလွန်းတာကြောင့် လူဦးရေကန့်သတ်မှုရှိပါတယ်။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ သုံးညအိပ်ရပ်နားပြီး တရုတ်နိုင်ငံ Chon Going လေဆိပ်ကို ထွက်ခွာသွားမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက ပြောကြားသည်။


မတ် ၁၇ ရက်နှင့် ၁၈ ရက် နံနက်ပိုင်းတွင် မန္တလေးခရိုင်အတွင်းမှ နည်းပညာတက္ကသိုလ် ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ညနေပိုင်းတွင် အထက်တန်းကျောင်းသားကျောင်းသူများနှင့် ပြည်သူများအားလည်းကောင်း လေ့လာနိုင်ရန်နှင့် ပညာပေးဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✱**

ရန်ကုန်မြို့သို့ချီတက်ရန် ပြင်ဆင်နေသည့် အနာဂတ်မြန်မာ့မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများသို့ မေတ္တာရပ်ခံချက် စာမျက်နှာ » ၃

လက်ပံတန်းမြို့တွင် ကျောင်းသားအဖွဲ့များနှင့် ရောက်ရှိပူးပေါင်းနေသည့် သံဃာတော်အချို့အား မေတ္တာရပ်ခံချက် စာမျက်နှာ » ၃

စေတနာစကား ဆိုပါရစေ စာမျက်နှာ » ၆

SMART စပတ် ရှိုလာ ခြင်ဇကာ



ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်သည်။
သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာဂလတ်(စ်) ခြင်ဇကာသား
အပိတ်အဖွင့်လုပ်ရုံဖြင့် သန့်ရှင်းပြီးဖြစ်သောကြောင့် အမြဲတမ်း လေဝင်လေထွက် ကောင်းမွန်စေသည်။
အလူမီနီယမ် နှင့် U-PVC တပ်ဆင်ရေး လုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ခြင် မကိုက်အောင် ကာကွယ်ဖို့
01 450 962
09 431 44178
09 79222 8860
ပြတင်း/တံခါး ဆိုဒ် မျိုးစုံ ကို အိမ်အရောက်တပ်ဆင်ပေးသည်။
မှတ်ပုံတင်ပြီး SMART တံဆိပ်တမျိုးတည်းဖြင့်သာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပါသည်။
ဆင်တူယိုးမှား ပုံမှားရိုက်ခြင်းများ သတိပြုပါ။

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့ မှန်ဒေါက်တာ
မှန်စပေါ့ကို ဆေးထိုးရာတွင် ၁ ကြိမ်ထဲ ဆေးအပြည့်ရောက်အောင် **အပိုင်ထိုးမှ** ရလာဒ်ကောင်းပါသည်။ ရလာဒ်မကောင်းသော **ဆေးထိုးပြီးသား** ဒဏ်ရာကို ဆေးဟောင်းများ ပိတ်ဆို့နေသဖြင့် ပြန်ထိုး၍မရပါ။
အတွေ့အကြုံ၊ ကျွမ်းကျင်မှု နှင့် စက်+ဆေးကောင်းမှ ရလာဒ်ကောင်းပါမည်။
ရန်ကုန် - 09 4211 51119, 09 4500 54449
မန္တလေး - 09 2506 38611, 09 7987 97917

ကြေးမုံစာတည်းရှုထောင့် ၆-၃-၂၀၁၅ [သောကြာနေ့]

# ယဉ်ကျေးမှုကမ္ဘည်းမော်ကွန်းတင်

မြန်မာနိုင်ငံတွင် သမိုင်းမတင်မီကာလကတည်းက ယဉ်ကျေးမှုအဆင့်ဆင့် တိုးတက်ဖြစ်ထွန်းခဲ့သည်။ ခေတ်အလိုက် ယဉ်ကျေးမှုဆိုင်ရာများကို သမိုင်းသက်သေအဖြစ် အထောက်အထားများနှင့်တကွ ရှိထားပြီးဖြစ်သည်။ အဖိုးတန်မြန်မာ့မြေတွင် ရှေးဦးလူသားများ မြို့ပြတည်ထောင်ကာ တင့်တင့်တယ်တယ် အခြေတကျနေထိုင်လာခဲ့ကြသည်မှာ ယဉ်ကျေးမှုအရ ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံသား တိုင်းရင်းသားအနွယ်များသည် တကောင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ ဝေသာလီ၊ သုဝဏ္ဏဘူမိ အစရှိသည့်ဒေသများတွင် မြို့ပြနိုင်ငံများထူထောင်ကာ အတည်တကျနေထိုင်ခဲ့ကြသည့် သမိုင်းယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများ အခိုင်အမာရှိသည်။ ထိုမြို့ပြနိုင်ငံများသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်း ရာထောင်ကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အုပ်ချုပ်မှုနှင့် နေထိုင်နိုင်ခဲ့ကြောင်း ထင်ရှားပေါ်လွင်နေဆဲဖြစ်သည်။

ထိုယဉ်ကျေးမှုများသည် နိုင်ငံ၏ဂုဏ်ဒြပ်၊ နိုင်ငံ၏မိုးရှုးတန်ဆောင်ဖြစ်သည်။ ယင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်မပျက် ထင်ရှားပေါ်လွင်နေအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်သောကြောင့်လည်း များမကြာသေးမီက ပျူမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ်အဖြစ် အတည်ပြုသတ်မှတ်ခံနိုင်ခဲ့သည်။ ဆက်လက်၍ ကျန်ရှိနေသေးသော ရှေးဟောင်းမြို့ပြအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အောင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရသဖြင့် နိုင်ငံသားများအနေဖြင့် ဝမ်းမြောက်ရမည်သာဖြစ်သည်။

ယင်းအမွေအနှစ်များတွင် ထင်ရှားသောနယ်မြေမှာ ပုဂံဒေသဖြစ်သည်။ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အောင် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများသာမက ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လိုအပ်ပါသည်။ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရုံသာမက ရေရှည်တည်တံ့အောင်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်သင့်ကြသည်။

ပုဂံဒေသသည် မြန်မာနိုင်ငံ၏ ပထမမြန်မာနိုင်ငံတော်ဖြစ်သည်။ မြို့ပြနိုင်ငံတော်အဖြစ် တည်ထောင်ခြင်းသာမက အင်အားကြီးနိုင်ငံတော်အဖြစ် တည်ထောင်နိုင်ခဲ့သည်။ ပုဂံနေပြည်တော်ကို ဗဟိုပြု၍ အနော်ရထာမင်း တည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံသည် နှစ်ပေါင်းသုံးရာနီးပါး တည်တံ့ခိုင်မြဲပြီး စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ ကာကွယ်ရေးနှင့် ယဉ်ကျေးမှုတို့ အဘက်ဘက်က အားကောင်းခဲ့သည်။

နှစ်ပေါင်းထောင်ချီတိုင် မပျောက်မပျက် တည်ရှိဆဲဖြစ်သော ပုဂံမြို့ဟောင်းကြီးကို မျက်မှောက်ကာလတွင် စေတီပုထိုးများဖြင့် အထင်အရှားမြင်တွေ့နိုင်သည်။ လည်ပတ်လေ့လာချင်စရာ အကောင်းဆုံးဒေသများတွင် ပုဂံဒေသပါဝင်သဖြင့် နေ့စဉ်ခရီးသွားဧည့်သည်များ ဥဒဟိုဝင်ထွက်သွားလာလေ့လာလျက်ရှိသည်။ ရှေးဟောင်းပုဂံသည် တစ်နေ့ထက်တစ်နေ့ စည်ကားနေသည်။

ယင်းသည်ပင် ရှေးဟောင်းအမွေအနှစ်များကို ထိခိုက်စေနိုင်သည့် အကြောင်းအချက်များရှိသည်ကို သတိမူရမည်ဖြစ်သည်။ ပုဂံဒေသ ရှေးဟောင်းအဆောက်အအုံများမှာ နှစ်ပေါင်းတစ်ထောင်ကျော် ကြာမြင့်လာပြီဖြစ်သည်။ ပုဂံအဆောက်အအုံများတွင် အသုံးပြုသည့် အုတ်နှင့်သရွတ်များမှာလည်း သက်တမ်းကုန်ဆုံးနေပြီ ဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန်လိုအပ်သည်ဟု ပညာရှင်များက သုံးသပ်ထားကြသည်။ ဥပမာ သရပါတံခါးဝင်ပေါက်တွင် ယာဉ်များ နေ့စဉ်ဖြတ်သန်းရာမှ တုန်ခါမှုကြောင့် အက်ကြောင်းများဖြစ်ပေါ်လာသည်မှာ သတိပြုရမည့် အချက်တစ်ချက်ဖြစ်သည်။

ထို့ကြောင့် ရှေးဟောင်းအမွေအနှစ်များ ရေရှည်မတည်တံ့ခြင်း၏ အကြောင်းအချက်များတွင် သဘာဝဘေးဒဏ်နှင့် လူတို့၏အပြုအမူများကြောင့် ဖြစ်တတ်သည်ကို အလေးထားကြရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ရှေးဟောင်းအမွေအနှစ်များ တည်တံ့ခိုင်မြဲအဓွန့်ရှည်နေခြင်းသည် ခရီးသွားဧည့်သည်များအား ဆွဲဆောင်ရာရောက်သကဲ့သို့ ထိုနိုင်ငံ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်စသည့် ဂုဏ်ဒြပ်များကို ထင်ရှားပေါ်လွင်စေသဖြင့် ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ပပညာရှင်များ အပြန်အလှန်ဆွေးနွေး အမြင်ဖလှယ်



**နေပြည်တော် မတ် ၅**

ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးခင်ရီ၊ ဦးဇေယျာအောင်၊ ဒေါက်တာမြင့်အောင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဦးဆက်အောင်တို့နှင့် ပြည်ပပညာရှင်များဖြစ်ကြသည့် ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ် စီးပွားရေးနှင့် ပြည်သူ့ရေးရာ မူဝါဒပါမောက္ခ Sir Paul Collier၊ အင်ဒိုနီးရှားနိုင်ငံမှ ဝန်ကြီးဟောင်းMr. Pak Kuntoro၊ နော်ဝေနိုင်ငံမှ ဝန်ကြီးဟောင်း Mr. Erik Solheim၊ တီမောလက်စ်တေနိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဟောင်း Ms. Emilia Pires တို့သည် ယနေ့ နံနက် ၁၀ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ သမ္မတရုံးဝန်ကြီးဌာန၌ အပြန်အလှန်တွေ့ဆုံဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ပါမောက္ခ Sir Paul Collier က ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အရေးကြီးသည့်အချက်များ၊ ငြိမ်းချမ်းရေးရယူပြီးသည့် ဒေသများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အဓိကထားဆောင်ရွက်ရမည့်အချက်များ၊ အင်ဒိုနီးရှားနိုင်ငံမှ ဝန်ကြီးဟောင်း Mr. Pak Kuntoro က အင်ဒိုနီးရှားနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်ခဲ့မှုနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ခဲ့ပုံများ၊ နော်ဝေနိုင်ငံမှ ဝန်ကြီးဟောင်း Mr. Erik Solheim က စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆောင်ရွက်ရာတွင် နိုင်ငံတကာ အကူအညီအထောက်အပံ့များကို အကျိုးရှိရှိ ထိရောက်စွာအသုံးချရေး၊ ဦးစားပေးနယ်ပယ်ကဏ္ဍများ သတ်မှတ်ရေးနှင့် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရမှ ဦးဆောင်လုပ်ကိုင်သင့်ကြောင်း၊ အကြံပြုချက်များ၊ တီမောလက်စ်တေနိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဟောင်း Ms. Emilia Pires က ၎င်းတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အကောင်အထည်ဖော်ရာတွင် တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့က မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစီအစဉ်များ၊ ဦးစားပေးလုပ်ငန်း သတ်မှတ်ထားမှုနှင့် Delivery Unit များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ICT ကဏ္ဍ တိုးတက်ရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၅**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၀၃၀၀ | - | ၆၇၁၃၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၉၅၀၀ | - | ၆၇၀၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၆၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၀၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၁၃၇. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၆၃. ၇၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၁. ၇၀၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၈၀. ၈၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၄၇၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၅၇. ၇၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၃. ၄၀၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၀၃. ၅၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၇၅၁. ၃၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ဂျာမနီနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးချိုထွန်းအောင်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးချိုထွန်းအောင်အား ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**



## မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မတ် ၅။** ။ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် မတ် ၆ ရက်မှ ၇ ရက်အထိ ကျင်းပမည့် ASEAN Women Entrepreneurs Forum 2015(AWEF) သို့ တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်အသင်းမှ ဥက္ကဋ္ဌ ဒေါ်လှဝတီ ဦးဆောင်၍ အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၃ ဦးတို့သည် ယမန်နေ့ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်းသတင်းရရှိသည်။ **(စွမ်းဆောင်ရှင်များအသင်း)**

# ဆိုးလ်တွင် အမေရိကန်သံအမတ်ကြီး ဓားခုတ်ခံရ၍ ဒဏ်ရာရ

**ဆိုးလ် မတ် ၅**

အမေရိကန်သံအမတ်ကြီး မတ်လစ်ပတ်သည် ၎င်း၏ မျက်နှာနှင့် လက်ကောက်ဝတ်ကို တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေး အော်ဟစ်တောင်းဆိုသော လူတစ်ဦးက ဓားဖြင့် ခုတ်သဖြင့် ဒဏ်ရာများရရှိရာမှ ယခုအခါ အခြေအနေပုံမှန်ဖြစ်လာပြီဖြစ်ကြောင်း တောင်ကိုရီးယားရဲအရာရှိများနှင့် အမေရိကန်တာဝန်ရှိသူများက ယနေ့ပြောကြားသည်။



မီဒီယာများက ဖော်ပြသောပုံတွင် သံအမတ်ကြီးသည် သူ၏ညာဘက်ပါးပေါ်မှ ပြတ်ရှရာကို ညာလက်ဖြင့် ဖုံးအုပ်ထားပြီး သွေးများ ဖုံးလွှမ်းနေသော လက်ဝဲဘက်လက်ကို ကြည့်ရှုနေသည်။ ၎င်း၏ ပန်းနုရောင်လည်စည်းမှာလည်း သွေးများပေကျံလျက်ရှိသည်။

ဆိုးလ်မြို့လယ်ရှိ ကဇာတ်ရုံတစ်ခုတွင် ကွဲကွာနေသော ကိုရီးယားကျွန်းဆွယ်၌ ငြိမ်းချမ်းရေးမျှော်လင့်ချက်နှင့်စပ်လျဉ်း၍ ဟောပြောရန်အတွက် သံအမတ်ကြီးက ပြင်ဆင်နေစဉ် တိုက်ခိုက်မှုခံရခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံခြားရေးဌာနက အဆိုပါ တိုက်ခိုက်မှုကို ရှုတ်ချသည်။

မစ္စတာလစ်ပတ်သည် ဆိုးလ်မြို့ဆေးရုံတစ်ရုံ၌ ခွဲစိတ်ကုသမှုခံယူပြီးနောက် အခြေအနေပုံမှန်ဖြစ်လာပြီဖြစ်ကြောင်း အမေရိကန်သံရုံးက နောက်ပိုင်းတွင် ပြောကြားခဲ့သည်။ ဆီဗရင့်ဆေးရုံမှ ချောင်နန်ဆစ်က ပြောကြားရာတွင် ပါးပေါ်မှ ဓားဖြတ်ရာသည် လေးလက်မ ကျော်ရှည်ပြီး တစ်လက်မကျော်နက်ကြောင်း၊ အချက်များစွာ ချုပ်ပေးခဲ့ရကြောင်း ပြောသည်။ သို့သော်လည်း ၎င်း၏ အာရုံကြောကို ထိခိုက်မှုမရှိဟုဆိုသည်။

ဓားက မစ္စတာ လစ်ပတ်၏ လက်ဝဲလက်မောင်းကို ခုတ်မိပြီး ၎င်း၏လက်သန်းကိုဆက်သွယ်သော အာရုံကြောများနှင့် ၎င်း၏ လက်မှ ဆက်သွယ်သော အရွတ်များကို ပျက်စီးစေခဲ့သည်ဟု ချောင်က ပြောကြားသည်။

၎င်းမှာ ဆေးရုံတွင် နောက်ထပ်သုံးရက် သို့မဟုတ် လေးရက်ခန့် ပြုစုကုသမှုခံယူရန် လိုအပ်သေးသည်ဟု ပြောကြားသည်။ ၎င်း၏ လက်ဝဲလက်သည် လအတန်ကြာသည်အထိ အာရုံခံစားမှုတွင် ပြဿနာရှိနိုင်သည်ဟုလည်း ပြောကြားသည်။ **အေပီ။**

# မကာအိုရှိ ကာစီနိုလောင်းကစားဝိုင်းများ ဖေဖော်ဝါရီလတွင် ဝင်ငွေထက်ဝက်ကျဆင်း

**မကာအို မတ် ၅**

တရုတ် နှစ်သစ်ကူးကာလအတွင်း တရုတ်ခရီးသွားဦးရေ လာရောက်မှုနည်းပါးခြင်းကြောင့် ကမ္ဘာ့လောင်းကစားမြို့တော် မကာအိုရှိ ကာစီနိုလောင်းကစားဝိုင်းများ၏ ဝင်ငွေမှာ ဖေဖော်ဝါရီလတွင် ထက်ဝက်နီးပါးကျဆင်းသွားခဲ့ကြောင်း မတ် ၃ ရက်တွင် ထုတ်ပြန်သည့် သတင်း၌ ဖော်ပြသည်။

ယမန်နှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်လျှင် ယခုနှစ် ဖေဖော်ဝါရီလတွင် လောင်းကစားဝိုင်းများမှာ ဝင်ငွေ ၄၈ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းကာ ၁၅ ဒသမ ၅ ဘီလီယံ ပါတာကတ်စ် (အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ) အထိ ရောက်ရှိသွားကြောင်း လောင်းကစားဝိုင်းများ၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပေါ်တူဂီ၏ ကိုလိုနီနယ်မြေဟောင်းဖြစ်ခဲ့ပြီး တရုတ်နိုင်ငံ၌ ကာစီနိုလောင်းကစားလုပ်ငန်းများကို တရားဝင်ခွင့်ပြုထားသည့် တစ်ခုတည်းသော ဒေသဖြစ်သည့် မကာအိုတွင် လောင်းကစားဝိုင်းများမှ ရရှိသောဝင်ငွေမှာ ကိုးလဆက်တိုက် ကျဆင်းခြင်းဖြစ်သည်။ **အေပီ။**





# စင်ကာပူတွင် ဂျာမန်နှစ်ဦး ပြစ်မှုကျူးလွန်သဖြင့် ကြိမ်ဒဏ်နှင့် ထောင်ဒဏ်ချ

**စင်ကာပူ မတ် ၅**

စင်ကာပူနိုင်ငံတွင် ဂျာမန်နှစ်ဦးကို ပိုင်နက်ကျူးလွန်မှု၊ ပစ္စည်းဖျက်ဆီးမှုတို့ဖြင့် ကြိမ်ဒဏ်သုံးချက်နှင့် ထောင်ဒဏ်ကိုးလစီ ကျခံကြစေရန် အပြစ်ပေးလိုက်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အန်ဒရေဗွန်ကနိုရီးနှင့် အဲလ်တန်ဟင်(ဇ်)တို့က ဘူတာရုံအတွင်းသို့ ဝင်ရောက်၍ ရထားပေါ်တွင် စပရေးမှုတ်ဆေးဖြင့် အရုပ်များရေးဆွဲခဲ့မှုအတွက်အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်။

စင်ကာပူနိုင်ငံတွင် အလှအပဖျက်ဆီးမှုအပေါ် တင်းကျပ်သောဥပဒေများပြဋ္ဌာန်းထားသည်။ ယခင်ကလည်း အဆိုပါ ဥပဒေဖောက်ဖျက်မှုဖြင့် နိုင်ငံခြားသားများကို ကြိမ်ဖြင့်ရိုက်၍ အပြစ်ပေးခဲ့သည်။

အပြစ်ပေးခံရသူများတွင် ၂၀၁၀ ခုနှစ်တွင် ဆွစ်လူမျိုးတစ်ဦးနှင့် ၁၉၉၄ ခုနှစ်တွင် အမေရိကန်နိုင်ငံသားတစ်ဦးတို့လည်း ပါဝင်သည်။

ဗွန်ကနိုရီး (၂၂ နှစ်)နှင့် ဟင်(ဇ်) (၂၁)နှစ်တို့သည် ယမန်နှစ်က ဩစတြေးလျမှ စင်ကာပူသို့ လေယာဉ်ဖြင့် ရောက်ရှိလာပြီး စင်ကာပူ၌ နေထိုင်စဉ်အတွင်း ရထားတစ်စင်းကို စပရေးမှုတ်ဆေးဖြင့် ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

၎င်းတို့သည် စင်ကာပူမှ ထွက်ခွာသွားပြီးနောက် အိမ်နီးချင်းမလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူတွင် အဖမ်းခံရခြင်းဖြစ်သည်။ **ဘီဘီစီ။**

# အုပ်စုဖွဲ့အဓမ္မကျင့်ခံရသည့် အမျိုးသမီး၏မိဘများက ဘီဘီစီသတင်းဌာနကို ရှုတ်ချ

**နယူးဒေလီ မတ် ၅**

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် ၂၀၁၂ခုနှစ်က ဖြစ်ပွားခဲ့သော အုပ်စုဖွဲ့အဓမ္မကျင့်ခံရသည့် ဆယ်ကျော်သက်အမျိုးသမီး၏နာမည်နှင့်ဓာတ်ပုံကို ဘီဘီစီသတင်းဌာနမှ ထုတ်လွှင့်ခဲ့သောဗီဒီယိုဖိုင်တစ်ခုတွင် လူသိရှင်ကြားဖော်ပြခဲ့သည့်အတွက် အမျိုးသမီး၏မိဘများက ဘီဘီစီသတင်းဌာနကို ရှုတ်ချကြောင်း ယနေ့တွင် ဆန္ဒထုတ်ဖော်ခဲ့သည်။

"ဘီဘီစီကို သမီးရဲ့နာမည်နဲ့ဓာတ်ပုံကို မဖော်ပြဖို့ သေချာပြောထားခဲ့ပေမယ့် သူတို့တွေ ဖော်ပြခဲ့ကြတယ်" ဟု အမျိုးသမီး၏ဖခင်က မီဒီယာများကိုပြောသည်။ အိန္ဒိယအစိုးရက အမျိုးသမီး၏နာမည်နှင့်ရုပ်ပုံကို အတိအလင်းမဖော်ပြရန် တားမြစ်ခဲ့သော်လည်း ဘီဘီစီသတင်းဌာနက မတ် ၄ ရက်တွင် ထုတ်လွှင့်ခဲ့သည့်ဗီဒီယိုမှတ်တမ်းတွင် ဖော်ပြခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင်ဖြစ်ပွားခဲ့သည့် အုပ်စုဖွဲ့အဓမ္မကျင့်မှုတွင်ပါဝင်ခဲ့သူ ခြောက်ဦးအနက် တစ်ဦးကို အင်တာဗျူးခဲ့သည့်ဗီဒီယိုမှတ်တမ်းအား ထုတ်လွှင့်ခြင်းမပြုရန် အိန္ဒိယအစိုးရက တားမြစ်ပိတ်ပင်ထားသည်။ ယင်းဗီဒီယိုဖိုင်ကို 'အိန္ဒိယရဲ့သမီးပျို'ဟု နာမည်တပ်ထားသည်။

၂၀၁၂ ခုနှစ် နယူးဒေလီမြို့တောင်ဘက်တွင် ၂၃ နှစ်အရွယ်ဆေးတက္ကသိုလ်ကျောင်းသူအား လူခြောက်ဦးက ဘတ်စ်ကားပေါ်တွင် အုပ်စုဖွဲ့အဓမ္မကျင့်ခဲ့ရာ ယင်းကျောင်းသူမှာ အတွင်းပိုင်းထိခိုက်ဒဏ်ရာများကြောင့် သေဆုံးသွားခဲ့သည်။ **ဆင်ဟွာ။**

# အိုင်အက်စ်များတိုက်ခိုက်ပြီးနောက် လစ်ဗျားရေနံတွင်း ၁၁ တွင်း လည်ပတ်နိုင်ခြင်းမရှိ

**ထရီပိုလီ မတ် ၅**

လစ်ဗျားနိုင်ငံပိုင် ရေနံကော်ပိုရေးရှင်းက အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး(အိုင်အက်စ်)စစ်သွေးကြွများ တိုက်ခိုက်ခံရပြီးနောက် နိုင်ငံတွင်းရှိ ရေနံတွင်း ၁၁ တွင်းမှာ လည်ပတ်နိုင်ခြင်းမရှိကြောင်း ထုတ်ပြန်ကြေညာသည်။

အဆိုပါ ကော်ပိုရေးရှင်းက ၎င်း၏ ဝက်ဘ်ဆိုက်တွင် မတ် ၄ ရက်က ထုတ်ပြန်သည့် ကြေညာချက်တွင် အခြားသော မြို့အဝင်/အထွက် ဂိတ်ပေါက်များနှင့် အခြေခံအဆောက်အအုံများအပေါ် ကျရောက်နိုင်သည့် အန္တရာယ်များကိုလည်း သတိပေးဖော်ပြထားသည်။

လစ်ဗျားအမျိုးသားရေနံကော်ပိုရေးရှင်းက လစ်ဗျားရေနံတွင်းများ၏ လုံခြုံရေးဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို ပန်ကြားထားသော်လည်း လစ်ဗျားရေနံတွင်းများတွင် ရေနံများခိုးယူမှု၊ လုယက်တိုက်ခိုက်မှုနှင့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ မြင့်တက်လျက်ရှိသည်။

မတ် ၄ ရက်က အယ်လ်-ဒါဟာရာရေနံတွင်း တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ လစ်ဗျားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများကို ပြစ်တင်ဝေဖန်ခဲ့သည်။ အယ်လ်-ဒါဟာရာ ရေနံတွင်းတိုက်ခိုက်မခံရမီကလည်း အလားတူ ရေနံတွင်း သုံးတွင်း တိုက်ခိုက်ခံခဲ့ရသည်။ ယင်းတိုက်ခိုက်မှုများတွင် လုံခြုံရေးဝန်ထမ်း ၁၀ ဦး အသတ်ခံခဲ့ရပြီး နိုင်ငံခြားသား ခုနစ်ဦး အဓမ္မခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ **အေပီ။**

# တူရကီဂျက်တိုက်လေယာဉ် လေ့ကျင့်စဉ် ပျက်ကျ၊ လေယာဉ်မှူးနှစ်ဦး သေဆုံး

**အန်ကာရာ မတ် ၅**

တူရကီနိုင်ငံအလယ်ပိုင်း အနာတိုလီယန်နယ်မြေ ကိုညာမြို့တော်အနီး၌ တူရကီစစ်လေယာဉ်တစ်စင်း ပျက်ကျရာ လေယာဉ်ပေါ်ပါ လေယာဉ်မှူးနှစ်ဦး သေဆုံးသွားကြောင်း၊ ယင်းလေယာဉ်ပျက်ကျမှုမှာ တူရကီလက်နက်ကိုင်တပ်ဖွဲ့အတွက် ရက်သတ္တနှစ်ပတ်အတွင်း ဒုတိယမြောက် လူအသေအပျောက်ရှိသည့် မတော်တဆဖြစ်ရပ်ဖြစ်ကြောင်း တပ်မတော်က မတ်လ ၅ ရက်နေ့တွင် ပြောကြားသည်။

*F-4E* လေယာဉ်သည် စီစဉ်ထားသည့် လေ့ကျင့်ရေးခရီးစဉ်တစ်ခုအတွက် ဒေသစံတော်ချိန် နံနက် ၉ နာရီက အက်စကီဆီဟာ လေတပ်အခြေစိုက်စခန်းမှ ပျံတက်လာပြီး တစ်နာရီနီးပါးအကြာတွင် ထိုးကျသွားခဲ့ကြောင်း တူရကီစစ်ဦးစီးချုပ်က ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။ လေယာဉ်မှာ အကြောင်းရင်းမသိရဘဲ ကိုညာမြို့တော်တွင် ပျက်ကျသွားပြီး လေယာဉ်မှူးနှစ်ဦး သေဆုံးသွားကြောင်း၊ ပျက်ကျရသော အကြောင်းရင်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုတစ်ခု စတင်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ ထုတ်ပြန်ချက်က ဆိုသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၄ ရက်က မာလတ်ယာပြည်နယ်၌ လူလေးဦး သေဆုံးခဲ့သည့် လေ့ကျင့်ရေးဂျက်လေယာဉ်နှစ်စင်း ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန်လည်း ဆောင်ရွက်လျက်ရှိသည်။ တူရကီနိုင်ငံမှာ နေတိုးအဖွဲ့တွင် ဒုတိယမြောက် စစ်အင်အားအကြီးမားဆုံး ပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပြီး ယင်းလေတပ်မှာ ပြဿနာဖြစ်ပေါ်နေသည့် ဆီးရီးယားနှင့် အီရတ်နယ်စပ်များတွင် ကင်းလှည့်စောင့်ကြပ်ရာ၌ တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်နေသည်။



**ရိုက်တာ။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။



ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်။

## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာများသည် အရှုံးမရှိဘဲ အမြတ်ထွက်နေ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒီဇင်ဘာလကုန်အထိ အမြတ်ငွေ (၆)ဘီလီယံကျော် ရရှိပြီးဖြစ်။

❖ **ရွှေဖုံးမှ**

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်**က သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာများသည် အရှုံးမရှိဘဲ အမြတ်ထွက်နေပါကြောင်း၊ ၃၁-၁-၂၀၁၅ ရက်ထုတ် သတင်းစာများတွင် တရားဝင်ဖော်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေမပါ အမြတ်ငွေ(၆)ဘီလီယံကျော် သတင်းစာများက ရရှိခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေမပါ အမြတ်ငွေ (၆)ဘီလီယံကျော်ရရှိခဲ့ပြီး ဝင်ငွေခွန်နှင့် နိုင်ငံတော် ထည့်ဝင်ငွေနုတ်ပါက အမြတ်ငွေကျပ် (၃)ဘီလီယံကျော် ရရှိခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒီဇင်ဘာလကုန်အထိ အမြတ်ငွေ (၆)ဘီလီယံကျော် ရရှိပြီးဖြစ်ပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်ကုန်ချိန်တွင် ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေနုတ်ပြီး အမြတ်ငွေ (၄)ဘီလီယံကျော် ရရှိနိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ထို့ကြောင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် သတင်းစာများကို အများပြည်သူဝန်ဆောင်မှုသတင်းစာများအဖြစ် ပြောင်းလဲရန်ရည်ရွယ်ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေမှ ဆုံးရှုံးခြင်း မရှိကြောင်းနှင့် စီမံကိန်းဆောင်ရွက်နေမှုသည် ခိုင်မာလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်**က ကျန်းမာရေးဝန်ကြီးဌာနသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ဘတ်ဂျက်၏ (၂၅)ရာခိုင်နှုန်းသုံးစွဲရန်လျာထားပြီး ဆေးကုသမှုလုပ်ငန်းများအတွက် (၆၆)ရာခိုင်နှုန်းသုံးစွဲရန် လျာထားပါကြောင်း၊ တစ်နည်းအားဖြင့်ဆိုလျှင် ဘတ်ဂျက်၏ (၉၀)ရာခိုင်နှုန်းခန့်ကို ပြည်သူများအတွက် တိုက်ရိုက်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုပေးသည့် နေရာများတွင် သုံးစွဲမည်ဖြစ်ပြီး ကျန်(၁၀)ရာခိုင်နှုန်းကို လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရန် (၄ ဒသမ ၅)ရာခိုင်နှုန်းခန့်နှင့် အုပ်ချုပ်ထောက်ပံ့မှု၊ သုတေသနလုပ်ငန်းများ (၄)ရာခိုင်နှုန်းခန့် သုံးစွဲရန် လျာထားပါကြောင်း၊ ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် ဘတ်ဂျက်ခွဲဝေမှုသည် (၂၅)ရာခိုင်နှုန်းသာ ရှိသော်လည်း ပြည်တွင်း ပြည်ပမှရရှိသည့် အကူအညီအထောက်အပံ့အများစုသည် ပြည်သူ့ကျန်းမာရေးကဏ္ဍသို့ ရောက်ရှိသည့်အတွက် လုပ်ငန်းပမာဏတွင် ကုသရေးကဏ္ဍနှင့် တန်းတူရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် တက္ကသိုလ်များ၌ ပညာရှင်တစ်ဦးဖြစ်လာရန် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ လေ့ကျင့်သင်ကြားပေးရာတွင် နိုင်ငံတော်၏စိုက်ထုတ်ကုန်ကျငွေသည် ကျပ်သိန်း(၄၀)မှ (၁၁၀)ခန့်အထိရှိပါကြောင်း၊ ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းအသီးသီးကို ဘာသာရပ်နယ်ပယ်စုံစွာ သင်ကြားလေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ နှစ်စဉ်ဘွဲ့လွန် ဘာသာရပ်များ တိုးချဲ့ခြင်း၊ သင်တန်းသားအရေအတွက် တိုးမြှင့်ခြင်းသာမက ပညာရှင်လိုအပ်ချက်ကို လတ်တလော ဖြည့်ဆည်းနိုင်ရန် ဒီပလိုမာသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

**ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်**က ပညာရေးဝန်ကြီးဌာနတစ်ခုတည်း၏ အသုံးစရိတ်ကိုသာ ပညာရေးအသုံးစရိတ်အဖြစ် တိုင်းတာသတ်မှတ်နေပါကြောင်း၊ပညာရေးဝန်ကြီးဌာန တစ်ခုတည်း၏ အသုံးစရိတ်သာမက တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် အထက်တန်းကျောင်းများရှိကြသည့် ဝန်ကြီးဌာနများ၏ ပညာရေးနှင့်သက်ဆိုင်သည့် အသုံးစရိတ်များအားလုံးကိုလည်း ပညာရေးအသုံးစရိတ်အဖြစ် ထည့်သွင်းတွက်ချက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ ပညာရေးအသုံးစရိတ်တွက်ချက်မှုများကို လေ့လာပြီး နှိုင်းယှဉ်သုံးသပ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်သည် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ရငွေတိုးတက်မှုအခြေအနေ လျော့ကျခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အခွန်အကောက်ရငွေကို တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း သုံးငွေထိန်းချုပ်နိုင်ရန် အသုံးစရိတ်များကို တင်းတင်းကျပ်ကျပ် စိစစ်ခဲ့ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းလစာတိုးမြှင့်မှုနှင့်အတူ အခြားသော ဘေးထွက်သက်ရောက်မှုများကို ရင်ဆိုင်ရမည်ဖြစ်ပါကြောင်း၊ ယင်းကိစ္စများကို ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒများနှင့် ဆက်လက်ထိန်းကျောင်းသွားရမည်ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များသည် ထိလွယ်ရှလွယ်သောကိစ္စများဖြစ်ပါကြောင်း၊ မလိုလားအပ်သော နောက်ဆက်တွဲ အကျိုးဆက်များကို ရှောင်ရှားနိုင်ရန်အတွက် ထိန်းသိမ်းဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းလစာနှင့် အလုပ်သမားလုပ်ခလစာများသည်လည်း ဆက်စပ်နေပါကြောင်း၊ ထို့ကြောင့် အခြေအနေကို တွက်ဆဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းလစာနှုန်းထားကိစ္စကို ယခုလာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်ခံစားခွင့်ပြုနိုင်ရေးအတွက် အစိုးရအဖွဲ့အနေဖြင့် ဆုံးဖြတ်အတည်ပြုပြီးပါက ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ ဝန်ထမ်းများ၏ လစာအပြင် အခြားသော အထောက်အပံ့ ခံစားခွင့်များဖြစ်သည့် ပညာရေးအထောက်အပံ့နှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ နေထိုင်ရေးနှင့် ဝန်ထမ်းများ စုဆောင်းရန်ပုံငွေထူထောင်ရေးကိစ္စများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့အတူ သမဝါယမဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့ကြသည်။

**(သတင်းစဉ်)**

---

✱ **နေရောင်ခြည်မှ**

မီဒီယာတွေ့ဆုံပွဲများ စီစဉ်ထားကြောင်း၊ နေရောင်ခြည်စွမ်းအင်ဖြင့် နေ့အချိန်နှင့်ညအချိန်များတွင် ပျံသန်းနိုင်သည့် တစ်မျိုးတည်းသော လေယာဉ်စီမံကိန်းဖြစ်ကြောင်း သိရသည်။

လေယာဉ်အား ခေတ်မီဖန်တီးတည်ဆောက်ထားပုံတို့ကို လေဆိပ်တွင် ရပ်နားစဉ် နှစ်ရက်အတွင်း တစ်ရက်လျှင် တက္ကသိုလ်ကျောင်းသားကျောင်းသူ ၂၀၀၊ အထက်တန်းကျောင်းသား ၁၅၀ နှင့် စိတ်ဝင်စားသူပြည်သူ ၂၁၀ စုစုပေါင်း ၇၆၀ တို့အား ရှင်းလင်းတင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသည့် ပြည်သူများက မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေး စီမံကိန်းဦးစီးရုံး ဖုန်း-၀၂-၃၆၃၆၂ သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း၊ လေယာဉ်လေ့လာသူများအား မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် စုရပ်ဖြစ်သော အထက(၁၆)၌ သတ်မှတ်ချိန်အမီ ရောက်ရှိရမည်ဖြစ်ပြီး လေ့လာသူများအား မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

ဥတုရာသီ
တောကိုမို၏




ဦးရဲမင်းပိုင် နွေသင်ရိုးကုန်
(သချာ်)
၉တန်း၊ ၁၀တန်း (သိပ္ပံ၊ ဝိပ္ပံ) ဘာသာစုံ
၈တန်း (တိုင်းစစ်)ဘာသာစုံနှင့်
သင်္ချာ၊ အင်္ဂလိပ်သီးသန့်
မတ်လ၈ဖြို
နေ့စဉ် ၁၂:၃၀ မှ ၃:၃၀
၁၆၅၊ဆိပ်ကမ်းသာလမ်း(လယ်)၊ကျောက်တံတား၊ပန်းဆိုးတန်းမှတ်တိုင်အနီး။ဖုန်း-၀၉-၇၃၁၆၁၁၄၀

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်၊ သက္ကယ်ကုန်း၊ ခမတ်စားကျက်ကွင်း(အင်န် ၅၅)၊ ဧရိယာ (၁၀၀. ၉၁)နှင့် (အင်န်-၅၆)၊ ဧရိယာ(၇၂. ၀၉) စုစုပေါင်းဧရိယာ (၁၇၃. ၀၀)ဟုခေါ်တွင်သော လ/န(၃၉)ကျပြီး၊ကေ(၁၇၃)ကေရှိသော မြေနှင့် တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်၊သက္ကယ်ကုန်းကွင်း၊ ခမတ်စားကျက်ကွင်း၊ ကွင်းအမှတ်(၇၇၄/အေ)၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ(၁၁. ၈၁)၊ ဦးပိုင်အမှတ်(အင်န်-၉)၊(အင်န်-၁၁)(အင်န်-၁၂)၊(အင်န်-၁၃)၊(အင်န်-၁၄)၊ (အင်န်-၁၅)၊(အင်န်-၁၈)၊(အင်န်-၁၉)ရှိအမည်ပေါက် လုပ်ကိုင်ခွင့်ရရှိထားသော စုစုပေါင်း(၁၅၁) ဧကရှိ လယ်မြေကို အမည်ပေါက် လုပ်ကိုင်ခွင့်ရရှိ ထားသူထံမှ ကျွန်ုပ်တို့၏ အမှုသည်ကအပြီးအပိုင်လွှဲ ပြောင်းဝယ်ယူမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ လ/န (၃၉) ကျပြီးမြေနှင့် လယ်မြေ တို့နှင့်ပတ်သတ်၍ ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံ သည့်အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ် ကိုအပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးခင်ညွန့်(၁၇၀၁)၊ဒေါ်ရီရီတင်(၁၉၉၅)
တရားလွှတ်တော်ရှေ့နေများ

ရုံးခန်း(၁)အမှတ်(၅၅)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရုံခန်းအမှတ်(၂)အမှတ်(၉၀)၊ လမ်း(၄၀) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၁၇၅၅၊၀၉-၇၃၀၀၉၆၄၄၊၅၀၁၁၅၇၁၊၅၀၁၈၃၄၅၊၆၈၀၁၂၃

***National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မှိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။***

# စေတနာစကားဆိုပါရစေ

**မောင်ခိုင်မာ(အထက်မင်းလှ)**

**ဒီမိုကရေစီ၏ အနှစ်သာရကျင့်စဉ်တို့နှင့်အညီ လက်တွဲနှုတ်ဆက် အပြုံးမပျက်ဘဲ ပိုမိုကောင်းမွန်သော ပညာရေးစနစ် ဖြစ်ပေါ်ရေးလမ်းကြောင်းပေါ်သို့ တွဲလက်ခိုင်ခိုင်ဖြင့် ဆက်လက်လျှောက်လှမ်းသင့်။**

ယနေ့မြန်မာနိုင်ငံတွင် အမျိုးသားပညာရေးဥပဒေအပေါ် လူအများ စိတ်ဝင်တစားရှိနေကြသည်။ အမျိုးသားပညာရေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေသည်လည်း ဖြစ်၏။ သို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ ပကတိအရှိတရားများကို အခြေခံကာ လက်တွေ့ကျသော ပညာရေးစနစ်ဖြစ်ပေါ်ရေးကို ၂၀၁၂ ခုနှစ်ကတည်းက စတင်နေခဲ့သည်ဟု သိရသည်။

**မြန်မာ့ပညာရေးသမိုင်းကြောင်း**

မြန်မာ့ပညာရေးသမိုင်းအစ ဘုန်းတော်ကြီးသင်ပညာရေးက ဟုဆိုနိုင်ပါသည်။ ပညာမင်းကြီးဦးကောင်းက ဘုန်းတော်ကြီးကျောင်းပညာရေးကို အမျိုးသားပညာရေးဟု ပြောဆိုအသိအမှတ်ပြုခဲ့သည်။ သူ့ကျွန်ဘဝတွင် ကိုလိုနီပညာရေးဖြစ်ခဲ့၏။ အလယ်တန်းအဆင့်ကျောင်းများကိုသာ ဖွင့်လှစ်ပေးခဲ့ပြီး ၁၈၇၄ ခုနှစ်တွင်မှ ရန်ကုန်မြို့၌ အစိုးရအထက်တန်းကျောင်း တစ်ကျောင်း၊ ၁၈၈၄-၁၈၈၅ ခုနှစ်တွင် ရန်ကုန်ကောလိပ်နှင့် ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်ပေးခဲ့သည်။ သို့သော် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်သော ရန်ကုန်ကောလိပ်နှင့် ယုဒသန် ကောလိပ်ကျောင်းများက အမျိုးသားကျောင်းများနှင့် အမျိုးသားကောလိပ်များ ထူထောင်လာခဲ့သောကြောင့် အမျိုးသားပညာရေးသည် အထူးအရေးပါလာသည်။

ဖက်ဆစ်ဂျပန်လက်အောက်ပညာရေးစနစ်တွင် အထွေထွေပညာရေးဗျူရိုက တက္ကသိုလ်များ၊ ကျောင်းများ၏ ပညာရေးကိစ္စအားလုံးကို ကိုင်တွယ်ခဲ့သည်။ သို့သော် ထူးခြားချက်မှာ မြန်မာအမျိုးသားဦးချိုအား ပညာမင်းကြီးခန့်အပ်ခြင်း၊ ကျောင်းဘာသာရပ်များကို မြန်မာစာဖြင့် သင်ကြားစေခြင်း၊ အင်္ဂလိပ်ဘာသာသင်ကျောင်းနှင့် အင်္ဂလိပ်+တိုင်းရင်း နှစ်ဘာသာသင်ကျောင်းများအား ဖျက်သိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် အမျိုးသားရေးလက္ခဏာဆောင်သော ပြောင်းလဲမှုဟု ဆိုနိုင်သည်။

လွတ်လပ်ရေးရပြီးခေတ်တွင် အင်္ဂလိပ်တို့ သယ်လာခဲ့သော ဆင်းမလားပညာရေးကို မြန်မာလူထုက လက်မခံသောအခါ၊ လွတ်လပ်ရေးရပြီး (၉)လခန့်အကြာတွင် “ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာသင်ကြားရေးစီမံကိန်း” ဟူသော ပညာရေးမူဝါဒတစ်ရပ်ကို ချမှတ်ကျင့်သုံးခဲ့သည်။ ထိုစီမံကိန်းအရ “မူလတန်းပညာရေး”သည် (အခမဲ့မသင်မနေရ ပညာရေး)ဖြစ်သည်။ ၁၉၅၁ ခုနှစ်ထိ အတန်းများအားလုံးကို အခလွတ်ပညာရေးအဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ပညာမင်းကြီး ဦးကောင်း၊ ဦးသိန်းဟန်(ဆရာဇော်ဂျီ)အပါအဝင် ပညာရှင် ခြောက်ဦးပါဝင်သော “ပညာစုံစမ်းလေ့လာရေးမစ်ရှင်အဖွဲ့”ကို အင်္ဂလန်၊ အမေရိကန်အပါအဝင် နိုင်ငံ (၅)နိုင်ငံသို့ စေလွှတ်ခဲ့သည်။ ၎င်းအဖွဲ့ပြန်ရောက်သောအခါ “ဘဝသစ်ဖန်တီးမှု ပြည်တော်သာစီမံကိန်း”ခေါင်းစဉ်ဖြင့် အစီရင်ခံစာတင်သွင်းခဲ့သည်။

လမ်းစဉ်ပါတီခေတ်တွင် အခြေခံပညာကို လူတိုင်းသင်ယူခွင့်ရရှိရေးနှင့် စာမတတ်သူပပျောက်ရေး၊ (အ-သုံးလုံးစီမံကိန်းများ)ကို ဆောင်ရွက်ခဲ့သည်။ ၁၉၇၅-၁၉၇၆ ပညာသင်နှစ်မှစတင်၍ တက္ကသိုလ်စာပေးစာယူသင်တန်းများ ဖွင့်လှစ်ပေးခဲ့သည်။ လုပ်သားကောလိပ်နှင့် တက္ကသိုလ်ညနေသင်တန်းများကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၇၉ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်များတွင် ပညာရေးဆိုင်ရာဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းပြီးနောက် တပ်မတော်အစိုးရလက်ထက်တွင်လည်း အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ပညာရေးမူဝါဒများကို ခေတ်စနစ်နှင့်အညီ ရေးဆွဲချမှတ်ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့်လည်း ပညာရေးမြှင့်တင်မှု လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း၊ စုဖွဲ့ဆွေးနွေးခြင်းများ ပြုလုပ်ပြီး အမျိုးသားပညာရေးမူဝါဒနှင့် အမျိုးသားပညာရေးဥပဒေများကို ချမှတ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

**အမျိုးသားပညာရေးဥပဒေပေါ်ပေါက်လာပုံ**

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရအဖွဲ့သည် ပညာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်မှု(Comprehensive Education Sector Review-CESR)ကို နိုင်ငံတော်ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း ကိုးဖွဲ့၊ ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ၂၀၁၂ ခုနှစ် ဩဂုတ်လမှ စတင်၍ အဆင့်(၁) အချိန်တိုအတွင်း အကဲဖြတ်ခြင်း၊ အဆင့်(၂) အသေးစိတ်လေ့လာဆန်းစစ်ခြင်း၊ အဆင့်(၃) ပညာရေးကဏ္ဍစီမံကိန်းရေးဆွဲတင်ပြခြင်း စသည့် အဆင့်များဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ရာ (၇-၁၀-၂၀၁၃)ရက်နေ့တွင် ကျင်းပသည့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲရေးဆွေးနွေးပွဲမှအစပြု၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်မှု(CESR)အပေါ် အကြံပြုထောက်ခံချက်များနှင့်အညီ အမျိုးသားပညာရေးမူဝါဒနှင့် အမျိုးသားပညာရေးဥပဒေ(မူကြမ်း) ရေးဆွဲမှုကို(၁၈-၁၀-၂၀၁၃) ရက်နေ့မှ စတင်၍ (၅)လတာကြာအောင် ပြည်တွင်း ပြည်ပ ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဆရာနှင့်ကျောင်းသားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ၊ Stakeholder များနှင့် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးပြီးမှ အမျိုးသားပညာရေးဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ဆင့် လွှတ်တော်သို့တင်ပြခဲ့ကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် အသေးစိတ်ဆွေးနွေးခဲ့ကြပြီး (၃၀-၉-၂၀၁၄)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၁)ဖြင့် အတည်ပြုပြဌာန်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ပြင်ဆင်ပေးဖို့တောင်းဆို**

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် ကျောင်းသားများက အမျိုးသားပညာရေးဥပဒေကို ရက်ပေါင်း (၆၀) အတွင်း ပြင်ဆင်ရေးညှိနှိုင်းပေးပါရန် တောင်းဆိုကြသည်။ ပြုပြင်လိုသည့်အချက်များကို သက်ဆိုင်ရာသို့ ဆွေးနွေးတင်ပြခွင့်တောင်းဆိုသော်လည်း ရက်ပေါင်း(၆၀)အတွင်း ပြန်ကြားခြင်းမရှိ၍ (ဗကသ) ကျောင်းသားအချို့က ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် မန္တလေးမြို့ ရတနာပုံတက္ကသိုလ်မှ စတင်လမ်းလျှောက်သပိတ်မှောက်ကြသည်။ အဆိုပါသပိတ်သည် မြင်းခြံခရိုင်သို့ ရောက်ရှိကာ တက္ကသိုလ်ကျောင်းသားများသမဂ္ဂ စသည့် ကျောင်းသားများက သပိတ်လမ်းကြောင်းတွင်ပါလာပြီး ရန်ကုန်သို့ လမ်းလျှောက်ချီတက်ကြရာ အမျိုးသားပညာရေးဖြစ်စဉ်ကို ထိခိုက်မည်စိုး၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းဦးဆောင်သော အဖွဲ့က ကျောင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ရှေ့ပြေး တွေ့ဆုံမှုကို ဇန်နဝါရီ ၂၈ ရက်တွင် ပြုလုပ်ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးကြသည်။ ဖေဖော်ဝါရီ ၆ ရက်နှင့် ၉ ရက်များတွင်လည်း ဆက်တိုက်တွေ့ဆုံဆွေးနွေးကြသည်။ တတိယအကြိမ်မြောက် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျင်းပရာ ကျောင်းသားများတောင်းဆိုသည့် အချက်(၁၁)ချက်ကို သဘောတူခဲ့သည်။ National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မှိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့တင်ပြရန် ဖေဖော်ဝါရီ ၁၄ ရက်နေ့က သဘောတူညီခဲ့ကြပြီး (၂၀-၂-၂၀၁၅)ရက်တွင် လွှတ်တော်သို့ တင်ပြခဲ့သည်။ အဆိုပါ ဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မတ် ၃ ရက်မှ ၁၅ ရက်အထိ ကြားနာမည့် အစီအစဉ်များကိုလည်း ထုတ်ပြန်ကြေညာထားပါသည်။

**ဗကသများအဖွဲ့ချုပ်၏ ဆောင်ရွက်မှု**

အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်၍ ကျောင်းသားထု အရေးပေါ်အစည်းအဝေးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂၊ ၁၃ ရက်တို့တွင် ရန်ကုန်မြို့ နာရေးကူညီမှုအသင်းရုံး၌ ဗကသများအဖွဲ့ချုပ်နှင့် တက္ကသိုလ်ကျောင်းသားများသမဂ္ဂတို့ ပူးပေါင်းပြုလုပ်ခဲ့ပြီး ကျောင်းသားသပိတ်တိုက်ပွဲဆင်နွှဲရန် ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီကို ဖွဲ့စည်းခဲ့သည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်ထိ ရန်ကုန်မြို့ ဆူးလေ၊ ရွှေတိဂုံဘုရားနှင့် လှည်းတန်းတွင် ဗကသနှင့် တကသကျောင်းသားများက (၄)ရက်ကြာ သပိတ်မှောက်ဆန္ဒပြကြသည်။ ဗကသများအဖွဲ့ချုပ်နှင့် တက္ကသိုလ်ကျောင်းသားသမဂ္ဂများ ပူးပေါင်းပါဝင်ကာ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ၏ ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် အမျိုးသားပညာရေးဥပဒေဆိုင်ရာ စာတမ်းဖတ်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ရန်ကုန်မြို့ နာရေးကူညီမှုအသင်းရုံး၌ ပြုလုပ်ရာ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်(NNER)၊ တက္ကသိုလ်ဆရာများသမဂ္ဂနှင့် ဥပဒေပညာရှင်များ၊ စာပေပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ဗကသများအဖွဲ့ချုပ်က ဦးဆောင်၍ အမျိုးသားပညာရေးဥပဒေကန့်ကွက်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် မြို့တော်ခန်းမရှေ့၌ ပြုလုပ်ခဲ့ပြီး ဗကသကျောင်းသားများက အမျိုးသားပညာရေးဥပဒေစာသားပါ အစိမ်းရောင်ကတ်ထူပြားကို ဝိုင်းဝန်းနင်းခြေပြီး ခေါင်းဆီလောင်းမီးရှို့ကာ ၎င်းတို့၏ သဘောထားကို ပြသခဲ့ကြောင်း သိရသည်။

**ပြင်ဆင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ဖော်ပြပေးသဖြင့် သံဃာအဖွဲ့အစည်းများအပါအဝင် အလွှာအသီးသီးမှ စိတ်ပါဝင်စားသူများက သုံးသပ်အကြံပြုကြသည်။ အားလုံး၏ စိတ်ဆန္ဒမှာ မြန်မာနိုင်ငံပညာရေးအဆင့်မြင့်စေလိုခြင်းဆိုသည်ကတော့ ငြင်းပယ်၍မရပါ။ လက်ရှိအခြေအနေတွင် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် ပတ်သက်၍ ကျောင်းသားသမဂ္ဂများဖွဲ့စည်းရေးကိစ္စ၊ ကျောင်းအုပ်ချုပ်ရေးကိစ္စ၊ ဆရာ ဆရာမများအပေါ် ကျောင်းသား ကျောင်းသူများ၏ အကဲဖြတ်မှုကိစ္စ၊ မိမိတက်လိုသည့်ကျောင်းကို လွတ်လပ်စွာရွေးချယ်တက်ရောက်ခွင့်ကိစ္စ၊ အလွတ်ကျက်ပညာသင်ကြားရေးကိစ္စ၊ ဆွံ့အနားမကြားများ စာသင်ကြားရေးကိစ္စ၊ ပါတီဝင်ခွင့်ကိစ္စ၊ မိခင်ဘာသာစကားကိစ္စ၊ ဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်သော ပညာရေးကျောင်းများကိစ္စ၊ ပညာရေးဘတ်ဂျက်ကိစ္စ၊ ပညာရေးသင်ရိုးညွှန်းတမ်းကိစ္စ၊ ဗဟိုချုပ်ကိုင်မှုကိစ္စ၊ အခမဲ့ပညာသင်ကြားရေးကိစ္စစသည့် အကြောင်းခြင်းရာများအပေါ် အကြံပြုသုံးသပ်ဝေဖန်နေကြခြင်းဖြစ်သည်။ NNER ကလည်း ဥပဒေကြမ်းတွင် ဖော်ပြထားသည့်အချက်များသည် NNER မှ သုံးနှစ်နီးပါး ကြိုးပမ်းဆောင်ရွက်ခဲ့သော ပညာရေးမူဝါဒနှင့် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲရလဒ်များကို အခြေခံထားသည်ဟုဆို၏။

အမျိုးသားပညာရေးဥပဒေအပေါ် ဆန္ဒပြနေကြသည့် ယခုကာလသည် စာမေးပွဲရာသီဖြစ်သည့်အတွက် ကျောင်းတွင်းတည်ငြိမ်အေးချမ်းမှု၊ စာမေးပွဲရက်ရွှေ့ဆိုင်းရခြင်း၊ ကျောင်းပိတ်ရခြင်းများဖြစ်နိုင်၊ မဖြစ်နိုင်စသည်တို့အပေါ် အများစုက စိုးရိမ်စိတ်ဝင်လာကြသည်။ အထူးသဖြင့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူအချို့က ဆန္ဒပြအဖွဲ့များတွင် ပါဝင်နေသည့်ကိစ္စဖြစ်၏။ ဆန္ဒပြအဖွဲ့တွင် ပါဝင်နေသည့် တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများအတွက် သီးခြားစာမေးပွဲရက် တောင်းဆိုသွားမည်ဟုလည်း ကြားသိနေရသည်။ မည်သို့ဆိုစေ စိုးရိမ်ဖွယ်ရာဖြစ်၏။

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၏ အကြံပြုချက်**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့၏ အကြံပြုချက်ကို ဖေဖော်ဝါရီ ၂၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖတ်ရှုရသည်။ ညီညွတ်မျှတ၊ ကြောင်းကျိုးဆီလျော်ဖြစ်သင့်ဖြစ်အပ်သော သုံးသပ်ချက်ဖြစ်၍ ပါဝင်ပတ်သက်သူအားလုံးက အလေးဂရုပြုသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

**အကယ်၍---**

အမျိုးသားပညာရေးနှင့် ပတ်သက်၍ ပါဝင်ပတ်သက်သူအားလုံးက နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး(Education Reform Is the Modernization Drive for Country)ဟူသော ခံယူချက်ထားရှိပြီး နိုင်ငံတကာအဆင့်မြင့်ပညာရပ်များကို ဆက်နွှယ်ပူးပေါင်းမှုလုပ်ငန်းစဉ်များ (Internationalization of Higher Education Process)တွင် ချိတ်ဆက်ပါဝင်နိုင်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်နေသည့် ကာလဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ CESR လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် National Education Sector Plan - NESP ကိုရေးဆွဲခြင်းနှင့် အမျိုးသားပညာရေးဥပဒေနှင့်နှီးနွှယ်သော နည်းဥပဒေများ ရေးဆွဲနေသည့်ကာလဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် အခြေခံပညာအဆင့်အားလုံးအခမဲ့ပညာရေးအဖြစ် ဆောင်ရွက်ရေး၊ ကျောင်းထောက်ပံ့ကြေးပေးအပ်ခြင်း၊ ထူးချွန်ကျောင်းသားချီးမြှင့်ခြင်း၊ ဆင်းရဲနွမ်းပါးကျောင်းသားထောက်ပံ့ခြင်း စသည်တို့ဖြင့် ပညာရေးအသုံးစရိတ်များကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ ဤကာလတွင် ယခုဖြစ်စဉ်ဖြစ်ရပ်များ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ အမှန်တကယ်အားဖြင့် နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောပညာရေးဥပဒေကို အတိုင်းအတာတစ်ခုအထိ အချိန်ယူဆောင်ရွက်သင့်ပါသည်။

အကယ်၍ လွှတ်တော်၏ အဆုံးအဖြတ်သည် တစ်ဖွဲ့ဖွဲ့၊ တစ်ဖက်ဖက်၊ တစ်ဦးဦး၏ ဆန္ဒသဘောထားနှင့် ကွဲလွဲခဲ့ပါငြား ဒီမိုကရေစီ၏အနှစ်သာရကျင့်စဉ်တို့နှင့်အညီ လက်တွဲနှုတ်ဆက်အပြုံးမပျက်ဘဲ ပိုမိုကောင်းမွန်သော ပညာရေးစနစ်ဖြစ်ပေါ်ရေး လမ်းကြောင်းပေါ်သို့ တွဲလက်ခိုင်ခိုင်ဖြင့် ဆက်လက်လျှောက်လှမ်းသင့်ပါကြောင်း စေတနာစကားဆိုပါရစေ။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ငွေကြေးဖောင်းပွမှုကို ထိန်းရန် အသုံးစရိတ်လျှော့ချခြင်းနှင့် အခွန်အခြေခံချဲ့ထွင်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်

**နေပြည်တော် မတ် ၅**

နိုင်ငံ့ဝန်ထမ်းများလစာကို အဆင့်အတန်းနှင့်လျော်ညီပြီး လက်ရှိနေထိုင်စားသောက်စရိတ်နှင့် လိုက်လျောညီထွေမည့် လစာသို့ ပြင်ဆင်တိုးမြှင့်သတ်မှတ်ပေးသည့် အချိန်တွင် နိုင်ငံတော်၏ ဘတ်ဂျတ်အသုံးစရိတ်တိုးလာခြင်းကြောင့် ဗဟိုဘဏ်က ငွေကြေးထုတ်ဝေ ဖြည့်ဆည်းပေးရပါက ငွေကြေးပမာဏ ငွေကြေးဖောင်းပွမှုတိုးလာမည်ဖြစ်ပါကြောင်းဖြင့် **မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး**က လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့်၏ မေးခွန်းအပေါ် ဖြေကြားသည်။

**ဒေါက်တာဝင်းမြင့်က နိုင်ငံ့ဝန်ထမ်းများ လစာကို ပြင်ဆင်သတ်မှတ်တိုးမြှင့်သတ်မှတ်ပေးရာတွင် နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် ကုန်ဈေးနှုန်းတက်ခြင်း၊ ငွေကြေးဖောင်းပွခြင်းကိစ္စများ ဖြစ်ပေါ်လာနိုင်ခြင်းမရှိအောင် စီမံချက်များဖြင့် ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ**ကို ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့တွင် မေးမြန်းခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌက ဝင်ငွေတိုးလာသောကြောင့် စားသုံးမှုတိုးမြင့်လာမည်ဖြစ်၍ ဝယ်လိုအားများလာခြင်းအတွက် လုံလောက်သောရောင်းလိုအားမရှိပါက တိုက်ရိုက်အကျိုးဆက်အနေဖြင့် ဝယ်လိုအားမြင့်တက်မှုကြောင့် ဖြစ်ပေါ်သောငွေကြေးဖောင်းပွမှုတိုးလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ခများ တိုးလာခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍနှင့် အခြားကဏ္ဍများ၏ လစာ၊ လုပ်ခများလည်း ထပ်မံတိုးမြှင့်လာမည်ဖြစ်၍ ထုတ်လုပ်မှုစရိတ်တိုးမြင့်လာပြီး ငွေကြေးဖောင်းပွမှုနှုန်းတိုးလာနိုင်ပါကြောင်း၊ သွင်းကုန်တင်သွင်းလိုမှုများ တိုးမြင့်လာပြီး ပြည်ပငွေပေးငွေယူရှင်းတမ်း၏ သာမန်စာရင်းပိုင်းလိုငွေမြင့်တက်နိုင်ပြီး မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းမှုကြောင့် ငွေကြေးဖောင်းပွမှုနှုန်း ထပ်မံမြင့်မားနိုင်ပါကြောင်း။

နိုင်ငံတော်၏ ဘတ်ဂျက်လိုငွေပြမှုကို ထိန်းချုပ်နိုင်ရန်အတွက် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီကို ၅ ရာခိုင်နှုန်းထက် မကျော်လွန်စေရန် ထိန်းညှိဆောင်ရွက်လျက်ရှိပြီး ဘတ်ဂျက်လိုငွေ လျော့နည်းလာကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိခံစားနိုင်စေရန် စီမံကိန်းနှင့် ဘတ်ဂျတ်တွင် အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်ကာလများတွင် လူတစ်ဦးချင်းဝင်ငွေစုဆောင်းမှုစနစ်ထူထောင်၍ အလုပ်ရှင်နှင့် အလုပ်သမားပါဝင်ထည့်ဝင်ခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ကိုယ်ပိုင်အိမ်ရာများ နေထိုင်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် မိသားစုလူနေမှုဘဝမြင့်တင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း**က ပြည်ပမှ တင်သွင်းသော အခြေခံစားကုန်၊ လူသုံးကုန်ပစ္စည်းများ၏ ဈေးနှုန်းအတက်အကျသည် ပြည်ပတွင် ဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းပြောင်းလဲမှုအခြေအနေ၊ ငွေလဲနှုန်းအခြေအနေ၊ ပြည်ပမှ တင်သွင်းသော ပမာဏနှင့် ပြည်တွင်းမှ ဝယ်လိုသော ဝယ်လိုအားအပေါ်တွင် မူတည်နေပါကြောင်း၊ ထို့အပြင် ကောလာဟလသတင်းများ၊ မမှန်မကန် သတင်းများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ နိမ့်ကျမှု ဖြစ်ပေါ်နိုင်ပါကြောင်း။

မိမိတို့အနေဖြင့် ပြည်တွင်းထုတ်လုပ်စိုက်ပျိုးသော ကုန်ပစ္စည်းများ၊ ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်မှုမဖြစ်စေရန် လိုအပ်သည့် ဆောင်ရွက်မှုများကို ပြုလုပ်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်ပြီး **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း**က လစာထပ်ဆင့် တိုးမြှင့်ပေးမှုကြောင့် နောက်ဆက်တွဲ ကုန်ဈေးနှုန်းတက်ခြင်း၊ ငွေကြေးဖောင်းပွမှုဖြစ်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါကြောင်း၊ လစာတိုးလာသည့်အခါ စားသုံးမှုလည်း တိုးလာမည်ဖြစ်ပါကြောင်း၊ တိုးတက်လာသည့် စားသုံးမှုအတွက် နေ့စဉ်အသုံးစရိတ်များ တိုးတက်လာပါကြောင်း၊ ထိုသို့ ပြောင်းလဲမှုများကြောင့် ကွာဟမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ကုန်ပစ္စည်းများကို အကျိုးအမြတ်ရယူလို၍ စုဆောင်းခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းများကလည်း လူသားများ၏ အပြုအမူနှင့် သက်ဆိုင်သည့်အတွက် ထိန်းချုပ်နိုင်ရန် ခက်ခဲပါကြောင်း၊ ကြိုတင်ကာကွယ်သည့်အနေဖြင့် ကုန်ပစ္စည်းများ ဝယ်ယူစုဆောင်းခြင်းသည် လူတန်းစားအလွှာတိုင်းတွင် ရှိသည့်အတွက် ထိန်းချုပ်ရန်ခက်ခဲပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဝိုင်းဝန်းထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း**က ငွေဖောင်းပွမှုကို fiscal policy ဘဏ္ဍာရေးမူဝါဒရှုထောင့်မှ ကာကွယ်ရန် ပထမနည်းလမ်းသည် နိုင်ငံတော်၏ အသုံးစရိတ် လျှော့ချခြင်းပင်ဖြစ်ပါကြောင်း၊ ထိုသို့ အသုံးစရိတ်



ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း။



လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်။

လျှော့ချရာတွင် သာမန်အသုံးစရိတ်သည် ဝန်ထမ်းများလစာ ပါဝင်နေမှုကြောင့် လျှော့ချ၍မရပါကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ကို လျှော့ချလျှင် ထိရောက်မှုရှိနိုင်ပါကြောင်း။

ငွေကြေးဖောင်းပွမှုကို ထိန်းသည့် အခြား Fiscal Tool မှာ အခွန်တိုးကောက်ခံခြင်း ဖြစ်ပါကြောင်း၊ အခွန်တိုးကောက်ခံရာတွင် အခွန်နှုန်းကို မြှင့်ခြင်းနှင့် အခွန်လေလွင့်မှုကို လျှော့ချခြင်းဟူ၍ နှစ်မျိုးရှိပါကြောင်း၊ အခွန်နှုန်းထားမြှင့်တင်ခြင်းကို ပြည်သူများ ကြိုက်နှစ်သက်ခြင်းမရှိသည့်အတွက် မည်သည့်နိုင်ငံမျှ လုပ်လေ့လုပ်ထ မရှိပါကြောင်း၊ ထို့ကြောင့် အခွန်လေလွင့်မှုများ လျော့နည်းအောင် လုပ်သည့်နည်းလမ်းများကို နိုင်ငံတကာတွင် သုံးလေ့ရှိပါကြောင်း၊ အခွန်ရှောင်မှုများကို ဖော်ထုတ်ပြီး အခွန်အခြေခံ Tax Base ကို ချဲ့ခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ငွေကြေးဖောင်းပွမှုကို ထိန်းရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အသုံးစရိတ်လျှော့ချခြင်းနှင့် အခွန်အခြေခံချဲ့ထွင်ခြင်းနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

**လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်**က "ဝန်ထမ်းတွေကို လစာတော့ တိုးပေးလိုက်တယ်။ သို့သော်လည်း ဝန်ထမ်းလစာတိုးပေးလိုက်တာနဲ့ ကုန်ဈေးနှုန်းတက်တယ်ဆိုတာ ဖြစ်သွားရင် ဝန်ထမ်းတွေအနေနဲ့ လစာတိုးလည်း မထူးခြားဘူး။ ဝန်ထမ်းတွေ လစာတိုးတာနဲ့ ပြည်သူတွေအတွက်လည်း ဝန်ထုပ်ဝန်ပိုးတွေ မဖြစ်စေချင်တာကြောင့် မေးမြန်းခြင်းဖြစ်ပါတယ်။

ဒီနေ့ ဝန်ထမ်းတွေ လစာတိုးမယ်ဆိုရင် အစဉ်အလာအားဖြင့် ဖြစ်ခဲ့တာက ကုန်ဈေးနှုန်းတက်မယ်ဆိုတဲ့ ယုံကြည်ချက်ဖြစ်နေတယ်။ နိုင်ငံ့ဝန်ထမ်းတွေရဲ့ လစာမှာ အနိမ့်ဆုံးလစာကနေ အမြင့်ဆုံးလစာ အဆင့်ဆင့်ရှိတယ်။ ဝန်ထမ်းတွေရဲ့ အနိမ့်ဆုံး လစာ၊ အစိုးရအရာရှိငယ်တွေရဲ့ လစာဆိုရင်လည်း အပြင်ပုဂ္ဂလိက လုပ်ငန်းမှာ ဆောင်ရွက်နေတဲ့ ဝန်ထမ်းတွေရဲ့ ဝင်ငွေနဲ့ ကွာခြားမှုမရှိပေမယ့် နည်းနည်းတော့ ကွာဟနေသေးတယ်။ သူတို့ရဲ့ ဝင်ငွေနဲ့ အဆင့်အတန်းနဲ့ လျော်ညီမှုမရှိတာကြောင့် တာဝန်တွေကို ထမ်းဆောင်တဲ့အခါ အခက်အခဲတွေရှိပါတယ်။ ဝန်ထမ်းအရာရှိတွေရဲ့ လစာတွေက ၂ သိန်း ၈ သောင်း လောက်ရတဲ့အချိန်မှာ အပြင်ပုဂ္ဂလိကဝန်ထမ်းတွေရဲ့ လစာက များနေတာကို နှိုင်းယှဉ်တွေ့ရတယ်။ ဒါမျိုးကျတော့ သဘာဝမကျဘူးပေါ့။ မလိုလားအပ်တဲ့ အဂတိလိုက်စားမှုတွေကို ဖြစ်လာနိုင်ဖို့ တွန်းအားပေးသလိုဖြစ်တယ်။ ဝန်ထမ်းတွေရဲ့လစာတိုးတဲ့အခါမှာလည်း အပြင်က ပုဂ္ဂလိကဝန်ထမ်းတွေရတဲ့ လစာထက်ပိုပြီးတိုးပေးတာမျိုးပြောတာမဟုတ်ပါဘူး။ လက်ရှိပုဂ္ဂလိက ဝန်ထမ်းတွေနဲ့ အရည်အချင်းတူရင် တူညီတဲ့ဝင်ငွေရရှိနိုင်အောင် တစ်ပြေးတည်းဖြစ်အောင် ပြန်လည်ထိန်းညှိပေးဖို့ တင်ပြခြင်းဖြစ်ပါတယ်" ဟု ၎င်း၏ တင်ပြချက်နှင့်ပတ်သက်၍ ပြောပြသည်။

**ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း**က "လွှတ်တော်ကဏ္ဍမှာ ဝန်ထမ်းတွေလစာတိုးမြှင့်ဖို့အတွက် ပြဋ္ဌာန်းစေချင်တယ်။ တိုးလည်းတိုးမြှင့်စေချင်တယ်။ အစိုးရကဏ္ဍမှာကျတော့လည်း သူ့အခက်အခဲနဲ့ သူရှိနေတယ်။ ပုဂ္ဂလိကဝန်ထမ်းနဲ့ အစိုးရဝန်ထမ်းတွေနှိုင်းယှဉ်ရင် အစိုးရဝန်ထမ်းက များတယ်။ ဒီလိုဦးရေများတဲ့အခါ တကယ်လို့ ပုဂ္ဂလိကဝန်ထမ်းတွေနှုန်းထားတစ်ခုနဲ့တိုးလို့ရှိရင် အစိုးရအနေနဲ့ အခက်အခဲမြောက်မြားစွာ ဖြစ်ပေါ်လာနိုင်တဲ့ အနေအထားတွေကြောင့် ဘက်ညီအောင် ပြန်လည်ထိန်းညှိစေချင်တယ်။ သင့်တော်တဲ့နှုန်းထားဖြစ်စေချင်တယ်။ အားလုံးအတွက် ကောင်းစေချင်တယ်"ဟု သုံးသပ်ဆွေးနွေးသည်။

**(သတင်းစဉ်)**



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ တိုနီဘလဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ တိုနီဘလဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ငါးမွေးတောင်သူများထံ တိုင်းရင်းငါးမျိုးများထောက်ပံ့

**ဒိုက်ဦး မတ် ၅**

တောင်သူ လယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၃ ရက်က ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် မင်္ဂလွန်းကျေးရွာနှင့် သုံးခွကျေးရွာအုပ်စုများရှိ လယ်ကြားကန် မြောင်းများအတွင်း ငါးမျိုးစိုက်ထည့်မွေးမြူရန်အတွက် တိုင်းရင်းငါးမျိုးများဖြစ်သည့် ငါးခူ၊ ငါးရံ့၊ ငါးပြေမ၊ ငါးမျိုးကောင်ရေ ၂၂၅၀၀ ကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဌေး၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦး၊ ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးကျော်ကျော်ထွန်း မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုဥက္ကဋ္ဌ ဦးသိန်းမြင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကျေးရွာနေ ငါးမွေးတောင်သူများထံ ငါးမျိုးများ ထောက်ပံ့ပေးအပ်ပြီး လယ်ကြားကန် မြောင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (IPRD)**

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာနိုင်သည်။



# ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း (၆၆)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၅**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မတ် ၄ ရက် ညပိုင်းတွင် တောင်ကြီးမြို့ ပအိုဝ်းအမျိုးသား ဘက်စုံဖွံ့ဖြိုးရေး ဒဲဉ်သီးဗွေကွင်း၌ ကျင်းပသည့် (၆၆) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌတို့က (၆၆) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မိမိတို့၏ သမိုင်းတစ်လျှောက်ကို ပြန်လည်လေ့လာသုံးသပ်ကြည့်ပါက တိုင်းရင်းသားလူမျိုးစုများအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးရရှိခဲ့ပြီး နိုင်ငံတကာအလယ်တွင် တင့်တယ်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ နိုင်ငံတကာ၏အလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ထည်ထည်ဝါဝါ ရပ်တည်နိုင်ရန်နှင့် နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန်အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား စည်းလုံးညီညွတ်မှုမပြိုကွဲရန် အရေးကြီးပါကြောင်း။

ထိုသို့ စည်းလုံးညီညွတ်မှုမပြိုကွဲရန်အတွက် သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်သည် မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မိမိတို့အားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးသည် အထူးပင်အရေးကြီးပါကြောင်း၊ ယနေ့အချိန်အခါတွင်လည်း မြန်မာ့နိုင်ငံရေး၌ မတူညီသည့် သဘောထားအမြင်များကို စေ့စပ်ဆွေးနွေးခြင်းနည်းလမ်းဖြင့် အဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်တစ်ရပ် ရှင်သန်နေပြီဖြစ်ပါကြောင်း။




မိမိတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးက ဒေသတွင်း ဖြည့်ဆည်းရမည့် ကွက်လပ်များ၊ အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

မိမိတို့ တိုင်းရင်းသားလူမျိုးစုအားလုံးသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ထာဝရငြိမ်းချမ်းရေးရရှိမှုလုပ်ငန်းစဉ်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အားလုံးတွင် ကျရာကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ သောက်သုံးရေရရှိရေး၊ မီးလင်းရေးတို့အတွက် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် (၆၆)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အတွက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံမှ ပေးပို့သည့် သဝဏ်လွှာအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ပအိုဝ်းအမျိုးသမီးအဖွဲ့အတွင်းရေးမှူး ဒေါ်နန်းဝင်းကြည်က လည်းကောင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်ကလည်းကောင်း အသီးသီးဖတ်ကြားကြသည်။

ထို့နောက် ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကျင်းပရေးအတွက် အလှူငွေများကို ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် အလှူရှင်များက ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပအိုဝ်း၊ ရှမ်း၊ ဓနု၊ အင်း၊ တောင်ရိုး၊ လီဆူနှင့် ကျောက်တလုံးမြို့နယ် စာပေယဉ်ကျေးမှုအဖွဲ့တို့မှ ရိုးရာအကများဖြင့် ဖျော်ဖြေကြရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများအား ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌက အမှတ်တရဂါရဝပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဒေသဦးစီးအဖွဲ့ရုံးခန်းမ၌ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံပြီး ပအိုဝ်းဒေသ၌ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏ စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ ဆောင်ရွက်မှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရှိရကြောင်း၊ ရုပ်ဝတ္ထုများ တိုးတက်ပြောင်းလဲလာသကဲ့သို့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးတက်လာစေရန် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပုဂ္ဂလိကကဏ္ဍတိုးမြှင့်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေး၊ ဒီမိုကရေစီစနစ်ရင့်ကျက်ခိုင်မာလာစေရန်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် ဟိုပုံးမြို့၌ အသစ်တည်ဆောက်ထားပြီးဖြစ်သည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးရုံး၊ ခန်းမ၊ အိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့က အမှတ်(၄) လမ်းမကြီးပေါ်၌ ပြည်သူလူထုအကူအညီဖြင့် ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းက ခွင့်ပြုချက်မဲ့ ဆန္ဒပြသူများအား ဖယ်ရှားရှင်းလင်းခဲ့ရမှုအပေါ် သတင်းစာရှင်းလင်းပွဲ တစ်ရပ် ပြုလုပ်ခဲ့သည်။



ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းဝေးခန်းမ၌ ပြုလုပ်ခဲ့သည့် အဆိုပါ သတင်းစာရှင်းလင်းပွဲ၌ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးနှင့် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်လွင်တို့က ယင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆန္ဒပြအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ရှိသူများက အကြိမ်ကြိမ် သွားရောက်ညှိနှိုင်း ဖျန်ဖြေသော်လည်း လိုက်နာမှုမရှိခြင်း၊ ခဲများဖြင့် ပြန်လည်ပစ်ပေါက်ခြင်းများအား ပြုလုပ်ခဲ့သဖြင့် အဆိုပါနေရာ၌ ရှိနေသော ရပ်မိရပ်ဖ၊ မြို့မိမြို့ဖ အထောက်အကူပြုအဖွဲ့ဝင်များ ရှုန်းရင်းဆန်ခတ်မှု မဖြစ်ပေါ်စေရန် ဝင်ရောက်ထိန်းသိမ်းခြင်းဖြစ်ကြောင်း၊ ယင်းနေရာမှ ၁၆ ဦးအား ဖမ်းဆီးခဲ့ရာ သတင်းမီဒီယာသမား နှစ်ဦးပါဝင်သဖြင့် ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ခြောက်ဦးအား ယနေ့ မွန်းလွဲ ၂ နာရီက အင်းစိန်တရားရုံး၌ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၄၆) ရှုန်းရင်းဆန်ခတ်မှုဖြင့် တရားစွဲဆိုထားကြောင်း ဒုတိယရဲမှူးကြီး မြင့်လွင်က ပြောကြားသည်။

အမှတ်(၄)လမ်းမကြီးအား ပိတ်ဆို့ ဆန္ဒပြသပိတ်မှောက်မှုကြောင့် အဆိုပါလမ်းကို အသုံးပြုနေသော ဘုရင့်နောင်၊ လှိုင်သာယာနှင့် ရွှေပြည်သာမှ ကုန်တင်ယာဉ်များပိတ်ဆို့ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ကုန်စည်စီးဆင်းမှု လေးပုံတစ်ပုံရပ်ဆိုင်းခဲ့ရကြောင်း ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြောကြားသည်။

E-land Myanmar စက်ရုံနှင့် အလုပ်သမားများအကြား ဖြစ်ပွားခဲ့သော ဆန္ဒပြအငြင်းပွားမှုကို ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ညှိနှိုင်းဖြေရှင်းပေးမှုဖြင့် မတ် ၅ ရက် နံနက်ပိုင်းက နှစ်ဖက်သဘောတူစာချုပ်ကို အလုပ်သမား ၁၀၇၅ ဦး၏ သဘောတူညီမှုဖြင့် ချုပ်ဆိုနိုင်ခဲ့ကြောင်း အလုပ်ရုံနှင့် အလုပ်သမားဥပဒေစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်ထံမှ သိရသည်။

၂၀၁၅ ခုနှစ် ရွှေပြည်သာနှင့် လှိုင်သာယာရှိ စက်ရုံ ငါးခု၌ အလုပ်ရှင် အလုပ်သမားအငြင်းပွားပြီး တောင်းဆိုမှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းတို့အနက်မှ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့၏ ညှိနှိုင်းပေးမှုကြောင့် တိုင်ရီဖိနပ်စက်ရုံနှင့် ကျောက်နီအထည်ချုပ်စက်ရုံတို့သည် ညှိနှိုင်းပြေလည်မှုရရှိခဲ့ပြီး Costec အထည်ချုပ် စက်ရုံနှင့် Ford Glory အထည်ချုပ် စက်ရုံများအနေဖြင့် ဆက်လက်ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။ E-land Myanmar အထည်ချုပ်စက်ရုံအနေဖြင့် ယနေ့နံနက်ပိုင်းက သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ထံမှ သိရသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဂါနာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၆**

၂၀၁၅ ခုနှစ် မတ်လ ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဂါနာသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဒေသတွင်းပေါင်းစည်းရေးဆိုင်ရာ ဝန်ကြီး မစ္စ ဟန်နာ တတ်တီချိထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

ကာသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန် တို့ကျေပွန်

# ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေး ဒုတိယဝန်ကြီး ဦးသန့်ကျော်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် မတ် ၅**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မတ် ၂ ရက်မှ ၂၇ ရက်ထိ ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ(၂၈)ကြိမ်မြောက် အစည်းအဝေး၏ High Level Segment နှင့် မတ် ၂ ရက်မှ ၆ ရက်အထိပြုလုပ်လျက်ရှိသည့် လက်နက်ဖျက်သိမ်းရေးညီလာခံ ၂၀၁၅ ခုနှစ် အစည်းအဝေး၏ High Level Segment တို့သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်လျက်ရှိသည်။

ဒုတိယဝန်ကြီး ဦးသန့်ကျော်က လူ့အခွင့်အရေးကောင်စီအစည်းအဝေး၏ High Level Segment တွင် မတ် ၄ ရက်က မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ရာ ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများ၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်၊ UPR Second Cycle အတွက် ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ထည့်သွင်းပြောကြားခဲ့သည်။

လက်နက်ဖျက်သိမ်းရေးညီလာခံ ၂၀၁၅ ခုနှစ် အစည်းအဝေး၏ High Level Segment ၌ မတ် ၃ ရက်က ပြောကြားခဲ့သော ဒုတိယဝန်ကြီး၏ မိန့်ခွန်းတွင် လက်နက်ဖျက်သိမ်းရေးကိစ္စရပ်များအပေါ် မြန်မာနိုင်ငံ၏ သဘောထားရပ်တည်ချက်များ၊ လက်နက်ဖျက်သိမ်းရေးကဏ္ဍတွင် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများ၊ ဆောင်ရွက်ချက်များနှင့် ၂၀၁၅ ခုနှစ် ဇွန်လတွင် လက်နက်ဖျက်သိမ်းရေးညီလာခံသဘာပတိအဖြစ် မြန်မာနိုင်ငံတာဝန်ယူစဉ်ဆောင်ရွက်ရန် ပြင်ဆင်နေမှုတို့ကို ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# လက်ပံတန်းမြို့တွင် ထိုင်သပိတ်ပြုလုပ်နေသောအဖွဲ့မှ ကျောင်းသားအချို့အား မိဘများလာရောက်ခေါ်ဆောင်

**နေပြည်တော် မတ် ၅**

လက်ပံတန်းမြို့ အောင်မြေဗိမာန်ဘုန်းတော်ကြီးကျောင်း အနီးရှိ ဓာတ်အားပေးစက်ရုံလမ်းဆုံတွင် ထိုင်သပိတ်ပြုလုပ်နေသော သပိတ်စစ်ကြောင်းအဖွဲ့သည် ယနေ့အထိ ဆက်လက်ပြုလုပ်လျက်ရှိရာ ကျောင်းသားအချို့အား မိဘများက လာရောက်ခေါ်ဆောင်သွားခဲ့သည်။

အဆိုပါ သပိတ်စစ်ကြောင်းအဖွဲ့မှ ကျောင်းသားအချို့၏ အိမ်ပြန်လိုကြောင်း ဆက်သွယ်ချက်အရ ယနေ့နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ပဲခူးမြို့ အထက(၆) မှ မူလတန်းပြ ဆရာမ ဒေါ်အေးမာသည် ၎င်း၏ သားဖြစ်သူ ပဲခူးတက္ကသိုလ်တွင် ဒုတိယနှစ် ဘူမိဗေဒ



ဘာသာဖြင့် တက်ရောက်နေသော မောင်ထက်ဝေယံပိုင်အား လည်းကောင်း၊ **(အောက်ယာပုံ)** မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် တောင်ဒဂုံမြို့နယ် (၁၉) ရပ်ကွက် အောင်ဆုပန်လမ်းနေ ဦးကြီးမြင့်နှင့် ဒေါ်မာမာအေးတို့သည် ၎င်းတို့၏ သားဖြစ်သူ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)တွင် ဒုတိယနှစ် တက်ရောက်နေသော မောင်အောင်ဖြိုးဝင်း အားလည်းကောင်း လာရောက်ခေါ်ဆောင်ကြရာ ပဲခူးတိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ထိုင်းဘုရင့် ရေတပ်မှ စစ်ရေယာဉ် ရန်ကုန်မြို့သို့ ဆိုက်ရောက်

**ရန်ကုန် မတ် ၅**

ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် HTMS SAIBURI FF-458 သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ သန်လျင် သီလဝါဆိပ်ကမ်း MITT တံတားသို့ ဆိုက်ရောက်သည်။

အဆိုပါ စစ်ရေယာဉ်တွင် ထိုင်းဘုရင့်ရေတပ် Third Naval Area Command မှ Chief of Staff ,RADM Somchai Nabangchang ဦးစီးပြီး အရာရှိ ၆၄ ဦး၊ စစ်သည် ၁၅၈ ဦး လိုက်ပါလာကြောင်း သိရသည်။

စစ်ရေယာဉ်သည် ရန်ကုန်မြို့တွင် မတ် ၅ ရက်မှ ၉ ရက်အထိ ငါးရက်ကြာ ဆိုက်ကပ်ထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်**

# ခွင့်ပြုချက်ရယူခြင်းမရှိသည့် ဆန္ဒပြအဖွဲ့မှ ပြန်လည်ရန်ပြုသဖြင့် လူစုခွဲရှင်းလင်း

**ရန်ကုန် မတ် ၅**

အမျိုးသားပညာရေးဥပဒေမူကြမ်းနှင့် ပတ်သက်၍ လက်ပံတန်းမြို့တွင် ဆန္ဒဖော်ထုတ်နေသော ပင်မသပိတ်အဖွဲ့မှ ကျောင်းသားများအား ထောက်ခံသည့် ဆန္ဒဖော်ထုတ်ပွဲကို ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် ပြုလုပ်ခဲ့ခြင်းအပေါ် တာဝန်ရှိသူများက တားမြစ်ပြီး လူစုခွဲရှင်းလင်းခဲ့သည်။

ယနေ့ မွန်းလွဲ ၂ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်(၁)ရပ်ကွက် မဟာဗန္ဓုလလမ်း၊ မြို့တော်ခန်းမ လမ်းလယ်ကျွန်းတွင် ဒီမိုကရေစီအင်အားစုအဖွဲ့နှင့် ကျောင်းသားအဖွဲ့မှ အင်အား ၁၂ ဦးခန့်ဖြင့် စတင် စုဝေးခဲ့ရာ ကျောက်တံတားမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က လူစုလူဝေး မပြုလုပ်ကြရန် သတိပေးပြောကြားခဲ့သည်။

သို့သော်လည်း ညနေ ၄ နာရီခန့်တွင် ကျောင်းသားသမဂ္ဂအမည်ခံအဖွဲ့များမှ အင်အားအချို့ ထပ်မံပူးပေါင်းလာခဲ့ရာ ၅၇ ဦးခန့်အထိ ရှိလာသဖြင့် တာဝန်ရှိသူများက လူစုခွဲထွက်ခွာရန် အကြိမ်ကြိမ်ပြောကြားသော်လည်း မရရှိဘဲ ဆန္ဒပြသည့်အဖွဲ့မှ ပြန်လည်ရန်ပြုခဲ့သဖြင့် လူစုခွဲရှင်းလင်းကာ ဆန္ဒပြသူအချို့အား ထိန်းသိမ်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

### ❐ အမျိုးသားမှ

မောင်ရဲဇာနည်ထွန်း မော်ဘီကွန်ပျူတာတက္ကသိုလ် ဒုတိယနှစ်၊ မောင်နန်းလင်း ဒဂုံတက္ကသိုလ် ဒုတိယနှစ်(ရူပ)၊ မောင်ပိုင်ရဲသူ ဒဂုံတက္ကသိုလ် တတိယနှစ်(သင်္ချာ)၊ မောင်ဝေမိုးနိုင် မုံရွာတက္ကသိုလ် စတုတ္ထနှစ်(အင်္ဂလိပ်)၊ မောင်မင်းလွင်ဦး ဘီအီး(စက်မှု)နှင့် မောင်သိန်းထိန် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ၏ သတင်းမှတ်တမ်းတာဝန်ခံတို့ တက်ရောက်ခဲ့ကြသည်။

ထိုသို့ကြားနာဆောင်ရွက်ရာတွင် ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက ယခင် လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုများတွင် ပြောကြားခဲ့သည့်အတိုင်း ဥပဒေကြမ်းတင်သွင်းလာပါက လွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း၊ သို့ဖြစ်၍ ယခုအမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ကြားနာဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ကျောင်းသားကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးတင်ပြစရာများရှိပါကလည်း ဆွေးနွေးနိုင်ပါကြောင်း၊ ထို့အတူ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကြံပြုချက်များလည်း လက်ခံရရှိထားပါကြောင်း၊ ကြားနာခြင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြေညာချက်အတိုင်း ယနေ့မှ မတ် ၁၅ ရက် အထိ ရှစ်ရက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့်ပြောကြားပြီး လွှတ်တော်၏ လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်းက ကော်မရှင်တွင် နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာ ကျွမ်းကျင်ပညာရှင်များပါဝင်ပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လွှတ်တော်ကို အထောက်အကူပြုလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ မောင်ဇေယျာလွင်က လက်ပံတန်းတွင် လက်ရှိဖြစ်ပေါ်နေသည့် အခင်းအကျင်းများကြောင့် ကြားနာခြင်းအစီအစဉ်သို့ တက်ရောက်ရန် အခက်အခဲများ ရှိနေပါသဖြင့် ကြားနာခြင်းအစီအစဉ်သို့မတက်ရောက်နိုင်ခြင်းကို လာရောက်တင်ပြခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် အမျိုးသားလွှတ်တော်၏ ကြားနာမှုအစီအစဉ်ကို စောင့်ကြည့်နေမည်ဖြစ်ပါကြောင်းနှင့် ထပ်မံအခွင့်အရေးရပါက တက်ရောက်လိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကြားနာခြင်းအစီအစဉ်ကို မတ် ၅ ရက်မှ ၁၅ ရက်အထိ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကြားနာခြင်းအစီအစဉ်အပြီးတွင် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌဦးခင်မောင်ရီ၊ ကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးနှင့် ကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**(သတင်းစဉ်)**

### ❖ ကျောဖုံးမှ

တိုက်ပွဲရှောင်ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း စုစုပေါင်း ၂၁၁ ဦးအား လောက်ကိုင်မြို့သို့ တပ်မတော်မှ မော်တော်ယာဉ်များဖြင့် ဘေးကင်းလုံခြုံစွာ ပို့ဆောင်ပေးခဲ့သည်။

အလားတူ နယ်ခြားမှတ်တိုင်အမှတ် ၁၂၅ မှ အိမ်ထောင်စု ၁၅၀၊ လူဦးရေ ၃၆၆ ဦးသည်လည်း ၎င်းရက်တွင် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုနေရာချထားမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တိုက်ပွဲရှောင်ပြည်သူများအား ၎င်းရက်တွင် လောက်ကိုင်ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး စောမြင့်ဦး၊ တပ်မတော်အရာရှိကြီးများနှင့် နယ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

လောက်ကိုင်မြို့သို့ တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့အထိ အိမ်ထောင်စု ၈၆၄ စု၊ လူဦးရေ ၂၄၅၈ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

"ပြည်သူပြည်သားတို့၏ဆန္ဒသည် အုပ်ချုပ်မှုအာဏာ၏ အခြေခံဖြစ်ရမည်။ အဆိုပါဆန္ဒကို အချိန်ကာလပိုင်းခြားလျက် စစ်မှန်သောရွေးကောက်ပွဲများဖြင့် ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်းအညီအမျှ ဆန္ဒမဲပေးနိုင်ခွင့် ရှိရမည့်အပြင်၊ ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ ကျင်းပရမည်"

(အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်း အပိုဒ် ၂၁)

# ရွေးကောက်ပွဲနှင့် သတင်းမီဒီယာတာဝန်

ရဲခေါင်၊ နန္ဒာ၊ မြတ်သန္တာ

လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ။ အဲဒါဖြစ်လာဖို့ အတွက်က သတင်းမီဒီယာမှာ တာဝန်ရှိတယ်။ နိုင်ငံတော်တော်များများမှာဖြစ်ခဲ့တဲ့ ရွေးကောက်ပွဲ တင်းမာမှုတွေမှာ သတင်းမီဒီယာတွေရဲ့ ဖော်ပြမှုတွေကြောင့် အခြေအနေပိုဆိုးသွားတာ၊ အကြမ်းဖက်မှုတွေ ဖြစ်ခဲ့တာတွေရှိတယ်။ ဒီတော့ သတင်းမီဒီယာတွေရဲ့ တာဝန်က ပြည်သူတွေရဲ့ နားနဲ့မျက်စိ ဖြစ်ဖို့ လိုတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ပြည်သူတွေကို အသိပညာပေးဖို့ လိုတယ်။ ဒါမှသာ သူတို့ မှန်မှန်ကန်ကန် ရွေးနိုင်မယ်။

ဒီမိုကရေစီစနစ် ပီပြင်စွာအသက်ဝင်ရေးအတွက် အခြေခံသည် ဘက်လိုက်မှုမရှိဘဲ တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်းပင်ဖြစ်သည်။ ရွေးကောက်ပွဲများမကျင်းပမီနှင့် ကျင်းပမည့်ကာလများအတွင်း နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ၊ အစိုးရ၊ ရွေးကောက်ပွဲကော်မရှင် စသည်တို့နှင့်စပ်လျဉ်း၍ ပြည်သူလူထုသိသင့်သိထိုက်သည့် အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် မီဒီယာများ၏ ပါဝင်မှုသည် ကဏ္ဍတစ်ရပ် အနေဖြင့် တည်ရှိနေပေသည်။ ထို့အပြင် ရွေးကောက်ပွဲအပေါ် ထားရှိသည့် ပြည်သူလူထု၏ မျှော်လင့်ချက်သဘောထားနှင့် လိုလားချက်များအား ပါဝင်ယှဉ်ပြိုင်ရွေးချယ်ခံကြမည့် ပါတီများနှင့် နိုင်ငံရေး အင်အားစုများမှ ပြန်လည်ကြားသိနိုင်ရန် ကြားခံပေးရမည့်ကြားခံအဖွဲ့အစည်းသည်လည်း မီဒီယာဖြစ်လာသည်။

ထို့ကြောင့် သတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲ သတင်းများရေးသားဖော်ပြထုတ်လွှင့်ရာတွင် မှန်ကန်မျှတမှုရှိပြီး ဘက်လိုက်မှုကင်းသော အချက်အလက်များ ထည့်သွင်းဖော်ပြပေးနိုင်ရေးသည် ကြီးမားသည့် စိန်ခေါ်မှုတစ်ခုဖြစ်လာသည်။ ပြည်သူလူထု၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန် ယုံကြည်ရလောက်သည့် အစိုးရတစ်ရပ်ကို ရွေးချယ်နိုင်ရေးသည် မီဒီယာများ၏ ဖော်ပြမှု အပေါ် မူတည်နေသည်။

ဒီမိုကရေစီစနစ် အသွင်ကူးပြောင်းထားသည့် မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ပထမအပတ်တွင် ကျင်းပမည်ဟု သမ္မတဦးသိန်းစိန်က ယခုလ ၁ ရက်နေ့က ၎င်း၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပြီးဖြစ်သည်။ စနစ်သစ်တစ်ခုပြောင်းလဲစ မြန်မာနိုင်ငံ၏ ၂၀၁၅ရွေးကောက်ပွဲအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်းမှ စိတ်ဝင်တစားဖြင့် စောင့်ကြည့်လျက်ရှိနေသည်။

အထူးသဖြင့် ဩစတြေးလျ၊ ဒိန်းမတ်၊ အီးယူ၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန် သံရုံးများမှ မြန်မာနိုင်ငံအစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကို ရွေးကောက်ပွဲလုပ်ငန်းစဉ်ကာလအတွင်း ညှိနှိုင်းဆောင်ရွက်ပြီး ကူညီထောက်ပံ့ပေးနေသည်ဟု အဆိုပါသံရုံးများမှ ၂၀၁၅ခုနှစ် မတ်လ ၃ ရက်နေ့တွင် သတင်းထုတ်ပြန်လိုက်သည်။

၂၀၁၅ နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် မြန်မာနိုင်ငံ ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ သမိုင်းဝင် မှတ်ကျောက်တင်မည်ဖြစ်ပြီး ကမ္ဘာ့အလယ်တွင်မြန်မာသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်နေပြီဖြစ်ကြောင်းနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို လုပ်ဆောင်လျက်ရှိကြောင်း သက်သေခံမည့်အရာလည်းဖြစ်သောကြောင့် ယင်းသို့ ကူညီရခြင်းဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ပါရှိသည်။



၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲရုံတစ်ရုံ၌ မဲဆန္ဒရှင်များအား တွေ့ရစဉ်။

ရွေးကောက်ပွဲအတွက် အဆိုပါနိုင်ငံများ၏ ကူညီမှုတွင် မီဒီယာအဖွဲ့အစည်းများအတွက် တိကျသေချာ ယုံကြည်စိတ်ချရပြီး မျက်နှာမလိုက်သည့် သတင်းအချက်အလက်များ ပြည်သူလူထုကို ပေးနိုင်ရန်အတွက် သင်တန်းများပို့ချပေးနေသည်ဆိုသော အချက်ပါဝင်သည်။ မီဒီယာ လွတ်လပ်ခွင့်၊ လွတ်လပ်စွာဆန္ဒထုတ်ဖော်ပြောဆိုခွင့်၊ လူမျိုးရေးခွဲခြားမှုမရှိခြင်းနှင့် လူသားတိုင်းနှင့်ဆိုင်သည့် အခွင့်အရေးနှင့် လူသားတိုင်းကိုကာကွယ်ခြင်းသည် ယုံကြည်စိတ်ချရသည့်ရွေးကောက်ပွဲ၏ အဓိကကျသော အချက်များဖြစ်သည်။

အမေရိကန်နိုင်ငံအစိုးရ၏ ထောက်ပံ့မှုဖြင့် ဝါရှင်တန်အခြေစိုက် နိုင်ငံတကာသတင်းစာဆရာအဖွဲ့ (ICFJ) သည် ရွေးကောက်ပွဲသတင်းရယူနည်းသင်တန်းကို မြန်မာ သတင်းသမားများအတွက် ရည်ရွယ်၍ ရန်ကုန်နှင့် မန္တလေး မြို့များတွင် ပထမဆုံးအကြိမ်အဖြစ် လာရောက်ပို့ချခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲသတင်းများအား ပုံနှိပ်မီဒီယာများတွင်ဖော်ပြခံရမှုနည်းပါးခဲ့သော်လည်း ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင်မူ သတင်းမီဒီယာများအနေဖြင့် အထိုက်အလျောက် လွတ်လပ်စွာ ရေးသားနိုင်ခဲ့သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် မြန်မာသတင်းမီဒီယာများသည် အရေးကြီးသောအခန်းကဏ္ဍမှနေ၍ ပါဝင်ခွင့်ရရှိလာမည် ဖြစ်သည်။

ရွေးကောက်ပွဲသတင်းတင်ပြတဲ့နေရာမှာ ကျင့်ဝတ်ဆိုင်ရာအရ မျှတမှုရှိဖို့၊ ဘက်လိုက်မှုကင်းဖို့ အရမ်းအရေးကြီးတယ်။ အဲလိုမဖြစ်ခဲ့ရင် ဘက်လိုက်အရေးခံရတဲ့ ပါတီက ဝမ်းသာကောင်း ဝမ်းသာပေမယ့် ဘက်လိုက်မခံရတဲ့ ပါတီက မီဒီယာအပေါ်မှာ ယုံကြည်မှု ကင်းမဲ့လာမယ်။

မြန်မာသတင်းသမားများ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်နေပြီဖြစ်ကြောင်းကို "ရွေးကောက်ပွဲ သတင်းရေးတာနဲ့ ပတ်သက်တဲ့ အတတ်ပညာနဲ့ ပတ်သက်လို့ မြန်မာမီဒီယာသမားတွေ ဖြည့်ဆည်းမှုတွေလုပ်ထားဖို့ လိုပါတယ်။ မီဒီယာဆိုတာပြည်သူတွေအတွက် စကားပြန်ပါပဲ။ ဒီတော့ ကိုယ်ပေးလိုက်တဲ့ ဘာသာစကားကိုပြည်သူ နားလည်မှ ကိုယ်ကစကားပြန်လုပ်လို့ရမယ်။ ဒီတော့ ရွေးကောက်ပွဲဆိုရင်လည်း သူနဲ့ပတ်သက်တဲ့ဘာသာစကားကို နားလည်ဖို့ သတင်းသမားက အရင်လုပ်ထားရမယ်။ ဒီတော့မှ ပရိသတ်ကို ဖွင့်ဆိုပြနိုင်မယ်။ **ရွေးကောက်ပွဲသတင်းတင်ပြတဲ့နေရာမှာ ကျင့်ဝတ်ဆိုင်ရာအရ မျှတမှုရှိဖို့၊ ဘက်လိုက်မှုကင်းဖို့ အရမ်းအရေးကြီးတယ်။ အဲလိုမဖြစ်ခဲ့ရင် ဘက်လိုက်အရေးခံရတဲ့ ပါတီက ဝမ်းသာကောင်း ဝမ်းသာပေမယ့် ဘက်လိုက်မခံရတဲ့ ပါတီက မီဒီယာအပေါ်မှာ ယုံကြည်မှု ကင်းမဲ့လာမယ်။** ဒီတော့ ကိုယ့်မှာလည်း ပရော်ဖက်ရှင်နယ် ဖြစ်ဖို့ စကေးရှိရမယ်" ဟု မြန်မာဂျာနယ်လစ်ကွန်ရက်၏ အတွင်းရေးမှူးဖြစ်သူ ဦးမြင့်ကျော်က သုံးသပ်ပြောကြားသည်။

ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ရန်ကုန်မြို့ အမေရိကန်စင်တာ၌ ပြုလုပ်သည့် ရွေးကောက်ပွဲ သတင်းရေးသားနည်းသင်တန်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ရွေးကောက်ပွဲ ၌ အစိုးရ မီဒီယာများအနေဖြင့် နိုင်ငံရေး ပါတီများအပေါ် သတင်းစာများ၊ ရုပ်သံနှင့် ရေဒီယိုအစီစဉ်များတွင် ညီမျှစွာ ဖော်ပြနေရာပေး ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းအပြင် အစိုးရဝန်ကြီးဌာနများ၏ လုပ်ဆောင်ချက်များကို သတင်းများတွင် ဖော်ပြရာ၌ မဲဆွယ်သည့်သဘော မသက်ရောက်စေရန် အသေအချာ စိစစ်ရေးသား ထုတ်လွှင့်မည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။ အစိုးရ မီဒီယာများတွင် မဲဆန္ဒရှင်အသိပညာပေးမှုများကိုနားလည်ရလွယ်ကူပြီး အရေးကြီးသော အချက်များကို ဦးစားပေး ဖော်ပြကာ တိုင်းရင်းသားဘာသာများဖြင့်လည်း ရေးသား ထုတ်လွှင့်သွားမည်ဟု ဆိုသည်။

ဦးရဲထွဋ်က "၂၀၁၅ ရွေးကောက်ပွဲက လွတ်လပ် တရားမျှတပြီး ရလဒ်တွေကို အားလုံးက ကျေကျေနပ်နပ် လက်ခံနိုင်ဖို့လည်း လိုအပ်တယ်။ နိုင်ငံပိုင်သတင်းစာအနေနဲ့ ပါတီကြီး၊ ပါတီငယ် မခွဲခြားဘဲ မျှမျှတတ ဖော်ပြပေးသွားမယ်" ဟု ဖေဖော်ဝါရီ ၂၅ ရက်က ပြောကြားသည်။

ရွေးကောက်ပွဲ သတင်းများရယူရေးသားရာတွင် မြန်မာ့မီဒီယာလောကသည် အားနည်းချက်များ ရှိနေဆဲပင်ဖြစ်သည်။ ရွေးကောက်ပွဲဝင်မည့် အမတ်လောင်းများနှင့် နိုင်ငံရေးပါတီများ၏ အမှန်တကယ် ပုံရိပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ ရရှိစေပြီး မှန်ကန်စွာ ဆုံးဖြတ်မဲပေးနိုင်ရန်အတွက် အကူအညီပေးရန်မှာ မီဒီယာများ၏တာဝန်ဖြစ်လာသည်။

နိုင်ငံတကာသတင်းစာဆရာအဖွဲ့ (ICFJ) ၏ သင်တန်းမှူး ဒေါ်ခင်မေဇော်က "ရွေးကောက်ပွဲကတော့ ပြည်သူဘာလိုချင်လဲဆိုတဲ့ အပေါ်မှာ မူတည်တယ်။ ပြည်သူ လိုချင်တာ **လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲ။ အဲဒါဖြစ်လာဖို့အတွက်က သတင်းမီဒီယာမှာ တာဝန်ရှိတယ်။ နိုင်ငံတော်တော်များများမှာ ဖြစ်ခဲ့တဲ့ ရွေးကောက်ပွဲ တင်းမာမှုတွေမှာ သတင်းမီဒီယာတွေရဲ့ ဖော်ပြမှုတွေကြောင့် အခြေအနေပိုဆိုးသွားတာ၊ အကြမ်းဖက်မှုတွေ ဖြစ်ခဲ့တာတွေရှိတယ်။ ဒီတော့ သတင်းမီဒီယာတွေရဲ့ တာဝန်က ပြည်သူတွေရဲ့ နားနဲ့မျက်စိ ဖြစ်ဖို့လိုတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ပြည်သူတွေကို အသိပညာ ပေးဖို့လိုတယ်။ ဒါမှသာ သူတို့ မှန်မှန်ကန်ကန် ရွေးနိုင်မယ်"**ဟု ရွေးကောက်ပွဲများတွင် သတင်းမီဒီယာ၏ အရေးပါပုံကို မှတ်ချက်ပြုသည်။

## ရေခက်ခဲသောဒေသ ရေရရှိရေးဆောင်ရွက်

**မောက်မယ် မတ် ၅**

ကျေးလက်နေပြည်သူများရေရရှိရေး၊ လူနေမှုဘဝမြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း ရှိသောကျေးရွာများ လမ်းပန်းဆက်သွယ်ရေး၊ မီးရရှိရေး၊ သောက်သုံးရေ အဆင်ပြေရရှိရေးအတွက် ဟိုနမ့်ကျေးရွာအုပ်စုတွင် နောင်ဘိုကန်၊ ပန်းတန်ကျေးရွာအုပ်စုတွင် နောင်ခိုက်ကန်တူးဖော်ရေးလုပ်ငန်းအား ရှမ်းပြည်နယ် အစိုးရ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ် အစိုးရခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက် တူးဖော်ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်က စတင်တူးဖော်ရာ ဖေဖော်ဝါရီ ၂၇ ရက် တွင် တူးဖော်ပြီးစီးကြောင်း သိရသည်။

ရေခက်ခဲသော ဒေသများဖြစ်သည့် ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန် ကျေးရွာအုပ်စုသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးလှမျိုးနှင့် အတွင်းရေးမှူး ဦးလှမြင့်တို့က မတ် ၂ ရက်မှ ၄ ရက်အထိ ကျေးရွာများမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဟန်သိန်းဦး၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုကော်မတီဝင်များအား သွားရောက်တွေ့ဆုံကာ သောက်သုံးရေအဆင်ပြေစွာရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ မီးရရှိရေးအတွက် လိုအပ်ချက်များအား လာမည့်၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ရန်ပုံငွေရရှိလာပါက ကူညီပံ့ပိုးနိုင်ရေးညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နောင်ခိုက်ကန် တူးဖော်ပြီးဖြစ်သဖြင့် ပန်းတန်ကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာမှ အိမ်ခြေပေါင်း ၅၀၀ ကျော် လူဦးရေ ၂၅၀၀ ကျော်တို့အတွက် သောက်သုံး ရေများ ဖူလုံစွာရရှိပြီဖြစ်ကြောင်း ပန်းတန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကိုနောင်းက ပြောကြားသည်။ "နောင်ဘိုကန်တူးဖော်မှုက ပြီးသွားပြီ။ လွှတ်တော်မှ သိန်းတစ်ထောင်မှ ရရှိတဲ့ငွေနဲ့ ကျေးရွာမှာရှိတဲ့ စိမ့်စမ်းရေ သွယ်ယူရေးလုပ်ငန်းလည်းပြီးသွားပြီ။ ကျေးရွာချင်းဆက်မြေသားလမ်းလည်း ပြီးသွားပြီဆိုတော့ ကျေးရွာနေ ကျွန်တော်တို့ ပအိုဝ်းတိုင်းရင်းသားပြည်သူတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်ပြီး များစွာအထောက်အကူပြု လာတော့မှာပါ"ဟု ဟိုနမ့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝါယမက ပြောကြားသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

ပြည်တွင်းရေးရာ

# မန္တလေးမြို့တွင် ဂေါတမဗုဒ္ဓ၏ အရိုးဓာတ်တော်ကို ဥပုသ်နေ့တိုင်းဖူးမြော်နိုင်

**မန္တလေး မတ် ၅**

ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့တွင် လေ့လာစရာများစွာ၊ ဖူးမြော်ကြည်ညိုစရာ တန်ခိုးကြီးဘုရားများစွာတည်ရှိသော မြို့တော်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းနေပြည်အဖြစ် တည်ရှိခဲ့သည့်အတွက် နန်းမူနန်းဟန် အနုလက်ရာများစွာကျန်ရှိနေသည်။ အထူးသဖြင့် မြို့ရိုးကျုံးနှင့်တကွ အခြားလေ့လာစရာများမှာ ကုန်နိုင်ဖွယ်မရှိဟုပင် ညွှန်းဆိုနိုင်သည်။ သဘာဝမျှော်စင်ဟု တင်စားထားသော မန္တလေးတောင်ပေါ်တွင်ပင်ဖူးမြော်စရာ၊ လေ့လာစရာများစွာဖြင့် တင့်တယ်စွာတည်ရှိနေသည်။

မန္တလေးတောင်ခြေ ဦးခန္တီပြတိုက်တွင် ဂေါတမဗုဒ္ဓ၏ အရိုးဓာတ်တော်ကို ဥပုသ်နေ့တိုင်းဖူးမြော်နိုင်သည်။

ဓာတ်တော်များ ပင့်ဆောင်လာမှုသမိုင်းအကျဉ်းတွင် အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း ယခုခေတ်အခေါ်အရ ပါကစ္စတန်ပြည် အနောက်မြောက်ပိုင်း ပန်ဂျာဗ်နယ်မှရရှိခဲ့ကြောင်းသိရသည်။ ဟိန္ဒီဘာသာဖြင့်(ပေသျှဝရ) အင်္ဂလိပ်ဘာသာဖြင့်(Pe sha war)မြန်မာအခေါ်(ပေသျှဝါ၊ပက်သျှဝါ)မြို့တွင် ထီးနန်းစိုးစံတော်မူခဲ့သည့် ဒေဝပုတြခေါ် ကနိသျှကမင်း တည်ထားခဲ့သော စေတီတော်ကြီးအတွင်းမှ ဗုဒ္ဓဓာတ်တော်မြတ်များကိုတူးဖော်ရရှိခဲ့သည်။

အိန္ဒိယပြည်ပေသျှဝါမြို့မှတွေ့ရှိခဲ့သော ဘုရားရှင်၏ သာရီရိကအစစ် ဓာတ်တော်များကို မြန်မာပြည်ဘုရင်ခံ မင်းဆာသာကယ်ဝိုက်၏ ကူညီတင်လျှောက် ထောက်ခံပေးချက်ဖြင့် အိန္ဒိယပြည်ဘုရင်ခံချုပ် လော့မင်တိုသည် မြန်မာနိုင်ငံ မန္တလေးသို့ ပင့်ဆောင်ပူဇော်စေခဲ့သည်။ ပင်ဆောင်ရေးအဖွဲ့ မြန်မာပြည် ကိုယ်စားလှယ်များတွင် မင်းတုန်းမင်းကြီး၏ သားတော်ပျဉ်းမနားမြို့စား မင်းသားကြီး၊ မင်းတိုင်ပင်အမတ်ဦးဘတူ၊ ကျောက်စာဝန် မစ္စတာတော်စိန်ခို ၊သမာဓိမြို့ဝန်ဦးဘေ၊ မြူနီစီပါယ်လူကြီး သမာဓိမြို့ဝန်ရွှေပြည်မောင်ကလေးတို့ပါဝင်ကြောင်း သိရသည်။

ကလကတ္တားသို့ သွားရောက်ပင့်ဆောင်ရာတွင် အိန္ဒိယဘုရင်ခံချုပ်မင်းက ချီးမြှောက်ပေးအပ်လိုက်သော ဓာတ်တော်များကို မူလကြုတ်တော်နှင့် ပင့်ဆောင်ခဲ့ရာ ၁၂၇၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး ငါးရက်တိုင်တိုင်အပူဇော်ခံထားပြီး တန်ခူးလပြည့်ကျော်လေးရက်တွင် မန္တလေးမြို့သို့ရောက်ကာ ကြေးမြင်မိဖုရားအိမ်ဝင်းတော်ရှိတန်ဆောင်းတွင်ခေတ္တထားပြီး မဟာမုနိဂန္ဓကုဋိတိုက်အတွင်းတွင် အပူဇော်ခံထားရှိခဲ့သည်။

ရသေ့ကြီးဦးခန္တီသည် ဓာတ်တော်တိုက်ကို လုံခြုံခမ်းနားစွာ ပူဇော်ရန် မန္တလေးတောင်တော်တွင်ဆောက်လုပ်ပြီးသောအခါ ၁၂၈၅ သီတင်းကျွတ်လဆန်း ၁၅ ရက်နေ့တွင် မဟာမုနိဘုရာကြီးမှ အဆောင်အယောင်များဖြင့် ပင့်ဆောင်ခဲ့ကြောင်း သိရသည်။ ယခုအခါ ဂေါတမဗုဒ္ဓ၏ အရိုးဓာတ်တော်ကို မန္တလေးတောင်ခြေ ဦးခန္တီပြတိုက်တွင် ဖူးမြော်နိုင်ကြောင်းသိရသည်။ **(တိမ်တမန်)**



# (၁၁) ကြိမ်မြောက် ရခိုင်သျှစ်သောင်းမြောက်ပွဲ(သို့မဟုတ်) သဲပုံစေတီပွဲကျင်းပ

**စစ်တွေ မတ် ၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ ပွိုင့်ကမ်းခြေ၌ (၁၁)ကြိမ်မြောက် ရခိုင်သျှစ်သောင်းမြောက်ပွဲ(ခ)သဲပုံစေတီပွဲကို မတ် ၄ ရက် မွန်းလွဲပိုင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ အသင်းအဖွဲ့များအလိုက်၊ မိသားစုများအလိုက် သဲပုံစေတီများ တည်ခဲ့ကြသည်။

အဆိုပါသဲပုံစေတီပွဲတွင် ဒေသခံပြည်သူများက မြောက်ဦးမြို့ရှိ ရှေးဟောင်းအမွေအနှစ် စေတီပုထိုးများဖြစ်သော သျှစ်သောင်းဘုရားများ၊ ထုက္ကန်သိမ်၊ အံတော်သိမ်ဘုရားများနှင့် အခြားဒေသအသီးသီးမှ တန်ခိုးကြီးဘုရားစေတီများကို တည်၍ ကုသိုလ်ယူကြသည်။ စစ်တွေမြို့ ပန်းချီရွှေရခိုင်မိသားစုတို့ကလည်း နဂါးရုံဘုရားနှင့် ရှင်ဥပဂုတ္တမထေရ်မြတ် ရုပ်ပွားတော်ကိုလည်းကောင်း၊ သာကီမဏ္ဍိုင် ရခိုင်ယဉ်ကျေးမှုမြှင့်တင်ရေး အဖွဲ့ကလည်း ထုက္ကန်သိမ်ပုထိုးတော်ကြီးတို့ကိုလည်းကောင်း တည်ဆောက် ပူဇော်ခဲ့ကြသည်။

အဆိုပါ ရခိုင်သျှစ်သောင်းမြောက်ပွဲ(ခ) သဲပုံစေတီပွဲကို နှစ်စဉ် တပေါင်းလပြည့်နေ့ရောက်တိုင်း ဒီရေကျချိန်၌ အသင်းအဖွဲ့လိုက်၊ မိသားစုအလိုက် ပျော်ရွှင်စွာ သဲပုံစေတီများ တည်ဆောက်ကုသိုလ်ယူ၍ တံခွန်၊ ကုက္ကား၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များဖြင့် လှူဒါန်းပူဇော်ကြကြောင်းနှင့် အဆိုပါ သဲပုံစေတီပွဲသို့ ရပ်နီးရပ်ဝေးမှ ခရီးသွားပြည်သူများ၊ ကမ္ဘာလှည့်ခရီးသွားများပါလာရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဇော်နိုင်ထွန်း(IPRD)**



# ရွှေဘိုမြို့၌(၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ ၉၀ ရာခိုင်နှုန်း ကျော်ပြီးစီး

**ရွှေဘို မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့တွင် (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ပင်မဆောင်ကို နိုင်ငံတော်မှ ငွေကျပ်သိန်း ၁၂၀၀ ချထားပေးရာ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂ ရက်က Htet Engineering Myanmar Co.,Ltd. က တာဝန်ယူပြီးလုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ တိုင်းရင်းဆေးရုံနှင့် အတူ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ၊ လေးထပ်အဆောက်အအုံကို နိုင်ငံတော်မှ ငွေကျပ် ၂၃၈၄ သိန်းဖြင့် Shwe Joe Phyu Yadanar Co.,Ltd.က တာဝန်ယူ ဆောက်လုပ်လျက်ရှိရာ ၇၈ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ယခင်က ခရိုင်တိုင်းရင်းဆေးကုဌာနသာ ရှိပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်မှ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို ဆောက်လုပ်ခွင့်ရရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ခုတင်(၅၀)ဆံ့ဆေးရုံနှင့် မင်းကွန်းတွင်(၁၆)ခုတင်ဆံ့ဆေးရုံသာရှိသည်။ ယခုအချိန်တွင် တိုင်းရင်းဆေးရုံများကို မြင်းမူမြို့တွင် (၁၆)ခုတင်ဆံ့ဆေးရုံနှင့် ရွှေဘိုမြို့တွင်(၂၅)ခုတင်ဆံ့ ဆေးရုံများကို ဆောက်လုပ်လျက်ရှိကြောင်းသိရသည်။ **(ခင်ဦးစိုးဝေ)**



# ပြည်တော်အေးရွှေယဉ်မျှော်စေတီ ရွှေထီးတော်တင်လှူ

**ဘားအံ မတ် ၅**

ကရင်ပြည်နယ် ဘားအံမြို့ မြို့ကျက်သရေဆောင် ပြည်တော်အေးရွှေယဉ်မျှော်စေတီ အရန်ဘုရားလေးဆူနှင့် နောင်တော်ကြီးဘုရားရွှေထီးတော်တင်လှူပွဲအခမ်းအနားကို မတ် ၄ ရက်နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားကို နမောတဿ(၃)ကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဘားအံမြို့မြိုင်သဇင်ကျောင်းဆရာတော်ထံမှ သီလခံယူဆောက်တည်ကြသည်။ ထို့နောက် စိန်ဖူးတော်စသည်များဖြင့် လှူဖွယ်ဝတ္ထုများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊သံဃာတော်များထံ ဆပ်ကပ်လှူဒါန်းပြီး မြိုင်သဇင်ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။ ဆက်လက်၍ ဆရာတော်၊သံဃာတော်များက စိန်ဖူးတော်၊ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များအား ဘုရားဒါယကာများထံ ပြန်လည်ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ဘုရားဒါယကာများမှလက်ခံရယူပြီး အလှူရှင်များမှ လှူဒါန်းသောရွှေငွေကျောက်မြတ်ရတနာများအား စိန်ဖူးတော်အတွင်းသို့ သွတ်သွင်းကာ စေတီတော်အားလက်ယာ ရစ်လှည့်လည်၍ မင်္ဂလာမဏ္ဍပ်သို့ပင့်ဆောင်ကြသည်။

ထို့နောက် မင်္ဂလာအခါတော်ကျရောက်ချိန်တွင် ဘုရားဒါယကာများက စိန်ဖူးတော်၊ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များကို မင်္ဂလာပန်းရထားဖြင့် စေတီတော်ပေါ်သို့ပင်ဆောင်ကာ ပြည်တော်အေးစေတီတော်၏ အရံစေတီလေးဆူနှင့် စေတီ၏မြောက်အရပ်တွင်ရှိသော နောင်တော်ကြီးစေတီတော်အား ထီးတော်တင် ကပ်လှူကြပြီး ရတနာရွှေမိုးငွေမိုးများရွာသွန်းပေးကာ အခမ်းအနားကို ဗုဒ္ဓသာသနာစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်းသိရသည်။ **(နေမျိုးလွင်)**

# ပုလဲမြို့နယ်ပြည်သူ့စာကြည့်တိုက် စာငှားသူ၊ စာဖတ်သူများဖြင့် သက်ဝင်လှုပ်ရှား

**ပုလဲ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ရုံးစာကြည့်တိုက်ကို ပြည်သူ့စာကြည့်တိုက်အဖြစ် အသွင်သဏ္ဌာန်ပြောင်းလဲကာ ပြည်သူကို ဗဟိုပြု၍ ပြည်သူများ စာဖတ်သည့် အလေ့အကျင့်များ တိုးပွားလာပြီး အသိပညာ ဗဟုသုတတိုးပွားမြင့်မားလာစေရန်အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် သုတရသစာအုပ်များကို မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ အိမ်ထောင်စုများထံသို့ သွားရောက်ပြီး ငှားရမ်းပေးလျက်ရှိကြောင်းနှင့် ဖုန်းဖြင့် Wi-Fiချိတ်ဆက်ပြီး စာအုပ်ပေါင်း ၇၀၀၀ ကျော်ကို အလွယ်တကူ ဖတ်ရှုနိုင်စေရန်အတွက် Public Digital Library Sevice စက်ကိုလည်း ဖေဖော်ဝါရီ ၂၇ ရက်မှ စတင်၍ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်ပြည်သူ့စာကြည့်တိုက် တာဝန်ခံ ဒေါ်သင်းသင်းနွယ်က "ယခင်က စာအုပ်ငှားရမ်းလိုပါက စာကြည့်တိုက်အသင်းဝင်အဖြစ် လျှောက်ထားရာမှာ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအကဲ ထောက်ခံချက်၊ ကျောင်းသား ကျောင်းသူဖြစ်ပါက အတန်းပိုင် ဆရာ ဆရာမ ထောက်ခံချက်၊ အရပ်သားဖြစ်ပါက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်များ လိုအပ်တဲ့အတွက် လျှောက်ထားသူတွေ အခက်အခဲရှိပြီး အသင်းဝင်ရောက်မှုနည်းပါးကာ စာငှားသူ၊ စာဖတ်သူ လွန်စွာနည်းပါးပြီး တစ်ရက်ပျမ်းမျှ ၁၅ ဦးမှ ၃၀ ထိသာ ရှိခဲ့ပါတယ်"ဟု ပြောကြားသည်။

ပုလဲမြို့နယ် ပြည်သူ့စာကြည့်တိုက် တာဝန်ခံ ဒေါ်သင်းသင်းနွယ်က ဆက်လက်ပြောကြားရာမှာ "၂၀၁၃ ခုနှစ်ကစပြီး စာပေကို အမှန်တကယ် ချစ်မြတ်နိုးကြသော စာချစ်သူ ပရိသတ်များ အသင်းဝင်လျှောက်ထားရာမှာ မည်သည့် ထောက်ခံချက်မှ မလိုတော့ဘဲ စာငှားကတ်ကိုယ်တိုင်ပြုလုပ်၍ သုတရသ စာအုပ်များကို အခမဲ့ငှားရမ်းဖတ်ရှုနိုင်ရေးအတွက် ဌာနအနေနဲ့ ဖြေလျှော့ပေးခဲ့တဲ့အပြင် ပြည်သူ့စာကြည့်တိုက်အဖြစ် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည်သူကိုဗဟိုပြုပြီး အိမ်တိုင်ရာရောက် စာငှားစနစ်နဲ့ ဝန်ဆောင်မှုပေးခဲ့တဲ့အတွက် ယခုဆိုရင် ပုလဲမြို့နယ် ပြည်သူ့စာကြည့်တိုက်မှာ တစ်ရက်ပျမ်းမျှ ၈၀ ကျော်သည်အထိ တိုးပွားလာပြီး စာငှားသူ/ စာဖတ်သူများဖြင့် ရှင်သန်အောင်မြင်လျက်ရှိသလို တီဗွီကြည့်ရှုအပန်းဖြေသူများနဲ့လည်း စည်ကားလျက် ရှိပါတယ်။နောက်ပြီးတော့ မီတာ ၃၀၀ နဲ့ ၆၀၀ အတွင်း ဖုန်းဖြင့် Wi - Fi ချိတ်ဆက်ပြီး စာအုပ်ပေါင်း ၇၀၀၀ ကျော်ကိုလည်း အလွယ်တကူ လေ့လာဖတ်ရှုနိုင်ရန် အတွက် Public Digital Library Sevice စက်ကို ၂၄နာရီ ထုတ်လွှင့်ပေးထားပါတယ်"ဟု ပြောကြားခဲ့သည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

# နယ်မြေရှင်းလင်းဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းနှင့် ကိုးကန့်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲ ဖြစ်ပွား


**နေပြည်တော် မတ် ၅**

တပ်မတော်စစ်ကြောင်းများက လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိရာ မတ် ၄ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် ကြွယ်ပါးရွာအရှေ့ဘက် တစ်ဝိုက်၌ တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ကိုးကန့်သောင်းကျန်းသူ အင်အားစုအချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး တပ်မတော်စစ်ကြောင်း၏ ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်မှုကြောင့် သောင်းကျန်းသူများသည် အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

ထို့အတူ ကြွယ်ပါးရွာ အရှေ့တောင်ဘက်တွင် လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် ကိုးကန့်သောင်းကျန်းသူ အင်အားစုအချို့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တပ်မတော်စစ်ကြောင်း၏ စနစ်တကျ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုကြောင့် သောင်းကျန်းသူများသည် အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

အဆိုပါဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ ဒုံးပစ်လောင်ချာ နှစ်လက်၊ ကျည်အိမ်ခြောက်ခု၊ စက်လတ်ကျည်ဘောက်ဝိုင်း သုံးခု၊ လက်ပစ်ဗုံး ငါးလုံး၊ စနိုက်ပါ ကျည် ၂၇၈ တောင့်၊ အမ်-၂၂ ကျည် ၄၂၅ တောင့်၊ ကျည်ဆန်ထည့်ပုံး တစ်ပုံး၊ ကျည်ကာအင်္ကျီ လေးထည်၊ MNDAA လက်မောင်းတံဆိပ်ပါ ယူနီဖောင်း ၁၅ ထည်၊ ကျောပိုးအိတ်အခွံ ၁၄ လုံး၊ TNT ယမ်းအုံရှစ်လုံးနှင့် စနက်တံတစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်ဘက်မှ စစ်သည်တစ်ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့၍ စစ်သည်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ထို့အပြင် မတ် ၃ ရက် ညနေ ၃ နာရီတွင် လောက်ကိုင်မြို့နယ် တုံချိန်ကျေးရွာနေခြံပိုင်ရှင် ဦးထိန်ဆန်း၏ နေအိမ်အား သတင်းအရ တပ်မတော်စစ်ကြောင်းနှင့် နယ်မြေခံရဲတပ်ဖွဲ့များ ပူးပေါင်းပြီး ဝင်ရောက်စစ်ဆေးရှာဖွေခဲ့ရာ ပွိုင့်-၃၈ မမ ပစ္စတိုတစ်လက်၊ ယင်းကျည်အိမ် တစ်ခု၊ ကျည် ၁၆ တောင့်၊ ပြောက်ကျားယူနီဖောင်းနှစ်စုံ၊ အစိမ်းရောင်ယူနီဖောင်း လေးစုံ၊ မြန်မာငွေကျပ် ၅၁၅၀၀၀ နှင့် တရုတ် ယွမ်ငွေ ၅၄၀ တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**




# တရားမဝင်အလုပ်သွားရောက်လုပ်ကိုင်သူများအား ပြန်လည်လွှဲပြောင်းလက်ခံ

**တာချီလိတ် မတ် ၅**

ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား အမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၁၉ ဦး ကလေးငယ်လေးဦး စုစုပေါင်း ၆၁ ဦးတို့အား ထိုင်းနိုင်ငံ တာဝန်ရှိသူများက မတ် ၅ ရက် နံနက် ၁၀ နာရီခန့်က တာချီလိတ်မြို့ အမှတ်(၁) ချစ်ကြည်ရေးတံတား အလယ်တွင် လာရောက်လွှဲပြောင်းပေးအပ်ရာ မြန်မာဘက်မှ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံရယူခဲ့ကြသည်။



"အခုလို တစ်ဖက်နိုင်ငံထဲကို တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေကြသူတွေထဲမှာ တိုင်းရင်းသားတွေ များပါတယ်။ လူမှောင်ခိုကူးသူတွေ၊ အလုပ်ပွဲစားတွေက တိုင်းရင်းသားတွေရဲ့ ရိုးသားမှုအပေါ် မက်လုံးတွေ အမျိုးမျိုးပေးပြီး ဆွဲဆောင်ကြတယ်။ လက်တွေ့ တစ်ဖက်နိုင်ငံလည်း ရောက်ရော အခက်အခဲမျိုးစုံနဲ့ကြုံတွေ့ရတယ်။ ဆင်းရဲဒုက္ခရောက်ကြရတယ်။ တရားမဝင် ဝင်ရောက်လာကြတော့ ခုလို ဖမ်းဆီးခံရပြန်တယ်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းတွေကို ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေချင်ပါတယ်" ဟု တာချီလိတ်ဒေသခံတစ်ဦးက ပြောပြသည်။

**(မောင်ယဉ်ကျေး)**

# ကြက်၊ ငှက်တုပ်ကွေးရောဂါ

## လူသို့ ကူးစက်ပြန့်ပွားမှုမရှိရန် ကာကွယ်ရေးနှိုးဆော်ချက်

၁။ ကြက်၊ ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအချို့တွင် ဖြစ်ပွားလျက်ရှိပါသည်။ ဆောင်းခိုရေပျော်ငှက်များမှ တစ်ဆင့် တစ်ပိုင်တစ်နိုင်မွေးမြူထားသော ကြက်၊ ဘဲ၊ ငှက်များသို့ ကူးစက်ပျံ့နှံ့ရုံသာမက ခို၊ ငုံး၊ ကျီးကန်း၊ စာကလေး၊ ကြက်တူရွေး စသည့် ငှက်များ၊ ဝက်၊ ကြောင်နှင့် အခြား စသည့်တိရစ္ဆာန်များသို့ပါ ရောဂါကူးစက်ပြန့်ပွားသေဆုံးလျက်ရှိပါသည်။

၂။ ထို့မှတစ်ဆင့် ကြက်၊ ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုကြောင့် နိုင်ငံအချို့တွင် လူများရောဂါဖြစ်ပွားခြင်း၊ သေဆုံးခြင်းများဖြစ်ပေါ်လျက်ရှိပါသည်။ ရောဂါဖြစ်ပွားသူများတွင် သေဆုံးမှု ၆၀ ရာခိုင်နှုန်းခန့်ရှိပါသည်။ လူသို့ ရောဂါကူးစက်ဖြစ်ပွားရခြင်းမှာ ရောဂါဖြစ်ပွားနေသော ကြက်၊ ဘဲ၊ ငှက်များမှတစ်ဆင့် ၎င်းကြက်၊ ဘဲ၊ ငှက်များ၏ အသား၊ ဥ၊ မစင်၊ အညစ်အကြေးများနှင့် အခြားငှက်ထွက်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ရာမှ ယင်းရောဂါကူးစက်ခြင်းဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မိဘပြည်သူများသို့ ကြက်၊ ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငှက်၊ ဝက်များကို ရောနှောမွေးမြူခြင်းမှ ရှောင်ကြဉ်ရန်၊

(ခ) မိမိတို့အိမ်အတွင်း(သို့) အိမ်အောက်တွက် ကြက်၊ ဘဲ၊ ငှက်များမွေးမြူခြင်းမှ ရှောင်ကြဉ်ရန်၊

(ဂ) အထူးသဖြင့် ကလေးများကို ကြက်၊ ဘဲ၊ ငှက်များနှင့် ထိတွေ့ကိုင်တွယ်ခြင်း မပြုလုပ်စေရန်၊

(ဃ) ကြက်၊ ငှက်အရှင်များ၊ အသေများနှင့် အသားများ၊ သွေးများ၊ ဥများ၊ အရိအရွဲများ၊ အမွေးများတွင် ရောဂါပိုးပါရှိနိုင်သဖြင့် ကိုင်တွယ်ပြီးလျှင်ပြီးချင်း လက်များကို ဆပ်ပြာဖြင့် စင်ကြယ်စွာပွတ်တိုက်ဆေးကြောရန်၊

(င) ကြက်၊ ငှက်တုပ်ကွေးရောဂါပိုးများသည် ရေထဲတွင် ကြာရှည်စွာ ရှင်သန်နိုင်သဖြင့် ကလေးများအား ရေကန်များ (အထူးသဖြင့် ဘဲမွေးကန်)များတွင် ရေကူးခြင်း၊ ဆော့ကစားခြင်းမပြုလုပ်စေရန်၊

(စ) ကြက်၊ ဘဲ၊ ငှက်တို့၏ မစင်တွင် ရောဂါပိုးအမြောက်အမြား ပါရှိသောကြောင့် ကြက်၊ ဘဲ၊ ငှက်များ၏ မစင်ကို လက်ဖြင့်ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ရန်နှင့် စနစ်တကျ စွန့်ပစ်ရန်၊

(ဆ) ရောဂါဖြစ်နေသော ကြက်၊ ဘဲ၊ ငှက်များကို တွေ့ရှိပါက ရောဂါမကူးစက်စေရေးအတွက် လက်အိတ်စွပ်ခြင်း၊ နှာခေါင်းစည်းတပ်ခြင်းအစရှိသော နည်းများဖြင့် ကာကွယ်ပြီးမှသာ ကိုင်တွယ်ခြင်း၊ မြှုပ်နှံခြင်း၊ ဖျက်ဆီးခြင်းများ ဆောင်ရွက်ရန်၊

(ဇ) ရောဂါပိုးကူးစက်နိုင်သည့် နေရာများဖြစ်သော ကြက်ခြံများ၊ ဈေးများ၊ ကြက်၊ ဘဲဒိုင်များ၊ ကြက်၊ ငှက်သတ်သောနေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမပြုရန်၊

(ဈ) ကြက်၊ ငှက်များနှင့် ကြက်၊ ငှက်ထွက်ပစ္စည်းများ ကိုင်တွယ်ချက်ပြုတ်ရာမှ ရောဂါကူးစက်မှုမရှိစေရန် ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းနှင့် ကြက်၊ ငှက်အသားများကို စနစ်တကျ ကျက်အောင် ချက်ပြုတ်စားသောက်ရန်၊

(ည) ကြက်၊ငှက်များ အစုလိုက်သုတ်သင်သူများနှင့် မည်သူမဆို ရောဂါဖြစ်နေသော ကြက်ခြံအတွင်း ဝင်/ထွက် သွားလာပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်၍ ဝင်ရောက်ရန်၊

(ဋ) စားသောက်ဆိုင်များတွင် တောရိုင်းငှက်များကို သိုလှောင်၊ ချက်ပြုတ်၊ ရောင်းချမှုမှ ရှောင်ကြဉ်ရန်၊

၄။ ကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေသော ကြက်၊ ငှက်များနှင့် ထိတွေ့မှုရှိသော လူများတွင် ရောဂါကူးစက်မှုဖြစ်လာပါက -

(က) ပြင်းထန်စွာ ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း

(ခ) ချောင်းဆိုးခြင်း၊ အသက်ရှူနှုန်းမြန်လာခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူရန်ခက်ခဲခြင်း စသည်တို့ ဖြစ်ပွားပြီး သေဆုံးနိုင်သဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့၍ ဆေးကုသမှုခံယူရန် အရေးကြီးပါသည်။

၅။ လူအစုလိုက်တွင် တုပ်ကွေးလက္ခဏာများ ဖြစ်ပွားခြင်း၊ ပြင်းထန်အဆုတ်ရောင်ရောဂါ အစုလိုက်ဖြစ်ပွားခြင်းများရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့၍ ဆေးကုသမှုများ ခံယူရန် လိုအပ်ကြောင်း နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# အက်ဖ်အေဖလားကွာတားဖိုင်နယ် ရင်ခုန်သံ

**လာမယ့် မတ် ၇ ရက်နဲ့ ၈ ရက်တွေမှာ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကို ကျင်းပသွားဖို့ ရှိနေပါတယ်။ အဆိုပါ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ကွာတားအဆင့်ပွဲစဉ်တွေမှာတော့ မန်ယူနဲ့ အာဆင်နယ်တို့လို အသင်းကြီးနှစ်သင်းဆုံတွေ့တဲ့ ပွဲစဉ်ပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိမယ့်ပွဲစဉ်တစ်ခု ဖြစ်လာဖို့ ရှိနေပါတယ်။**

**ဘရက်ဖို့ဒ်-ရီးဒင်း** **ည ၇း၁၅(၇-၃-၁၅)**

ချယ်လ်ဆီး၊ ဆန်ဒါလန်းတို့လို ပရီမီယာလိဂ်ကလပ် အသင်းကြီးတွေကို အနိုင်ယူပြီး ဒီအဆင့်အထိ ရောက်လာခဲ့တဲ့ဘရက်ဖို့ဒ်ရဲ့ ခြေစွမ်းပိုင်းကို လျှော့တွက်လို့ မရနိုင်ပါဘူး။ အထူးသဖြင့် ဘရက်ဖို့ဒ်ရဲ့ တိုက်စစ်ဟာ ထိုးဖောက်ကစားပုံကောင်းမွန်သလို ဘရက်ဖို့ဒ်ဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ဆိုရင်လည်း ကစားပုံပိုမိုကျစ်လျစ်တတ်ပါတယ်။ ရီးဒင်းကတော့ လိဂ်ချန်ပီယံရှစ်မှာ ခြေစွမ်းပိုင်းမတည်ငြိမ်ဘဲ တန်းမဆင်းရဖို့တောင် ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာလည်း ဘရက်ဖို့ဒ်တို့ အနိမ့်ဆုံးသရေလောက်ကစားသွားနိုင်မှာပါ။

**ဗီလာ-ဝက်စ်ဘရွန်း** **နံနက် ဝဝး၀၀ (၈-၃-၁၅)**

အက်စ်တွန်ဗီလာဟာ ဒီအဆင့်ကိုရောက်ရှိလာခဲ့တာ မှန်ပေမယ့်စွမ်းဆောင်ရည်ပိုင်းကတော့ သာမန်ထက်လုံးဝကို မပိုပါဘူး။ အောက်အဆင့်တွေမှာ ဘလက်ပူးလ်၊ ဘုန်းမောက်၊ လက်စတာတို့ကိုတောင် ခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ရတာဖြစ်ပါတယ်။ ဂိုးသွင်းခြေလုံးဝမရှိသလို အသင်းလိုက်ကစားပုံကလည်း လိုအပ်ချက်တွေရှိတာကြောင့် အိမ်ကွင်းဖြစ်ပေမယ့် ဝက်စ်ဘရွန်းကို အသာရဖို့ မလွယ်ပါဘူး။ ဝက်စ်ဘရွန်းဟာ အခုနောက်ပိုင်းကစားပုံတည်ငြိမ်မှုရှိသလို ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုရှိတာကြောင့်ဒီပွဲမှာ ဝက်စ်ဘရွန်းပဲ ကပ်နိုင်သွားမှာပါ။

**လီဗာပူး-ဘလက်ဘန်း** **ည ၁၀း၃၀(၈-၃-၁၅)**

ပရီမီယာလိဂ်မှာ ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖြစ်ဖို့အတွက်တောင် ရုန်းကန်နေရပြီး ကက်ပီကယ်ဝမ်းဖလားနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေပါ ထွက်ခဲ့ရတဲ့ လီဗာပူးဟာ ဒီပြိုင်ပွဲမှာဆုဖလားတစ်လုံးဆွတ်ခူးနိုင်ရေးဆိုတဲ့ အိပ်မက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဆီမီးအဆင့်ကို တက်ရောက်နိုင်ဖို့ ဒီပွဲမှာ အမှားခံမှာ မဟုတ်ပါဘူး။ ဘလက်ဘန်းက လက်ရှိအချိန်မှာ ကစားပုံမဆိုးသလို ဒီပြိုင်ပွဲမှာလည်း ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တယ် ဆိုပေမယ့် လီဗာပူးရဲ့ အိမ်ကွင်းဖိအားကိုတော့ ထိန်းချုပ်ဖို့ ခက်မှာပါ။ လီဗာပူးပဲနိုင်ပွဲရသွားပါလိမ့်မယ်။

**မန်ယူ-အာဆင်နယ်** **နံနက် ၂း၁၅ (၁၀-၃-၁၅)**

နှစ်သင်းစလုံးအတွက် ဆုဖလားမျှော်လင့်နိုင်ဖို့ဆိုတာ ဒီပြိုင်ပွဲသာ အနီးစပ်ဆုံးဖြစ်တာကြောင့် အားစိုက်ကစားလာဖို့ ရှိနေပါတယ်။ လက်ရှိအချိန်မှာ အသင်းလိုက်ကစားပုံအရ အာဆင်နယ်ကပိုမိုကောင်းမွန်တာ မှန်ပေမယ့်လည်း မန်ယူက အိမ်ကွင်းဖြစ်ပြီး အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုမိုကောင်းမွန်တတ်တာ သတိပြုရမယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ အာဆင်နယ်ရဲ့ခံစစ်ကလည်း ကျစ်လျစ်မှုအားနည်းတာကြောင့် မန်ယူတို့ အခွင့်အရေးရနိုင်ပါ။ နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားမှာဖြစ်လို့ အကြိတ်အနယ်ရှိနိုင်ပြီး မန်ယူက ကပ်နိုင်သွားမှာပါ။ **(ရှိုင်းမင်းမင်း)**

# ရီးယဲလ်နောက်ခံလူ ဗာရာနီအား ခေါ်ယူရန် ပရီမီယာလိဂ်ကလပ်များ အပြိုင်စောင့်ကြည့်နေ

စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်း၏ ပြင်သစ်လူငယ်နောက်ခံကစားသမား ရာဖေးလ်ဗာရာနီအား ပရီမီယာလိဂ်ထိပ်သီးကလပ် အသင်းများဖြစ်ကြသည့် ချယ်လ်ဆီး၊ မန်ယူ၊ စပါး၊ အာဆင်နယ် စသည့်အသင်းများကအပြိုင်စိတ်ဝင်စားနေကြောင်း သိရသည်။

ဗာရာနီမှာ လာမည့်နွေရာသီကာလတွင် ရီးယဲလ်အသင်းမှ ထွက်ခွာရန် ရေပန်းစားနေသူဖြစ်ပြီး ပရီမီယာလိဂ်ကလပ်အသင်းများအပြင် အခြားနာမည်ကျော် ဥရောပအင်အားကြီး ကလပ်အသင်းများကပါ ခေါ်ယူရန် စောင့်ကြည့်ခြင်းခံနေရ သူလည်းဖြစ်သည်။

ချယ်လ်ဆီးအသင်း အနေဖြင့် ဗာရာနီအားခေါ်ယူရန် ပြီးခဲ့သည့် ဆောင်းရာသီကာလ ကတည်းက ကြိုးပမ်းနေခြင်းဖြစ်သလို မန်ယူအသင်းမှာလည်း လာမည့်ဘောလုံးရာသီတွင် ထိပ်တန်းအဆင့် နောက်ခံလူတစ်ဦးကို မဖြစ်မနေ ခေါ်ယူသွားရန် ပစ်မှတ်ထားနေခြင်း ဖြစ်သည်။ ထို့ကြောင့် ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့မှာ ၎င်းအား ခေါ်ယူရန်အတွက် အပြိုင်ကြိုးပမ်းသွားရန် စီစဉ်လျက်ရှိပြီး လာမည့်ဘောလုံးရာသီမစတင်မီ မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူကမ်းလှမ်းသွားရန် ပြင်ဆင်နေကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။

ထို့ပြင် ရီးယဲလ်အသင်းအနေဖြင့် ဗာရာနီအား လက်လွှတ်ရန် ဆန္ဒမရှိသော် လည်း အနည်းဆုံးပေါင်သန်း ၂၀ ခန့်ရရှိပါက ရောင်းထုတ်သွားရန် အသင့်ရှိနေကြောင်း စပိန်မီဒီယာများကဖော်ပြခဲ့ကြသည်။ အသက်(၂၁) နှစ်အရွယ်ရှိ ပြင်သစ်လက်ရွေးစင် နောက်ခံလူ ဗာရာနီမှာ ၂၀၁၁ ခုနှစ်မှ စတင်ကာ လန်းစ်အသင်းမှရီးယဲလ်အသင်းသို့ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ပွဲပေါင်း ၅၀ ကျော်ပါဝင်ကစားပေးခဲ့ကြောင်း သိရသည်။ **(ကိုရဲ)**

# မာတီနက်ဇ်အတွက် ပေါင်၂၅သန်းကျော်သုံးစွဲရန် အာဆင်နယ်အသင့်ရှိနေ



ပရီမီယာလိဂ်ကလပ် အာဆင်နယ်သည် ပေါ်တိုအသင်းမှ ဂျက်ဆင်မာတီနက်ဇ်အား ခေါ်ယူနိုင်ရန်အတွက် ပေါင်၂၅ ဒသမ ၄ သန်း ပေးချေရန် အသင့်ရှိနေပြီး ပေါ်တိုကလည်း သဘောတူလက်ခံမည့် အနေအထားတွင် ရှိသည်။ လာမည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် မာတီနက်ဇ်သည် အာဆင်နယ်၏ အဓိကပစ်မှတ်ထား ခေါ်ယူလိုနေသော ကစားသမားတစ်ဦးလည်း ဖြစ်သည်။

အာဆင်နယ်သည် အဆိုပါကစားသမားအား အမ်းမရိတ်စ်ကွင်းဆီသို့ အရောက်ခေါ်ယူနိုင်ရန် လပေါင်းအတော်ကြာ စောင့်ကြည့်နေခဲ့ပြီးနောက် အခုအခါပေါင်၂၅ဒသမ၄သန်းခန့်သုံးစွဲသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ပေါ်တိုအနေဖြင့်လည်း မာတီနက်ဇ်နှင့် ချုပ်ဆိုခဲ့သော စာချုပ်တွင် ပေါင်၂၉ သန်း ပေးချေမှသာ ထွက်ခွာခွင့်ပေးမည်ဟု ပါရှိခဲ့သော်လည်း ယင်းပမာဏလောက်ဆိုလျှင် လက်ခံမည့် အနေအထားတွင် ရှိသည်။

အဆိုပါကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် ပေါ်တိုအတွက် စုစုပေါင်း ၃၁ ပွဲ ဝင်ရောက်ကစားပေးခဲ့ပြီး ၂၆ ဂိုးအထိ သွင်းယူပေးထားရာ စပါးနှင့် လီဗာပူးတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်။ အာဆင်နယ်၏ အခြားအပြောင်းအရွှေ့သတင်းတစ်ရပ်မှာ ချယ်လ်ဆီးဂိုးသမား ပီတာချက်အား မြင့်မားသောပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူလိုနေခြင်းဖြစ်သည်။ **(မေလှဲ့သင်း)**

# စပိန်ကိုပါဒယ်ရေးဗိုလ်လုပွဲသို့ ဘာစီလိုနာ(၃၇)ကြိမ်မြောက်တက်လှမ်း



စပိန်လာလီဂါ၏ ထိပ်တန်းအဆင့်ရှိ အသင်းတစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ဗီလာရီးယဲလ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ဘာစီလိုနာအသင်းက ဗီလာရီးယဲလ်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဘာစီလိုနာအသင်း ကိုပါဒယ်ရေးဖလားနောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် ယင်းပွဲစဉ်တွင် တိုက်စစ်မှူးနေမာ၏ ပွဲကစားချိန် ၃ မိနစ်တွင် သွင်းယူခဲ့သည့် သွင်းဂိုးဖြင့် ဦးဆောင် ဂိုးစတင်ရရှိခဲ့သော်လည်း ပွဲကစားချိန် ၃၉ မိနစ်တွင် ဗီလာရီးယဲလ်အသင်းအား ချေပဂိုး ပြန်လည်ပေးခဲ့ရသည်။

သို့ရာတွင် ဗီလာရီးယဲလ်ကစားသမား ပီနာ အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီးနောက် ဘာစီလိုနာအသင်း၏ တိုက်စစ်ပိုင်းအတွက် ကစားကွက်အကောင်းဆုံးပုံဖော်လာနိုင်ခဲ့ပြီး ဒုတိယပိုင်း ပွဲကစားချိန် ၇၃ မိနစ်တွင် တိုက်စစ်မှူး ဆွာရတ်ဇ်ကလည်းကောင်း၊ ပွဲကစားချိန် ၈၈ မိနစ်တွင် တိုက်စစ်မှူးနေမာကလည်းကောင်း အနိုင်ဂိုးများသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းသည် ဒုတိယအကျော့တွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပထမအကျော့ ဘာစီလိုနာအိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့စဉ်ကလည်း ဘာစီလိုနာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဘာစီလိုနာအသင်းသည် စပိန်ကိုပါဒယ်ရေးဖလားနောက်ဆုံး ဗိုလ်လုပွဲသို့ (၃၇)ကြိမ်မြောက်အဖြစ် တက်လှမ်းလာခဲ့ ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် စပိန်ကိုပါဒယ်ရေးဖလားနောက်ဆုံးဗိုလ်လုပွဲတွင် ဘီဘာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဘီဘာအိုအသင်းသည်လည်း ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် အက်စပန်ညိုအသင်းအား နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားခဲ့သည့်အသင်းဖြစ်၍ လျှော့တွက်၍ မရသည့်အသင်းပင်ဖြစ်သည်။ **(ငွေကြယ်)**

# ဂျွန်နီအီဗန်၏ တံတွေးထွေးခဲ့သည့် ဖြစ်ရပ်အပေါ် ဗန်ဟားလ်ကာကွယ်

မန်ယူအသင်းနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် မန်ယူနောက်ခံလူ ဂျွန်နီအီဗန်က နယူးကာဆယ်တိုက်စစ်မှူး ဆစ်ဆီအား တံတွေးဖြင့် ထွေးခဲ့ရာ အက်ဖ်အေ၏စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူခံရဖွယ်ရှိနေသည်။ သို့သော်မန်ယူနည်းပြဗန်ဟားလ်ကမူ အဆိုပါဖြစ်ရပ်အပေါ် မြင်တွေ့ခဲ့ခြင်း မရှိသကဲ့သို့ အီဗန်မှာလည်း ထိုကဲ့သို့သော အလုပ်မျိုးကိုလုပ်ဆောင်မည့်သူဟု မထင်ကြောင်း ကာကွယ်ပြောကြားပေးခဲ့သည်။

အီဗန်ကမူ ဆစ်ဆီက ၎င်းအား တံတွေးဖြင့် ထွေးခဲ့ခြင်းကြောင့်သာ တုံ့ပြန်ခဲ့ခြင်းဖြစ်သည်ဟု ဆိုခဲ့သည်။ ဒိုင်လူကြီး အန်တိုနီတေလာက အဆိုပါ ကစားသမားနှစ်ဦး အချင်းပွားနေချိန်တွင် လူခွဲခဲ့သော်လည်း အရေးယူမှုတစ်စုံတစ်ရာ မပြုလုပ်ခဲ့ပေ။ ပြီးခဲ့သည့် ဘောလုံးရာသီက ဟားလ်စီးတီးအသင်းမှ ဘိုင်းယက်က မန်စီးတီးဂိုးသမား ဂျိုးဟတ်အား တံတွေးဖြင့် ထွေးခဲ့ရာ သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

ဗန်ဟားလ်က ၎င်း၏နောက်တန်းကစားသမားမှာ ထိုကဲ့သို့သော အပေါစားဆန်သည့် လုပ်ရပ်မျိုးကို လုပ်မည့်ကစားသမားမျိုးဟု မထင်ကြောင်းဆိုခဲ့သည်။ ဗန်ဟားလ်က “ ကျွန်တော့်နေရာကနေ ဘာမှမြင်တွေ့ခဲ့ခြင်း မရှိပါဘူး။ ဒါကြောင့် ခုဖြစ်ရပ်အပေါ် ဆုံးဖြတ်ပေးဖို့ ခဲယဉ်းပါတယ်။ ပြီးတော့ အီဗန်က ဒီလိုမျိုးအလုပ်ကို လုပ်မယ်လို့လည်း မထင်ပါဘူး။ဒါက အဝတ်လဲခန်းမှာ ဆုံးဖြတ်လို့ရတဲ့ ကိစ္စမျိုးလည်း မဟုတ်ပါဘူး” ဟုပြောကြားခဲ့သည်။

အဆိုပါပွဲတွင် မန်ယူက နယူးကာဆယ်အား အဝေးကွင်းတွင် ကွင်းလယ်ကစားသမား အက်ရှ်လေယန်း၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခင် နယူးကာဆယ်ကွင်းလယ်လူဟောင်း ဟာမန်းက ကစားသမားနှစ်ဦးစလုံးကို ရက်သတ္တပတ်အတော်ကြာ ပွဲပယ်ပြစ်ဒဏ်ချမှတ်သင့်သည်ဟုဆိုခဲ့သည်။

ရုပ်မြင်သံကြား အန္တေးပြ ကွက်တွင် ဆစ်ဆီက လဲကျနေစဉ် အီဗန်က တံတွေးဖြင့် ထွေးခဲ့ပြီးနောက် ဆစ်ဆီက အီဗန်အား စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်အပေါ် ပြိုင်ပွဲတာဝန်ရှိသူများက မြင်တွေ့ခဲ့ခြင်းမရှိဘဲ ဗွီဒီယိုမှတ်တမ်းများအရသာ ယင်းဖြစ်ရပ်အပေါ် သိရှိခဲ့ရခြင်းဖြစ်သည်။ နယူးကာဆယ်နည်းပြ ဂျွန်ကာဗာနှင့် မန်ယူနည်းပြ ဗန်ဟားလ်တို့ နှစ်ဦးစလုံးလည်း အဆိုပါဖြစ်ရပ်အပေါ် မြင်တွေ့ခဲ့ခြင်းမရှိပေ။ **(မေလှဲ့သင်း)**



## ဖားကန့်မြို့နယ်၌ ဘိန်းဖြူ သုည ဒသမ ဝ၃၄၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၆၅ ပြား သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၅**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၅ ရက်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မလောင်ကျေးရွာနေ ကျော်ထွေး၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ နေအိမ် အိပ်ရာဘေးကြမ်းပြင်နှင့် ကြမ်းပြင်ခြေရင်းမြေကြီးအတွင်းမှကော်ဘူးဖြင့်ထည့်လျက် စုစုပေါင်းဘိန်းဖြူ အလေးချိန် သုည ဒသမ ဝ၃၄၂ ကီလို၊ အိပ်ရာအောက်ကြမ်းခင်းပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၅ ပြား တို့ကို သိမ်းဆည်းရမိသဖြင့် ကျော်ထွေး (၄၄ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မူးယစ်ဗဟို)**



## ယာဉ်မောင်းအိပ်ငိုက်မှုကြောင့် ကပ်တိုးများနှင့် အလူမီနီယံတန်းများအား ဝင်ရောက်တိုက်မိ

**နေပြည်တော် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၄/၅-၆)ကြားတွင် မတ် ၂ ရက် နံနက် ၄ နာရီ ၁ဝ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၃)လမ်းဆုံ အမြန်လမ်းမကြီးရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံအရှေ့မြို့နယ် (၁)ရပ်ကွက်နေ ဦးဝင်းဇော်(၅၂)နှစ် မောင်းနှင်လာသော 2F/------- ငွေနှင်းမန္တလာ ခရီးသည်တင် မှန်လုံယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကပ်တိုးများနှင့် အလူမီနီယံတန်းများအား ဝင်ရောက်တိုက်မိပြီး လမ်းပေါ်တွင်ရပ်တန့်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်မိမှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်မှာ ရှေ့ဘန်ဘာကျိုးပဲ့၊ တန်ဖိုးငွေကျပ်သိန်း ၂ဝ ခန့်၊ လမ်းလယ်ကျွန်းကပ်တိုး ၂ဝ နှင့် အလူမီနီယံတန်း ၁၉၅ ပေခန့်ပျက်စီး၍ တန်ဖိုးငွေကျပ် ၁၅ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် ဦးဝင်းဇော်အား အမှတ်(၃) လမ်းဆုံအမြန်လမ်းမကြီးရဲစခန်းက ယာဉ်(ပ)၅/၂ဝ၁၅၊ ပြစ်မှုပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ တားဆီးစစ်ဆေး

**နေပြည်တော် မတ် ၅**

တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရန် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်မှုပြုလုပ်သည့် ပင်လယ်ရေကြောင်း၊ လေကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း အသီးသီး၌ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေခြင်းကို တားဆီးဆောင်ရွက်သွားရန်နှင့် ကုန်သွယ်မှုပမာဏ မြင့်မားရေးအတွက် ဆောင်ရွက်ရန် ရန်ကုန်-မြဝတီ ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်တွင် အခြေပြု၍ လှုပ်ရှား Mobile Team အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြဝတီမှ သွင်းကုန်ပစ္စည်းများကို လိုင်စင်အကောက်ခွန်ကြေညာလွှာတို့ဖြင့် သယ်ဆောင်လာသော မော်တော်ယာဉ်များသည် တရားမဝင် အကောက်ခွန်မဲ့ သွင်းကုန်ပစ္စည်းများ တင်ဆောင်ပြီး ညောင်ခါးရှည်သို့ ရောက်ရှိနေကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ (ရန်ကုန်)သို့ သတင်းပေးတိုင်ကြားချက်အရ အထူးစစ်ဆေးရေးအဖွဲ့ဖြင့် ညောင်ခါးရှည်သို့ သွားရောက်စစ်ဆေးရာ တရားမဝင် အကောက်ခွန်မဲ့ သွင်းကုန်ပစ္စည်းများ တင်ဆောင်လာသော ကုန်တင်ယာဉ် ၂၄ စီးကို တွေ့ရှိခဲ့ရသည်။

ကုန်တင်ယာဉ် ၂၄ စီးအား ဖေဖော်ဝါရီ ၂ဝ ရက်က ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ဆူးလေဆိပ်ကမ်းကုန်လှောင်ရုံသို့ ပို့ဆောင်၍ အထူးစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးရာ တရားမဝင်အကောက်ခွန်မဲ့ သယ်ဆောင်လာသော Samsung ရေခဲသေတ္တာ ၁၈၅ လုံး၊ Samsung အဝတ်လျှော်စက် အလုံး ၁၂ဝ၊ Samsung TV 32" ခြောက်လုံး၊ နို့ဆီ နို့စိမ်း ၁၆၉၁ ဖာ ၈၁၁၆၈ လုံး၊ ကွဲစိမ်းအချိုရည် ၆၃၂ ဖာ ၁၅၁၆၈ လုံး၊ ပဲနို့ ၁၃၅၈ ဖာ ၃၂၉၅၂ ဘူး၊ စားဆီ ၃၄ဝ ဖာ ၄၉၇၆ လီတာ၊ ကားအင်ဂျင်အဟောင်း ၁၉၁ လုံးနှင့် ကားအပိုပစ္စည်းများ၊ လေးပေမီးချောင်း ၁၇၆၅ဝ ၊ ကွန်ပျူတာ (Mother Board) ၁၉၂ဝ၊ မိုးစီးဖိနပ်အရန် ၂၁၄၄ဝ အပါအဝင် လူသုံး၊ အိမ်သုံးပစ္စည်းမျိုးစုံ စုစုပေါင်း တန်ဖိုး ကျပ်သိန်း ၆ဝဝဝ ကျော်ခန့် သိမ်းဆည်းရမိခဲ့သည်။

ယင်းသို့ စစ်ဆေးခဲ့သော ယာဉ် ၂၄ စီးတွင် ပိုမိုတင်ဆောင်လာသည့် လိုင်စင်၊ ID မပါရှိသော အကောက်ခွန်မဲ့ ပစ္စည်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက် ခွန်အမှုတွဲဖွင့်လှစ်၍ အကောက်ခွန်ဦး စီးဌာနသို့ ဖေဖော်ဝါရီ ၂၅ ရက်က အပ်နှံခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



## မိုင်းဆတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၂ဝဝ နှင့် ဘိန်းစိမ်း သုည ဒသမ ဝဝ၉ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၅**

မူးယစ်တပ်ဖွဲ့စု(၂၉)မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက်က မိုင်းဆတ်မြို့ မယ်ဆွမ်တောင်ရပ်ကွက် နောင်ဟီးကျေးရွာနေ မအားလုံ၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ ၎င်းနှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသည့် ဗိုလ်ဟိန်း၊ ဇော်ဟိန်း (ခ) ဇော်ဟိုးနှင့် ချစ်ဝင်းခိုင် (ခ) ကျလောတို့အား တွေ့ရပြီး အိပ်ခန်းအတွင်းရှိ သံသေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂ဝဝ နှင့် ဘိန်းစိမ်း သုည ဒသမ ဝဝ၉ တို့အား သိမ်းဆည်းရမိသဖြင့် မအားလုံ (၅ဝ နှစ်)၊ ဗိုလ်ဟိန်း (၂၂ နှစ်)၊ ဇော်ဟိန်း (ခ)ဇော်ဟိုး (၂ဝ နှစ်)နှင့် ချစ်ဝင်းခိုင် (ခ) ကျလော (၂၄ နှစ်)တို့ လေးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မူးယစ်ဗဟို)**



## မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြင်းခြံ မတ် ၅**

မြင်းခြံမြို့နယ် လေးအိမ်တန်းကျေးရွာအုပ်စု အင်ကြင်းပင်ကျေးရွာရှိ မီးဘေးသင့် အိမ်ထောင်စုများအား မြင်းခြံခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီဝင်းနှင် ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များက မတ် ၄ ရက် ညနေ ၅ နာရီတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ခေါက်ဆွဲခြောက်ထုပ်များ၊ ကြက်ဥများ၊ စားသုံးဆီနှင့် သောက်ရေသန့်ဘူးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည် ။

မီးဘေးသင့်အိမ်ထောင်စုများကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များမှ ဆန်တစ်အိတ်နှင့် ငွေကျပ် တစ်သောင်းစီကိုလည်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ၎င်းအပြင် ပုဂ္ဂလိက စေတနာရှင်ပြည်သူများကလည်း အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီဝင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များက မီးဘေးသင့် အိမ်ထောင်စုများထံသို့ သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## လိုင်စင်မဲ့ဆိုင်ကယ်များကို သယ်ဆောင်လာသူအား အရေးယူထား

**နေပြည်တော် မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ ရပ်ကွက်(၁) ကားလမ်း ဘေးတွင် မတ် ၃ ရက် ည ၇ နာရီ ၄၅ မိနစ်က ၂ခ/----- ယူဒီကောင်တာ ခြောက်ဘီး အဖြူရောင်ယာဉ်တစ်စီး မသင်္ကာဖွယ် ရပ်တန့်ထားကြောင်း သတင်းအရ ကသာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ယာဉ်ပေါ်မှ မတပ်ဆင်ရသေးသည့် မီကို-၁၅ဝ အနက်ရောင်ဆိုင်ကယ် နှစ်စီး၊ မီကို-၁၅ဝ အပြာရောင်ဆိုင်ကယ်နှစ်စီးနှင့် YUNDE-125 အဖြူရောင်ဆိုင်ကယ်သုံးစီး စုစုပေါင်း တန်ဖိုး ငွေကျပ် ၄၉ သိန်းအား တွေ့ရှိရသည်။

ထို့ကြောင့် ဆက်လက်စုံစမ်းရာ အဆိုပါယာဉ်မှာ ကသာမြို့ ရပ်ကွက်(၅)နေ ဖွန်ကိုကို(၂၁)နှစ် မောင်းနှင်လာသော ယာဉ်ဖြစ်ကြောင်း သိရှိရပြီး ဆိုင်ကယ်များအား ခွင့်ပြုချက်အထောက်အထားတစ်စုံတစ်ရာမပါဘဲ သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသောကြောင့် ဖွန်ကိုကိုအား ကသာမြို့မရဲစခန်းက (ပ)၆ဝ/၂ဝ၁၅၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## တရားမဝင်သယ်ဆောင်လာသောနွားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၄ ရက် နံနက် ၃ နာရီခွဲက နွားများတရားမဝင်သယ်ဆောင်လာကြောင်း သတင်းအရ သက်သေများနှင့်အတူ ဘုရားကြီးမြို့ ဘုရားကြီးလမ်းဆုံ၌ စောင့်ဆိုင်းနေစဉ် ပဲခူးမြို့ဘက်မှ မွန်ပြည်နယ်ဘက်သို့ နတ်တလင်းမြို့ မြို့မရပ်ကွက်နေ တင်ဇော်ထွေး(၃၈)နှစ်မောင်းနှင်ပြီး ဇီးကုန်းကလေး ရပ်ကွက်နေ ယာဉ်နောက်လိုက် ထွန်းနေလင်း(၂၅)နှစ် လိုက်ပါလာသော 4F/----- နံပါတ်အောက်တွင် 3C/----- နှင့် ၃၈/----- နံပါတ်ပြားများ ရှေ့/နောက်သုံး ချပ်စီတပ်ဆင်ထားသည့် နစ်ဆန်း ၁၂ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ယာဉ်ပေါ်မှ ခွင့်ပြုချက်တစ်စုံတစ်ရာမပါဘဲ တရားမဝင် သယ်ဆောင်လာသည့် နွားထီးအကောင် ၃ဝ နှင့် နွားထိန်းများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့နေ ကျော်သူ(၃ဝ)နှစ်နှင့် ခြောက်သဲကျေးရွာနေ ကျော်ဝင်း(၂၈)နှစ်တို့အား တွေ့ရှိရသဖြင့် တင်ဇော်ထွေးပါ လေးဦးအား ဘုရားကြီးနယ်မြေရဲစခန်း(ပ)၁၅/၂ဝ၁၅၊ အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## အရှိန်မထိန်းနိုင်သောဆိုင်ကယ် လမ်းဘေးသစ်ပင် ဝင်တိုက်မိ

**နေပြည်တော် မတ် ၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကွေး-တောင်တွင်းကြီးကားလမ်း မိုင်တိုင်အမှတ် ၃ဝ၇/၁-၂ ကြားတွင် မတ် ၄ ရက် နံနက် ၁၁ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မိကျောင်းရဲနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ သစ်ရာကောက်ကျေးရွာဘက်မှ မကွေးမြို့ဘက်သို့ မကွေးမြို့နယ် ကန်တော်ကျေးရွာနေ ဦးခင်ဇော်(၄၅)နှစ် မောင်းနှင်ပြီး သားဖြစ်သူ မောင်ကျော်ဇောထက် (၁၅)နှစ် လိုက်ပါလာသော RATO-125 အစိမ်းရောင် ဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းရှိ မဲဇလီပင်အား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် ဦးခင်ဇော်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး မောင်ကျော်ဇောထက်တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဦးခင်ဇော်အား မိကျောင်းရဲနယ်မြေရဲစခန်းက ယာဉ်(ပ)၃/၂ဝ၁၅၊ ပြစ်မှုပုဒ်မ ၃ဝ၄-က/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# ရွှေစက်တော် ဘုရားဖူးရန် လှည်းများဖြင့် သွားရောက်သည့် ဓလေ့ နှစ်၆၀ ကျော်လာ



**မင်းဘူး မတ် ၅**

မင်းဘူး(စကု)မြို့နယ်အဆုံး မင်းလှကျင်းကျေးရွာအုပ်စု၊ မင်းလှကျင်းကျေးရွာ၌ ခရီးသည်နှင့်ကုန်တင်ယာဉ်ကားများ၊ ထော်လာဂျီနှင့်ဆိုင်ကယ်များ ခေတ်ကာလအရ ပိုင်ဆိုင်ထားပြီး မိုးတွင်းကာလမှလွဲ၍ အခြားဒေသအသီးသီးသို့ လွယ်ကူစွာသွားလာနိုင်သောအခွင့်အလမ်းများရှိသော်လည်း ရွှေစက်တော်ဘုရားဖူးရန် လှည်းယာဉ်များဖြင့် သွားကြသည့် ကျေးရွာဓလေ့ကို နှစ်ပေါင်း ၆၀ ကျော်ထိရှိလာသည့်တိုင် ထိန်းသိမ်းထားဆဲဖြစ်ကြောင်း တွေ့မြင်ရသည်။

"ရွာမှာက ကားငါးစီးလောက်ရှိတယ်။ ဒါပေမယ့် နှစ်စဉ်တပေါင်းလဆန်း ၁၂ရက်နေ့ကနေ တပေါင်း လပြည့်ကျော် တစ်ရက်နေ့အထိ လှည်းအစီး၆၀လောက်နဲ့ ရွှေစက်တော်ဘုရားဖူးထွက်ကြတာ ရွာရဲ့ဓလေ့တစ်ခုဖြစ်ပြီး ဒီဓလေ့က နှစ်ပေါင်း ၆၀ကျော်နေပါပြီ။ မိုးလေဝသဘယ်လောက်ပဲ ခေါင်းပါးခေါင်းပါး သားသမီးတွေကို မသွားကြနဲ့လို့ပြောပြော ဒီအချိန်အတွက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ကြိုပြင်တတ်ကြတာလည်း ရွာရဲ့ဓလေ့ လိုဖြစ်နေပါပြီ။

" ရွှေစက်တော်ရောက်ရင် လှေတင်တံတားအောက်ဘက်သောင်မှာ ပေါင်းမိုးတပ်လှည်းလေးတွေ တန်းစီပြီး ကန်လန့်ကာတွေ၊ စောင်တွေကာရံပြီး နေရာထိုင်ခင်းတွေချ၊ သယ်လာတဲ့လူစာရော၊နွားစာရော ပြင်ကြဆင်ကြနဲ့ ပျော်စရာကြီးပေါ့ဗျာ။ နွားတွေရော၊လူတွေရော မန်းချောင်းရေချိုးကြ၊ မနက်စောစောဆွမ်းတော်တင်၊ ဘုရားဖူး၊ ခြေရာတော်မှာရွှေဆိုင်းတွေလှူ ၊ ပွဲတော်ထဲလျှောက်လည်၊ မောရင်ရေပြန်ချိုး၊ ထမင်းစား၊ ပြီးရင်ဘုရားပေါ်ပြန်တက်၊ ၄ညအိပ် ၅ရက်ရှိမှ ကိုယ့်ရွာကိုယ့်ဒေသ ပြန်ကြတာပါ" ဟု မင်းလှကျင်းရွာမှဘုရားဖူးကိုမန်းကြည်က ပြောသည်။

မြတ်နိုးဖွယ်ရိုးရာဓလေ့တစ်ခုကို လက်ဆင့်ကမ်း သယ်ဆောင်နေကြသော မင်းလှကျင်းရွာသည် အိမ်ခြေ ၁၈၇ လုံး၊ လူဦးရေ ၄၀၀ ခန့်ရှိပြီး လေးပင်စာတိုင်လမ်းခွဲမှ တစ်မိုင်ခရီးတွင်ရှိကာ ရေတွင်းတူးလျှင် ပေ ၈၀၀ ကျော်အနက်၌ ရေငန်များထွက်သောကြောင့် ချောင်းမကြီး (ဘူမိဗေဒစာရင်းပေါက် ပေါင်းတော်ချောင်း) အနီးတစ်ဝိုက်တွင် လူတစ်ရပ်ခန့် စမ်းတွင်းလေးများတူး၍ ရေရှားပါးမှုပြဿနာဖြေရှင်းနေရသော ရွာတစ်ရွာဖြစ်သည်။

ကျေးရွာလမ်းသည် မြေပြာရွံ့နုက်အမျိုးအစားဖြစ်သောကြောင့် မိုးတွင်းကာလတွင် လူတစ်ဦး၏ဒူးဆစ်ခန့်မြုပ်ကာ လှည်း၊ ဆိုင်ကယ်၊ ကားများ ခရီးသွားရန်အလွန်ခက်ခဲလှသည်။

မင်းလှကျင်း ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ထိန်းသိမ်းလာသောဘုရားဖူးဓလေ့နှင့်အတူ ကုသိုလ်ယူ၊ အပျော်ခရီးအတွင်း၌ ရေရှားပါးမှုနှင့် အခြားလိုအပ်ချက်ဘဝအမောများကို ခဏတာမေ့ထားကြပြီး နှစ်စဉ်မပျက်လှည်းတပ်ကြီးချီကာ ဘုရားဖူးထွက်ကြဦးမည်ဖြစ်ကြောင်း၊ နွေကာလတွင်ရွာအနောက်ဘက်က တစ်ရွာလုံး အားကိုးရသည့် ရေမရှိသည့်ရေကန်ကြီး ပြန်တူပေးပါစေဟု ဘုရားရှင်ခြေတော်ရာအားဦးခိုက်ဆုတောင်းခဲ့ကြကြောင်း ဒေသခံများကပြောသည်။

**ဧယျာတု(မကွေး)**

# ချောင်းဦးတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီး ရရှိ

**ချောင်းဦး မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်၊ ကုလားကြီးကျေးရွာတွင် ကိုယ့်အားကိုယ့်ကိုး လျှပ်စစ်မီး ရရှိမှုဖွင့်ပွဲကို မတ် ၁ ရက် ညနေ ၅ နာရီ က ကျင်းပခဲ့ကြောင်းသိရသည်။

ကုလားကြီးကျေးရွာ ကိုယ့်အားကိုယ့်ကိုး လျှပ်စစ်မီးဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးကံဌေး၊ ကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းတို့က ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြို့နယ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကံဌေးတို့က အမှာစကားပြောကြားပြီး ချောင်းဦးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကျော်လွင်ဦးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကိုပြောကြားခဲ့သည်။

ချောင်းဦးမြို့နယ် ကုလားကြီးကျေးရွာကိုယ့်အား ကိုယ်ကိုးမီးလင်းရေးအတွက် ထရန်စဖော်မာ 160 KV နှင့် ဓာတ်အားလိုင်းများကို ငွေကျပ်သိန်း ၆၁၀ ကျော်ကုန်ကျခဲ့ကြောင်း၊ ၃၄၀ အိမ်ရှိရာ အိမ်ခြေ ၁၄၁ အိမ်မှာ ၂၄ နာရီ မီးလင်းနေပြီဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# မင်းဘူးခရိုင်တွင် တိရစ္ဆာန်ကျန်းမာရေး လုပ်သား မွမ်းမံသင်တန်းဖွင့်

**မင်းဘူး မတ် ၅**

မင်းဘူးမြို့ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးရုံးခန်းမတွင် မတ် ၃ ရက်နံနက်ကမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှဖွင့်လှစ်သော တိရစ္ဆာန်ကျန်းမာရေးလုပ်သား မွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပခဲ့ကြောင်းသိရသည်။

ထိုသင်တန်းသို့ ကျေးလက်လူငယ်မွေးမြူရေးကျန်းမာရေးလုပ်သား ၉၀ ဦး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ စုပေါင်းအင်အား ၁၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါနေ့ နံနက် ၁၁ နာရီက မင်းဘူးခရိုင်၊ စလင်းမြို့၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် တိရစ္ဆာန်ကျန်းမာရေးလုပ်သား မွမ်းမံသင်တန်းဖွင့်လှစ်ခဲ့ပြီး ထိုသင်တန်းသို့ ကျေးလက်လူငယ်ကျန်းမာရေးလုပ်သား ၇၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းများအား မတ် ၃ ရက်မှ ၈ ရက်အထိ စာတွေ့လက်တွေ့ ကွင်းဆင်းကုသခြင်း၊ တိရစ္ဆာန်စာရင်းဇယား ကောက်ယူခြင်း လုပ်ငန်းများအား သင်ကြားပို့ချ ကြောင်း သိရသည်။

ထိုသင်တန်းများအား မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်အတွင်း တစ်ပြိုင်နက် ဖွင့်လှစ်ခြင်းဖြစ်ပြီး ကျေးလက်ဒေသဆင်းရဲမှု လျှော့ချရေးနှင့် ကျေးလက်ဒေသမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ် တိမွေးကုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ကျော်ဧယျ**

## (၁၈-၂-၂၀၁၅)ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာကဏ္ဍ၊ စာမျက်နှာ(၂၉)ပါ ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မဥ္ဇူလမ်း၊ အမှတ်(၉၁)နေ ဦးခင်မောင်လတ်(ဘ)ဦးခင်မောင်တင့်[၉/မထလ(နိုင်)၁၆၁၂၁၆]၏ ပြန်လည်ရှင်းလင်းကြေညာချက်အပေါ် အများသိစေရန် တုံ့ပြန်ရှင်းလင်းသတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ အလံပြဘုရားလမ်း၊ အမှတ်(၁၄/အိတ်ချ်)တွင် တည်ရှိသော K STRONG INTERNATIONAL CO.,LTD. ဒါရိုက်တာအဖွဲ့၏ တာဝန်ပေးအပ်ခြင်းခံရသူ ဦးလှမြင့်သိန်း[၁၂/ဥကမ(နိုင်)၀၆၄၆၇၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် တုံ့ပြန်ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။

ဦးခင်မောင်လတ်၏ ၁၈-၂-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာပါ အချက်အလက်များမှာ မှန်ကန်မှုမရှိဘဲ ဖြစ်စဉ်အမှန်ကိုထိမ်ချန်၍ ကြေညာခဲ့ခြင်းသာဖြစ်ပါသည်။ ဖြစ်စဉ်အမှန်မှာ ဦးခင်မောင်လတ်သည် ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီနှင့် ခင်မင်ရင်းနှီးသူ ဒေါ်ချိုသဲနှင့် ဒေါ်ချိုသဲ၏ ဦးလေးတော်စပ်သူတို့မှတစ်ဆင့် ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီအား ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဆင်ဖုံကျေးရွာ၊ ကွင်းအမှတ်(၄၈၉/B)အတွင်း တည်ရှိသော လယ်ယာမြေများကို ၎င်းကိုယ်တိုင်တာဝန်ခံ၍ ဝယ်ယူပေးမည်ဖြစ်ကြောင်းနှင့် ၎င်းအားငွေထုတ်ပေးရန် ယုံကြည်အောင်ပြောဆိုခဲ့ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီအနေဖြင့် ဦးခင်မောင်လတ်၏ပြောဆိုမှုများနှင့် ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီနှင့် ခင်မင်ရင်းနှီးသူ ဂုဏ်သရေရှိလူကြီးလူကောင်းများဖြစ်သော ဒေါ်ချိုသဲနှင့်ဒေါ်ချိုသဲ၏ ဦးလေးတော်စပ်သူတို့၏ ပြောဆိုကတိပြုမှုများအပေါ် ယုံကြည်၍ လယ်ယာမြေ(၈၃. ၂၉)ဧကအတွက် ကျသင့်ငွေများကိုပေးချေကာ ဦးခင်မောင်လတ်အား ဝယ်ယူစေခဲ့ပါသည်။

ထိုကဲ့သို့ ဦးခင်မောင်လတ်အား ဝယ်ယူစေခဲ့ရာတွင် လယ်ယာမြေများအတွက် ကျသင့်သောငွေများကိုလည်း ဦးခင်မောင်လတ်ကိုယ်တိုင် လက်ခံရယူပြီး ဝယ်ယူပေးခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအပြင် လယ်ယာမြေများနှင့်ပတ်သက်သော အထောက်အထားစာရွက်စာတမ်းများကိုလည်း ဦးခင်မောင်လတ်ကိုယ်တိုင် ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ထိုကဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ရာတွင် လယ်ယာမြေ(၈၃. ၂၉)ဧကအနက်မှ (၁၂. ၆၆)ဧက၏ အထောက်အထားစာရွက်စာတမ်းများကို ဦးခင်မောင်လတ်အနေဖြင့် ယနေ့တိုင် လွှဲပြောင်းပေးအပ်နိုင်ခြင်းမရှိသေးပါ။ ၎င်းအပြင် လယ်ယာမြေ(၂၄. ၄၂)ဧကအား လှည်းကူးမြို့နယ်၊ ဆင်ဖုံကျေးရွာ၊ ကွင်းအမှတ်(၄၈၉/B)အတွင်း မှတ်သားတည်ရှိခြင်းမရှိဘဲ အခြားသူ၏အမည်ကို အသုံးပြုကာ ချောင်းနံဘေးရှိမြေများကို လယ်ယာမြေများအဖြစ်အသုံးချဖော်ပြကာ ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီ၏ယုံကြည်မှုကို အလွဲသုံးစားပြုလုပ်ပြီး မမှန်မကန်သောနည်းလမ်းများကို အသုံးပြုကာ ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီအား နစ်နာစေရန်ကြံရွယ်၍ ထည့်သွင်းဝယ်ယူပေးထားသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီအနေဖြင့် ယခုအချိန်မှသိရှိလာရပါသည်။

ဦးခင်မောင်လတ်၏ မရိုးမသားပြုလုပ်ဆောင်ရွက်ထားမှုများကို သိရှိလာရပြီးနောက် ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီအနေဖြင့် နှစ်ဦးနှစ်ဖက်အေးချမ်းပြေလည်စွာ ဖြေရှင်းဆောင်ရွက်ရန်အတွက် ဦးခင်မောင်လတ်အား တွေ့ဆုံရန် အကြိမ်ကြိမ်ခေါ်ယူခဲ့ရာ ဦးခင်မောင်လတ်အနေဖြင့် အတွေ့မခံဘဲ အကြောင်းအမျိုးမျိုးပြ၍ ရှောင်လွှဲနေခဲ့ပါသည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေ ကုမ္ပဏီအနေဖြင့် ၅-၂-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာတွင် မလွှဲမရှောင်သာဘဲ ထည့်သွင်းကြော်ငြာခဲ့ရပါသည်။

ယင်းကဲ့သို့ ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီမှ ဦးခင်မောင်လတ်အပေါ် ၅-၂-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာပါရှိပြီးနောက်ပိုင်း ဦးခင်မောင်လတ်သည် ၉-၂-၂၀၁၅ရက်တွင်တစ်ကြိမ်၊ ၁၃-၂-၂၀၁၅ရက်တွင်တစ်ကြိမ်နှင့် ၁၈-၂-၂၀၁၅ရက်တွင် တစ်ကြိမ် ကျွန်ုပ်တို့၏ မိတ်ဆွေကုမ္ပဏီနှင့် လာရောက်တွေ့ဆုံညှိနှိုင်းခဲ့ပြီး ၎င်းအနေဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေကုမ္ပဏီသို့ လွှဲပြောင်းပေးအပ်ရန် ကျန်ရှိနေသော လယ်ယာမြေ (၁၂. ၆၆)ဧကအား လယ်ယာမြေပုံစံ(၇) ထုတ်ယူပေးအပ်ရန်နှင့် လယ်ယာမြေ (၂၄. ၄၂)ဧကများ၏ တည်နေရာ၊ နယ်နိမိတ်တို့ကို တိတိကျကျ ပြသရှင်းလင်းလွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ကတိပြု လက်မှတ်ရေးထိုးပေးခဲ့ပါသည်။ သို့သော် ဦးခင်မောင်လတ်သည် ယနေ့အချိန်ထိ ဖြေရှင်းဆောင်ရွက်လွှဲပြောင်း ပေးနိုင်ခြင်းမရှိသေးပါ။ ဦးခင်မောင်လတ်အနေဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီအပေါ် တာဝန်ယူဖြေရှင်းပေးမည်ဖြစ် ကြောင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီလက်ဝယ်တွင် အထောက်အထားများပြည့်စုံစွာ ရှိနေပါသည်။


ယင်းကဲ့သို့အခြေအနေတွင် ဦးခင်မောင်လတ်၏ ၁၈-၂-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာကဏ္ဍ၊ စာမျက်နှာ(၂၉) တွင် ထည့်သွင်းကြေညာချက်သည် ကောင်းသောသတင်း(နာမည်ကောင်း)ဖြင့် ရပ်တည်လျက်ရှိသော ကျွန်ုပ်တို့၏ မိတ်ဆွေကုမ္ပဏီ၏ ဂုဏ်သတင်းကို အများသူငါအကြားတွင် ထင်ယောင်ထင်မှားဖြစ်ပေါ်စေပြီး နစ်နာမှုများဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဦးခင် မောင်လတ်အနေဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီအား နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ဝန်ချတောင်းပန်ရန်နှင့် ဖြစ်စဉ်အမှန်ကို ထိမ်ချန်၍ ကြော်ငြာခဲ့သော ၁၈-၂-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၉)ပါ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးရန်တောင်းဆိုလိုက်ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီ၏ တောင်းဆိုချက်အား လိုက်နာမှုမရှိပါက ၅-၂-၂၀၁၅ရက်ထုတ်ကြေးမုံသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ(၈)ပါ ကြေညာချက်ကို ထပ်လောင်းအတည်ပြုကြောင်းနှင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြစ်စဉ်အမှန်ကိုဖော်ပြ၍ ဦးခင်မောင်လတ်နှင့်အများသိစေရန် တုံ့ပြန် ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဟန်တင်(**B.A.H.G.P**) | ဦးဇော်မြင့်ထွန်း(**LL.B**) | ဒေါ်ခင်သူဇာအောင်(**LL.B**) |
| အထက်တန်းရှေ့နေ(စဉ်-၃၉၆၉) | အထက်တန်းရှေ့နေ(စဉ်-၂၃၆၅၅) | အထက်တန်းရှေ့နေ(စဉ်-၄၄၂၆၅) |

အမှတ်-၆၂၊ (ပ)ထပ်၊ အခန်း(၉)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၉၉၁၄၈

Konica ရွှေရာဇာ Wedding Dress Photo Studio



စိုင်းစိုင်းခမ်းလှိုင်

ဘွဲ့ခါတ်ပုံ ၊ ဘွဲ့ဝတ်စုံ
မိတ်ကပ်ဆံပင် အတွက်
ကြိုတင် စာရင်းပေးသွင်းနိုင်ပြီ။

* အမှတ် (၇၀) ၊ လမ်းမတော် လှည်းတန်းလမ်း ၊ ၁၀ လမ်း နှင့် ၁၁ လမ်းကြား ၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ။ ဖုန်း- ၂၂၅၀၈၄
* အမှတ် (၃၆) ၊ လှည်းတန်းမီးပွိုင့်အနီး ၊ ရန်ကုန်အင်းစိန်လမ်းမ ၊ ကမာရွတ် ။ ဖုန်း-၅၂၅၃၀၄

## အခန်းဆက်ဝတ္ထု

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍာယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍာကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် အပတ်စဉ် (တနင်္လာနေ့နှင့် သောကြာနေ့)တိုင်း ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာသိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*၂-၃-၂၀၁၅ ရက်မှအဆက်*

ခိုင်က ခေါင်းကလေးခါပြသည်။

"ခိုင်တို့ ဘယ်ကပြောင်းလာတာလဲ"

"သရက်က . . ."

"ခိုင်. . . ဘောင်ဘောင် တစ်ခါမှ မဖောက်ဖူးဘူးလား"

"ဟင့်အင်း"

"ဘောင်ဘောင်ဆိုတာက . . .၊ ခိုင် ပွတ်တံ တွေ့ဖူးလားဟင်"

"တွေ့ဖူးတယ် . ."

" အဲဒီ ပွတ်တံလိုပဲ . . . သူက အပေါက်ကျဉ်းကျဉ်းကလေး။ အပေါက်ကျဉ်းတဲ့ ဝါးကို ခုတ်ရတယ်။ ပြီးတော့ . . . အဲဒီအပေါက်နဲ့တော်ရုံ ဝါးချောင်းလေးကို လုံးယူရတယ်။ အဲဒီဝါးချောင်းလေးကို လက်ကိုင်တပ်၊ ပြီးတော့ ဝါးပေါက်ထဲကို မြရာသီးထည့်၊ ဝါးချောင်းနဲ့ ထိုးသွင်းလိုက်၊ နောက်ထပ်မြရာသီးထည့်၊ တစ်ခါဝါးချောင်းနဲ့ တအားဆောင့်ထိုးလိုက် 'ဘောင်'ဆို မြည်တယ်။ လူကိုမှန်လည်း သိပ်စပ်တာပဲ။ အဲဒါ ဘောင်ဘောင်လို့ ခေါ်တယ်"

ခိုင်သည် ကျွန်တော်ပြောနေသည်ကို စိတ်ဝင်စားစွာ နားထောင်နေသည်။ ကျွန်တော့်စကား ဆုံးသောအခါ မေးသည်။

"ခိုင့်ကို အဲဒီ ဘောင်ဘောင် လုပ်ပေးမလား"

"မောင် . . . ဘောင်ဘောင် မလုပ်တတ်ပါဘူး။ ဒါပေမယ့် ကျိုက်ဗောဓိကုန်းက တိုက်ကျောင်းမှာ မောင်တို့ ဦးဇင်းရှိတယ်။ ပြီးတော့ ဦးဇင်းတို့ကျောင်းထဲမှာ ဘောင်ဘောင်လုပ်ဖို့ အကောင်းဆုံးဝါးရှိတယ်၊ ဝါးလုံးက ထူထူမာမာလေး၊ အပေါက်ကလည်း ကျဉ်းကျဉ်းလေးရယ်။ မြရာသီးသေးသေးကလေး ထည့်ပစ်ရင်တောင်မှသိပ်မြည်တာပဲ။ ဦးဇင်းက မောင့်ကို ဘောင်ဘောင်အမြဲလုပ်ပေးတယ်။ ဒီနှစ်တော့ ခိုင့်ဖို့ပါ ဦးဇင်းကို မောင် ဘောင်ဘောင် တစ်ခု လုပ်ပေးခိုင်းမယ်"

ကျွန်တော်တို့သည် တောင်ကုန်းအနှံ့အပြား လျှောက်ကစားကြသည်။ အပြန်တွင် ကျွန်တော်က မယ်ဒရီရွက်များ ခူးလေ့ရှိသည်။

"အဲဒီအရွက်က ဘာလုပ်ဖို့လဲ"

"ငါးပိရည်နဲ့ တို့စားရင် ထမင်းပိုစားလို့ကောင်းတယ်။ မွှေးက မွှေးသနဲ့။ ရော့ ခိုင်တို့အတွက် တစ်ဝက်ယူသွား . . ."

ဤသို့ ခိုင်နှင့် ကျွန်တော် ရင်းနှီးခဲ့ကြသော်လည်း ခိုင်တို့အိမ်ဘက်သို့ ကျွန်တော် တစ်ခါမျှ မလည်။ ခိုင်ကလည်း လည်ရန်မခေါ်။

ကျွန်တော်တို့အိမ်ဘက်မှ ကြည့်လျှင် ညနေတိုင်း၌ ခိုင်တို့အိမ်ခြံဝင်းအတွင်း လမ်းလျှောက်နေတတ်သော ခိုင့်အစ်မများကို တွေ့ရသည်။ ခိုင်ပြောပြထားသဖြင့် သူတို့နာမည်များကို ကျွန်တော် သိပြီး ဖြစ်သည်။ ခိုင့်အစ်မအကြီးဆုံး နာမည်မှာ "ကြိုင်"ဟု ခေါ်သည်။ ကြိုင်သည် ကောလိပ်ကျောင်းသူဟု ကျွန်တော် သိရသည်။ ယခု ကျောင်းပိတ်၍ အိမ်ပြန်နေသည်။ ကျွန်တော့်ကိုကိုသည်လည်း ကောလိပ်ကျောင်းသားဖြစ်သည်။ သို့ရာတွင် ကိုကိုသည် ကျောင်းပိတ်သော်လည်း အိမ်သို့ မှန်မှန်ပြန်မလာတတ်။ ခိုင့်အစ်မအလတ်မှာ "မြိုင်"ဟု ခေါ်သည်။ မြိုင်သည် ယခုနှစ် ကျောင်းပြန်ဖွင့်လျှင် (၇)တန်း၌ တက်မည်ဟု သိရသည်။

ခိုင့်အောက် အငယ်ဆုံးကောင်မလေးကို "လှိုင်"ဟုခေါ်သည်။ လှိုင်သည် ၃-နှစ်သမီးသာ ရှိသည်။ အလွန်ဆော့၍ အလွန်ငိုသော ကောင်မလေးဖြစ်သည်။ သူတို့မှာ ညီအစ်မတွေများသဖြင့် ပျော်စရာကြီးဟု ကျွန်တော်က ထင်မိသည်။ ဤထင်မြင်ချက်ကိုလည်း ခိုင့်ကို ပြောပြမိသည်။ ခိုင်သည် မျက်နှာလေးမှုန်တေတေနှင့် ပြန်ပြောသည်။

"ညီအစ်မတွေ အများကြီးပေမယ့် အလကားပါ။ လှိုင်က သိပ်လူပါးဝတာ၊ ခိုင့်ကစားစရာဆိုရင် အကုန်ဖျက်ပစ်တာပဲ။ ဖေဖေနဲ့ မေမေကလည်း ခိုင့်ကိုသာ ရိုက်တာ။ လှိုင့်ဆို ဘယ်တော့မှ မရိုက်ဘူး။ ကြိုင့်ကိုတော့ သမီးအကြီးဆုံးမို့ အချစ်ဆုံးတဲ့။ မြိုင့်ကိုတော့ အလှဆုံးမို့ ချစ်တာတဲ့"

ကျွန်တော်သည် မကျေမနပ်ဖြင့် ပြန်မေးသည်။

"နို့ . . . ခိုင့်ကိုကော"

ခိုင်သည် မျက်နှာလေးမဲ့မဲ့ရွဲ့ရွဲ့ဖြင့် နာကြည်းစွာဖြေသည်။

"ခိုင့်ကို သူတို့က မချစ်ပါဘူး။ ခိုင့်ကို သူတို့အားလုံးက မိခိုင်လို့ခေါ်တယ်။ ခိုင့်ကို ချစ်တာက ဘိုးဘိုးတစ်ယောက်တည်း ရှိတယ် . . ."

"ခိုင့်ဘိုးဘိုး ရှိတယ်။ မောင် မတွေ့မိပါလား"

ခိုင်သည် ရုတ်တရက် ပြန်မဖြေဘဲ ငိုင်သွားသည်။ မျက်လုံးကလေးများ၌ မျက်ရည်တို့ ဝဲနေ၏။

"အခု ဘိုးဘိုးမရှိတော့ပါဘူး။ ဘိုးဘိုး သေသွားတာ တစ်နှစ်လောက်ရှိပြီ"

ကျွန်တော်သည် ခိုင့်အတွက် စိတ်မကောင်းဖြစ်သွားမိသည်။ ထို့ကြောင့် ခိုင်စိတ်ချမ်းသာပါစေတော့ဟု ပြန်ပြောရသည်။

"မောင့်ကိုတော့ ဖေဖေကရော . . . မေမေကရော . . . ကိုကိုကရော ချစ်ကြတာပဲ။ ကိုကိုကလည်း ကောလိပ်မှာ ဘီအေရောက်ပြီ။ ဒါပေမယ့် ကိုကိုက ကြိုင့်လို ကျောင်းပိတ်ရင် အိမ်ပြန်လာတာ မဟုတ်ဘူး"

"ဘာဖြစ်လို့ ပြန်မလာတာလဲ"

" ကိုကိုက ဟို. . . ဘာတဲ့. . . အဲ. . . သ-သ-သမဂ္ဂဆိုတာ လုပ်တယ်၊ မအားလို့ ပြန်မလာဘူးတဲ့"

"သ-မက်-ဂ ဆိုတာ ဘာလဲ "

"သမဂ္ဂဆိုတာ ကောလိပ်မှာ ရှိတယ်တဲ့။ ဘာလဲတော့ မသိဘူး . . ."

"နင့်ကိုကို နာမည်က ဘယ်လိုခေါ်သလဲ "

"ကိုထွန်းအောင်"

"ခိုင် မမကြိုင်ကို မေးကြည့်ဦးမယ်၊ သိလားလို့၊ ပြီးတော့ သ-မက်-ဂ ဆိုတာလဲ ခိုင်မေးလိုက်မယ်"

ကျွန်တော်သည် ခိုင်ပြောပြချက်အရ ကြိုင်၊ မြိုင်၊ လှိုင် တို့ကို ကြိုတင် မှန်းထားမိသည်။

ထို့ကြောင့်လည်း သူတို့အိမ်ဘက်သို့ သွားမလည်။

ညနေတိုင်း၌ မြိုင်နှင့် ကြိုင်တို့ ပန်းခြံအတွင်း လမ်းလျှောက်သောအခါ ချောင်း၍ကြည့်မိသည်။

ကြိုင်ရော၊ မြိုင်ပါ စတိုင်ကျသော အပျိုများဖြစ်ကြသည်။ ကြိုင်အတွက် မသိသာသော်လည်း မြိုင်သာ ကျွန်တော်တို့ကျောင်းရောက်လျှင် နောက်ပိုးကောင်းကောင်း အပိုးခံရမည်ကို ကျွန်တော် သေချာသိသည်။

ကျွန်တော်တို့ကျောင်းမှ ကိုးတန်းနှင့် ဆယ်တန်းမှ ကျောင်းသားကြီးများက ရွှေမြင်းကော့စမက်တစ်နှင့် ခေါင်းကိုပြောင်အောင် ဖြီး၍ အပျိုဆိုလျှင် နောက်ပိုးပိုးကြသည်။ ကျွန်တော်တို့ကျောင်း၌ အချောဆုံးအပျိုမှာ ကျွန်တော့်သူငယ်ချင်း သန်းထွန်း၏ အစ်မ၊ ရွှေနေသမီး ၇-တန်းမှ မမကြည်ဖြစ်သည်။ မမကြည်ကို ကိုမောင်ဟန်၊ ကိုအုန်းမောင်စသော ကျောင်းသားကြီးများ ဝိုင်းပိုးနေကြ၏။ မြိုင်သည် မမကြည်ထက် အများကြီးလှသဖြင့် ကျောင်းရောက်လျှင် ဝိုင်း၍ နောက်ပိုးအပိုးခံရမည်ကို ကျွန်တော် ကြိုတင်သိသည်။

ကျွန်တော်တို့ မက်ဒသစ်ဟိုက်စကူးကျောင်းကြီးမှာ မေလအတွင်း ပြန်ဖွင့်သည်။ မြိုင်သည် ၇-တန်း တက်မည်ဖြစ်၍ ခိုင်က ၃-တန်း တက်ရမည်။ ကျွန်တော်က ၄-တန်း။ ကျောင်းဖွင့်လုနီးသောအခါ ခိုင်သည် မှိုင်မှိုင်လေး လာညည်း၏။

"မောင် ကျောင်းသွားရင် သူငယ်ချင်းတွေနဲ့ သွားသလား"

"သူငယ်ချင်းတွေနဲ့ သွားတဲ့အခါလည်း သွားတယ်၊ တစ်ယောက်တည်း သွားတဲ့အခါလည်းသွားတာပဲ "

"ဒါဖြင့်ရင် ခိုင့်ကို မောင် ခေါ်မလား"

" အို . . . ခေါ်မှာပေါ့၊ ခိုင်နဲ့ မောင် အတူတူ ကျောင်းတက်မှာပေါ့။ ဒါပေမယ့် မြိုင်ကကော မောင်နဲ့ လိုက်မှာလား . . ."

ခိုင်က မျက်နှာလေးမဲ့၍ ခေါင်းခါသည်။

"မြိုင်က အပျိုပဲ။ အပျိုဆိုတာ ကလေးတွေနဲ့ တွဲကျောင်းတက်ရတာ ရှက်သတဲ့။ သူက အခု သူငယ်ချင်းတွေ ဘာတွေရထားပြီ။ သူတို့ အပျိုချင်း ကျောင်းတက်မှာပေါ့။ ခိုင့်ကို မခေါ်ချင်ဘူး။ ခေါ်လည်း ခိုင်က မလိုက်ပါဘူး။ သူနဲ့ လိုက်ရင် ထိပ်ခေါက် ခဏခဏ ခံရတယ်"

ကျွန်တော်သည် ခိုင့်ကို ကရုဏာသက်စွာ ကြည့်၍ စိတ်အေးအောင် ကတိပေးရသည်။

"စိတ်ချပါ ခိုင်ရယ်၊ မောင် လာခေါ်ပါ့မယ်၊ ကျောင်းဖွင့်တဲ့နေ့ကျရင် စောစော သွားကြမယ်နော် "

ခိုင်သည် တစ်ကြိမ်ကကဲ့သို့ပင် သွေးဘော့ဟဲယားကလေးများ ငြိမ့်ငြိမ့်လှုပ်အောင် ခေါင်းညိတ်ပြသည်။

ကျောင်းဖွင့်သောနေ့၌ ကျွန်တော်သည် အဝတ်အစားလဲပြီးနံနက်စာကို ကမန်းကတန်းစားသည်။

ဒေါ်စာဥကြီးသည် ဦးထုပ်၊ မိုးကာစသည်တို့ကို ယူပေးရင်း နောက်၏။

"မောင်က ဒီနေ့ သိပ်ဝီရိယကောင်းနေပါလား။ အဆက်နဲ့စုံတွဲ ကျောင်းတက်မလို့ပေါ့လေ"

ကျွန်တော်သည် ဒေါ်စာဥကြီးကို စိတ်မဆိုးစဖူး စိတ်ဆိုးသွားသည်။ ခိုင်သည် ကျွန်တော့်အဆက်မဟုတ်။ ကျွန်တော် သူငယ်ချင်းသာ ဖြစ်သည်။

"ခိုင့်ကို ဘာလို့ ကျွန်တော့်အဆက်လို့ ပြောရတာလဲ "

" ဟဲ့ . . . အဆက်မဟုတ်ဘဲ ဘာလို့ နင်တို့ တွဲနေကြသလဲ "

ကျွန်တော်သည် ဒေါ်စာဥကြီး၏ ဖောင်းပြည့်စူတင်းသော ဗိုက်ကြီးကို လက်သီးနှင့် ပစ်ထိုးလိုက်ချင်သည်။ သို့ရာတွင် လက်သီးနှင့် ထိုးသည်ထက်နာသော စကားကို ကျွန်တော်က စဉ်းစားပြီးဖြစ်သည်။

"ခဏခဏ တွဲကြရင် အဆက်ဖြစ်ရောလား"

"အေးပေါ့တော်"

"ဒါဖြင့်ရင် မနက်တိုင်း ကားနဲ့ ဦးလေးကိုဖိုးခင်ကြီးနဲ့ ဒေါ်လေးနဲ့ တွဲပြီး ဈေးသွားတယ်၊ ဒီလိုဆိုရင် ဒေါ်လေးတို့လည်း အဆက်ပေါ့ ဟုတ်လား"

ဒေါ်စာဥကြီးသည် ငယ်စဉ် မေမေ အပျိုဘဝကတည်းက ဘိုးဘိုးတို့အိမ်တွင် ဆွေမျိုးရင်းချာပမာနေသူဖြစ်သည်။ မေမေနှင့် ဖေဖေကလည်း သူ့ကို ဆွေမျိုးသားချင်း ညီအစ်မတစ်ယောက်သဖွယ် ဆက်ဆံ၏။

ကိုဖိုးခင်မှာ ကျွန်တော့်အိမ်မှ ဒရိုင်ဘာဖြစ်ရာ ကိုဖိုးခင်နှင့် စ,လျှင် ဒေါ်စာဥကြီး အနာဆုံးဖြစ်သည်။

ယခုလည်း ဆွေ့ဆွေ့ခုန်နေသည်။

"မောင် တော်တော်ဆိုးတယ်၊ ဘာတွေလျှောက်ပြောတာလဲ . . .။ ဖိုးခင်ကို ငါက ဘာလို့ ကြိုက်ရမှာလဲ "

"ဟော. . . ဒေါ်လေးအိုးမလုံ အုံပွင့်ပြီ . . .။ ဒေါ်လေးကို ကြိုက်တယ်လို့ မောင်က မပြောပါဘူး။ ဒေါ်လေးဘာသာ ဒေါ်လေး စိတ်ထဲက မလုံတာမဟုတ်လား . . ."

ဒေါ်စာဥကြီးသည် သူ့ခန္ဓာကိုယ်အိပုံ့ကြီးဖြင့် ကျွန်တော့်ကို လိုက်ရိုက်သည်။ ကျွန်တော်က အခန်းကို ပတ်ပြေး၍ အားရအောင် စ,ပြီးမှ ခိုင်တို့အိမ်ဘက် ထွက်ပြေးလာခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ဝန်ထမ်းအမြန်အလိုရှိသည်

ဝါးတားလေးလေးရေသန့်စက် ကုမ္ပဏီတွင်တာဝန်ထမ်းဆောင်ချင်သော အောက်ပါအရည်အချင်းနှင့် အတွေ့အကြုံရှိ ဝန်ထမ်းများ အလိုရှိသည်။

**၁။ ရေပိုက်ဆက်ကျွမ်းကျင်သူ - ကျား (၁) ဦး**
ရေသန့်စက်လုပ်ငန်း နှင့် ရေပိုက်ဆက်လုပ်ငန်းတွင် အနည်းဆုံးအတွေ့အကြုံ (၃) နှစ် နှင့် အထက်ရှိရမည်။လျှပ်စစ်အကြောင်းနားလည်ရမည်။လစာနှင့် ကော်မရှင် ကောင်းကောင်းပေးမည်။ (နေ့တွက်ပေးနိုင်သည်။)

**၂။ ရေပိုက်ဆက်အကူ - ကျား (၂) ဦး**
ရေပိုက်ဆက် အကြောင်းအနည်းငယ် သိရမည်။ ဖျတ်လတ်သွက်လက်ရမည်။

**၃။ လျှပ်စစ် ပြင်/ဆင် ကျွမ်းကျင်သူ - ကျား (၁) ဦး**
Electric နှင့်ကျောင်းပြီးထားသူဖြစ်ရမည်။လျှပ်စစ်အကြောင်း ကျွမ်းကျင်စွာသိရှိပြီး လျှပ်စစ်နှင့် ပတ်သက်သည့် အတွေ့အကြုံ အနည်းဆုံး (၃)နှစ် နှင့် အထက်ရှိရမည်။

**၄။ Sales & Marketing Executive - ကျား/မ (၆) ဦး**
Marketing အတွေ့အကြုံ(၂)နှစ်နှင့်အထက်ရှိရမည်။Market အကြောင်းနားလည်ပြီး way ပိုင်နိုင်စွာချတတ်သူဖြစ်ရမည်။ အတွေ့အကြုံများသူ ဦးစားပေးမည်။ ဓာတုဗေဒနှင့် ကျောင်းပြီးထားသူများလည်းလျှောက်ထားနိုင်ပါသည်။

အထက်ပါ Vacant များအတွက် လျှောက်ထားလိုသူများသည် CV Form အပြည့်အစုံနှင့်တကွ ရုံးချိန်အတွင်းလာရောက်လျှောက်ထားပါရန်။ ကြော်ငြာပါသည့်နေ့မှ (၂) ပတ်အတွင်းသာ။

**Ph : 09-420704907 , 09-400536761**




**CNG TAXI ငှားမည်**
Probox 1.3
Capital အနီး
တပင်ရွှေထီးလမ်း၊ ဒေါပုံ
**Ph:09-2450654**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအိမ်ရာ၊ တိုက်(၅)၊ အခန်း(၂၀၁)ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်ခက်စုလှိုင်သက်[၇/သနပ(နိုင်)၀၈၈၄၆၁]ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးခင်သိန်း[၁၂/စခန(နိုင်)၀၀၃၂၁၈]-ဒေါ်သန်းမေ [၁၂/စခန(နိုင်)၀၀၄၇၈၁]က ပိုင်ရှင်အမည် ပြောင်းလဲခွင့်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



နွားထိုးကြီးနယ်ထွက် ဖရဲသီးဈေးကွက်မှာ ငွေ ၁၀၀၀လျှင် လေးလုံး၊ ငါးလုံးဖြင့် ရောင်းချနေ၍ ဖရဲသီး အကြီးအကျယ် ရှုံးနေသည်။ တရုတ်ဈေးကွက် တင်ပို့သော ဖရဲသီးမှာလည်း ဈေးနှိမ်ပြီး အပယ်သီးများကြောင့် ပိုရှုံးနေကြောင်းသိရသည်။ နွားထိုးကြီးမြို့နယ်တွင် တစ်နှစ်ထက်တစ်နှစ် ဖရဲသီးစိုက်ဧက ၁၂၀၀ ကျော်ရှိနေရာ ဖရဲသီးဈေးကွက်ကြောင့် ဖရဲသီးစိုက်လုပ်ငန်းမှာ စဉ်းစားစရာဖြစ်လာကြောင်း ကန်နားရွာ ဖရဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

# စစ်ကိုင်းမြို့တည်နန်းတည်နှစ်၇၀၀ပြည့် ကျင်းပရေး ဆွေးနွေး

**စစ်ကိုင်း မတ် ၅**

စစ်ကိုင်းမြို့တည် နန်းတည် အနှစ် ၇၀၀ ပြည့် အထိမ်းအမှတ်ပွဲတော်ကြီး ကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီ ၁၃တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့တော်ခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် နှစ် ၇၀၀ ပွဲတော်ကြီးကျင်းပရေး ဗဟိုကော်တီဥက္ကဋ္ဌ ဦးကျော်မင်းညို(ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ)မှ အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများက မိမိတို့ ကော်မတီအလိုက်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စစ်ကိုင်းမြို့တည် နန်းတည် အနှစ် (၇၀၀) ပြည့် အထိမ်းအမှတ်ပွဲတော်ကြီးအား ၂၀၁၅ခုနှစ် ဇူလိုင် ၉ ရက်မှ ဇူလိုင် ၁၁ရက်အထိ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ် (၇၀၀) ပြည့်ကွင်းကြီးအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မတ် ၂၀ရက်တွင် နှစ် (၇၀၀) ပြည့်ကွင်းအတွင်း၌ Iron Cross တီးဝိုင်းဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး နိုင်ငံတော်အဆိုတော်များဖြစ်သည့် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ စိုင်းစိုင်း၊ အိုင်ရင်းဇင်မာမြင့်၊ စိုးပြည့်သဇင်နှင့် အခြားနာမည်ကြီးအဆိုတော်များ ပါဝင်ဖျော်ဖြေကြမည် ဖြစ်ပြီး နှစ် (၇၀၀) ပြည့် အထိမ်းအမှတ် ပညာပေးပြခန်းများ၊ ဈေးဆိုင်ခန်းများဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

စစ်ကိုင်းမြို့တည် နန်းတည်အနှစ် (၇၀၀) ပြည့် ပွဲတော်ကြီးအထိမ်းအမှတ်အဖြစ် ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေး၊ ကော်မတီမှ စစ်ကိုင်းမြို့တည်နန်းတည်ခဲ့သော အသခ်ယာစောယွန်းမင်း၏ မျက်နှာဖုံးပါသောနှစ် (၇၀၀) ပြည့်မော်ကွန်းသတင်းလွှာအမှတ် (၂) အား မတ် ၁ရက်မှ စတင်ထုတ်ဝေလိုက်ပြီး ဖြစ်သည်။

အဆိုပါ စာစောင်တွင်စစ်ကိုင်းမြို့နှင့်ပတ်သက်သည့် သတင်း၊ ဓာတ်ပုံ၊ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ စစ်ကိုင်းမြို့၏ ယဉ်ကျေးမှုသမိုင်းအချက်အလက်များကို ထည့်သွင်းပြုစုဖော်ပြထားကြောင်းသိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# မိုးညှင်းဒီဂရီကောလိပ်တည်ဆောက်ရေးလုပ်ငန်းများရာနှုန်းပြည့်ပြီးစီး

**မိုးညှင်း မတ် ၅**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၈၈၇ ဒသမ ၈၆ ဖြင့် ကချင်ပြည်နယ် မိုးညှင်းဒီဂရီကောလိပ် တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ပုဂ္ဂလိကကုမ္ပဏီများက တည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မိုးညှင်းဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာအောင်မင်းဝင်းက ပြောကြားသည်။

ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မိုးညှင်းဒီဂရီကောလိပ်၌ သုံးထပ်စာသင်ဆောင်တစ်လုံး၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ နှစ်လုံး၊ ခြောက်ခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ်ရာ နှစ်လုံး ၁၆၀ ဦးဆံ့ ကျောင်းသားကျောင်းသူ အိပ်ဆောင်နှစ်ထပ်နှစ်လုံး၊ ကျောင်းဝင်းအတွင်း ပင်မလမ်းများ တိုးချဲ့ခြင်းများပြုလုပ်ခဲ့သည်။

ထို့အပြင် ပလက်ဖောင်းတည် ဆောက်ခြင်း၊ ခြောက်ခန်းတွဲစားသောက်ဆိုင်တစ်လုံး၊ ကျောင်းသားကျောင်းသူ အိပ်ဆောင်အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ စာသင်ဆောင်များနှင့်ဝန်ထမ်းအိမ်ရာများ ဆက်သွယ်သော မြေသားလမ်းကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများကို ကုမ္ပဏီ ကိုးခုက လုပ်ငန်း ၁၅ ခု တည်ဆောက်ခဲ့ကြောင်း မိုးညှင်းဒီဂရီကောလိပ် အင်ဂျင်နီယာမှူး ဦးဇော်ထွေးဦးကပြောသည်။

"ဒေသခံကုမ္ပဏီဖြစ်လို့ စေတနာပါပါနဲ့ အရည်အသွေးပြည့်မီအောင် တည်ဆောက်ပေးထားပါတယ်"ဟု ကရုဏာမိုး ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်စိုးနိုင်က ပြောသည်။

မိုးညှင်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက "အခြေခံအဆောက်အအုံတွေ ပြည့်စုံသလောက်ရှိပြီ။ တက္ကသိုလ်အဆင့်တိုးမြင့်ပေးဖို့နဲ့ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်ဖို့ပဲ လိုတော့တယ်" ဟု ထုတ်ဖော်ပြောကြားသည်။

**ကေဆိုင်းနော်(ဖားကန့်)**

# ဆန်၊ ဆီ၊ ဆပ်ပြာနှင့် အာဟာရဒါနလှူဒါန်း

**ရန်ကုန် မတ် ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ၅/၇ ရပ်ကွက် ဗိုလ်ချုပ်လမ်းပေါ်ရှိ မြိုင်သီလရှင် စာသင်တိုက်၌ မတ် ၈ ရက်ကျင်းပမည့် သီလရှင်အပါး ၅၀၀ ဝတ်ပွဲ အကြိုလှူဒါန်းသည့်အနေနှင့် လေးမျက်နှာမြို့နယ် အသင်း(ရန်ကုန်)မှ ဆန်၊ ဆီ၊ ဆပ်ပြာနှင့် နေ့ဆွမ်းတစ်ရက်စာလှူဒါန်းခြင်းကို မတ် ၄ ရက် နံနက် ၁ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

လှူဒါန်းပစ္စည်းများမှာ ဆန် ၁၀ အိတ်၊ ဆပ်ပြာမှုန့် ၁၀၀ပါအထုတ် ၁၀၀၊ ဆီ ၁၀ ပိဿာနှင့် နေ့ဆွမ်းအတွက် ငွေကျပ် ၂၅၀၀၀ကို လှူဒါန်းခဲ့ပြီး လေးမျက်နှာမြို့နယ်အသင်းသူအသင်းသားများကလည်း ဝေယျာဝစ္စကုသိုလ်ယူဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မိုးညွန့်အောင်**






## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်၊ နယ်မြေ(၁)၊ အိမ်အမှတ်(၂၁/ခ)နေ ဦးမရန်ဂျာတူး၏သား မောင်အလီဒူအား မိုက်ကယ်အလီဒူမရန်ဟု ပြောင်းလဲ ခေါ်ပါရန်။

## အမည်ပြောင်း

အထက(ဖားကန့်)၊ သတ္တမတန်း(ခ)မှ(ဘ)ဦးဖော်ရွယ်နော်၏ သမီး မကရိုင်ဆိုင်းဘူအား မဖော်ရွယ်ဆိုင်းဘူဟု ပြောင်းလဲခေါ်ပါရန်။

## မြေကွက်ရောင်းမည်

ဒဂုံအရှေ့၊ (၄၀×၆၀)ပေ၊ ၇၉သိန်း (ပွဲစားမလို)၊ ဂရန်အမည်ပေါက် လျှောက်နိုင်။

ဖုန်း-၀၉-၇၉၉၉၀၆၂၃၇





ကုန်ပစ္စည်း သယ်ယူပို့ဆောင် ၊ သိုလှောင်ရေးကဏ္ဍတွင် ပါဝင်နေကြသူတိုင်း တက်ရောက်သင့်သည် . . .

**Seminar in Logistics Management**

Speaker : Dr. Habib Kassim
DBA., MBA., BBA., CISCM., MSIM
Director of Purchasing & Supply Association S'pore (PASAS)

သင်တန်းနေရာ ⟹ Zephyr Restaurant နိမ်းလန်းနို့ပြည်ဥယျာဉ်၊ အင်းလျားလမ်း ။
ရက်/အချိန် March 14 (Sat) : 9:00 am - 5:00 pm
March 15 (Sun) : 9:00 am - 5:00 pm

PASAS (S'pore) မှ Certificate ပေးအပ်ချီးမြှင့်ပါမည်။

More Information : YCTC Business Institute
အမှတ် (၃၂/J-၃)၊ နတ်မောက်ရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း၊ အ.ထ.က (၂)ဗဟန်းအနီး။
Ph : (01) 542033, (09) 420118100 , (09) 250640429



# မင်းဘူးမန်းရွှေစက်တော်ကို ခရီးသွားဒေသအဖြစ် စနစ်တကျဆောင်ရွက်သင့်

**မင်းဘူး မတ် ၅**

နွေရာသီ အားလပ်ရက်များတွင် ပြည်တွင်းဘုရားဖူးများသာမက ပြည်ပမှခရီးသွားများပါ လာရောက်ကြသည့် မကွေးတိုင်းရှိ နာမည်ကျော် မန်းရွှေစက်တော်ဒေသကို ယခုထက်ပိုမိုကောင်းမွန်သည့် စီမံခန့်ခွဲမှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း ခရီးသွားများက အကြံပြုပြောသည်။

မန်းစက်တော်ရာဒေသသည် ဗုဒ္ဓ၏ အထက်ခြေရာတော်နှင့် အောက်ခြေတော်ရာ နှစ်ဆူတည်ရှိခြင်းကြောင့် ထင်ရှားပြီး ပြည်တွင်း ခရီးသွားအများအပြား လာရောက်ကြကြောင်း၊ ဘုရားအနီးတွင် မန်းချောင်းတည်ရှိခြင်းကြောင့် ခရီးသွားများအနေဖြင့် အဆိုပါချောင်းတွင် အေးအေးဆေးဆေး ရေချိုးရင်း ညအိပ်အပန်းဖြေကြကြောင်း သိရသည်။

မန်းရွှေစက်တော်ရှိ ယာယီတည်းခိုဆောင် (ဒေသအခေါ် တည်းကျောင်း) များမှာ ဒေသထွက် ကပ်ဝါးများဖြင့်သာ ဆောက်လုပ်ရသဖြင့် ကုန်ကျစရိတ်သက်သာသော်လည်း အခန်းခများမှာ ဈေးနှုန်းမြင့်မားပြီး တစ်ရက်လျှင် ကျပ်သုံးသောင်းမှ ငါးသောင်းအထိရှိကြောင်း သိရသည်။ ယင်းဈေးများမှာ ပုံမှန်ဈေးဖြစ်ကြောင်း အဆိုပါတည်းခိုဆောင်မှ ဝန်ထမ်းတစ်ဦးက ဆိုသည်။ ပွဲတော်ချိန် ပွဲဈေးဆိုင်ခန်းများနှင့် တည်းခိုခန်းများကို နွေရာသီ ရေနည်းချိန်တွင် မန်းချောင်းအတွင်း တည်ဆောက်ထားခြင်းဖြစ်သည်။

"ဒေသပုံစံအရ ရေချိုးရတာကလည်း မန်းချောင်းမှာ။ ရေကလည်းရေချိုဖြစ်တဲ့အတွက် တည်းခိုဆောင်တွေက ရေပေးစရာမလိုဘူး။ ရေအိမ်တွေကလည်း ကုန်းမြင့်ပိုင်းတွေမှာ စုဆောက်ထားတယ်။ တခြားဒေသ ဘယ်နေရာမှာတည်းတည်း ဒါတွေက တည်းခိုခန်းဘက်က စီစဉ်ရတဲ့အပိုင်း။ ဒီမှာတော့ ရေအိမ်သွားရင် တစ်ယောက်တစ်ရာယူတာကတော့ သဘာဝမကျဘူး။ ပြီးတော့ ရေအိမ်တွေကကျဉ်းပြီး ပြွတ်သိပ်နေတာ။ သန့်ရှင်းမှုကလည်း အားနည်းတယ်။ မကွေးမြို့သလွန်မှာဆို ခုလိုရေအိမ်ကိစ္စတွေ အရမ်းသန့်ရှင်းတယ်" ဟု ခရီးသွားတစ်ဦးက ပြောသည်။

အဆိုပါ မန်းစက်တော်ရာသို့ မုံရွာမှ ဈေးလာရောက်ရောင်းချသူ ဦးအောင်တင်ကလည်း "ဒီပွဲရဲ့ အရပ်ရပ်ဝင်ငွေက အများကြီးရပါတယ်။ ဒါပေမယ့် ပွဲဈေးတစ်ခုလုပ်မယ်ဆို ကျန်းမာရေးအတွက် အခမဲ့ရေအိမ်တွေ စီစဉ်ပေးရမှာဖြစ်တယ်။ ခုဟာက ကျွန်တော်တို့လို လနဲ့ချီနေရတဲ့ ဈေးသည်တွေအတွက် ရေအိမ်တစ်ခါဝင် တစ်ရာဆိုတော့ မသက်သာဘူး။ ခုပုံစံမျိုးက ဘယ်မှာမှ သိပ်မတွေ့ရဘူး" ဟု ပြောသည်။

ယင်းအပြင် ရေအိမ်များတွင် မီးကြိုးများကို ဖောက်ကာ လျှပ်စစ်မီးထွန်းထားသဖြင့် အထဲမှာ လူရပ်လိုက်ပါက ခေါင်းနှင့်ထိတတ်သဖြင့် ဓာတ်လိုက်မှုဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ဤဒေသအနေဖြင့် ခရီးသွားဝင်ငွေလည်း ကောင်းမွန်နေသဖြင့် ကျန်းမာရေးအတွက် သန့်ရှင်းသော သောက်သုံးရေနှင့် သန့်ရှင်းသော ရေအိမ်များကို အဆင့်မီစွာ တည်ဆောက်ပေးသင့်ကြောင်း ခရီးသွားများက ပြောသည်။

"ဘုရားဖူးရင်း အပန်းလည်းဖြေရင်းဆိုပြီး မန်းစက်တော်ရာကို နှစ်တိုင်းလာဖြစ်ပါတယ်။ တချို့အလှူခံတွေက အလွန်ပဲပြောဟောပြီး အလှူခံနေတာတွေရှိတယ်။ ဒီမှာက သာမန်ခရီးသွားတွေအတွက် တည်းစရိတ်က အခက်အခဲဖြစ်တယ်။ လာရောက်သူတွေ လန့်သွားမယ့်ဈေးနှုန်းမျိုးကို ရှောင်ရှားပြီး လူအများတည်းနိုင်မယ့် ဈေးနှုန်းတွေကိုသာ သက်မှတ်ပေးဖို့လိုပါတယ်။ ဒါ့အပြင် တခြားဘုရားတွေမှာလို ရေသန့်စက်မျိုးတွေတပ်ပေး ထားတာမျိုးလည်း ဒီမှာမတွေ့ရဘူး" ဟု ရန်ကုန်မှလာရောက်သူတစ်ဦးက ပြောသည်။

အစားအသောက်များကိုလည်း ကျန်းမာရေးနှင့်ညီညွတ်ရေးကိုလည်း အလေးထားသင့်ကြောင်း၊ ယခုကဲ့သို့ နွေရာသီအားလပ်ချိန်တွင် မန်းစက်တော်ရာနှင့် အထက်အညာ ဘုရားဖူးခရီးစဉ်များကို တွဲဖက်စီစဉ်ရသဖြင့် ခရီးသွားလုပ်ငန်းများ ကောင်းမွန်သောကာလဖြစ်ကြောင်း ခရီးသွားကုမ္ပဏီများကပြောသည်။

အနာဂတ်တွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်မှုများပြားလာမည်ဖြစ်ရာ သက်ဆိုင်ရာအနေဖြင့် မန်းရွှေစက်တော်ဒေသကို ခရီးသွားဒေသအဖြစ် စနစ်တကျ စီမံဆောင်ရွက်သင့်ကြောင်း၊ ခရီးသွားလုပ်ငန်းမှာ ဒေသခံများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေဖန်တီးဖော်ဆောင်ပေးနိုင်သည့်အပြင် ပြည်တွင်း၌ပါ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ကြသည်။ **ကိုထွန်း(အိုင်တီ)**

# မြင်းနားကျေးရွာအနီး သမိုင်းဝင် ရွှေမြင်တင်တောင်တော်မြတ်ကြီး တပေါင်းပွဲ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ရမည်းသင်း မတ် ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြင်းနားကျေးရွာအနီး သမိုင်းဝင် ရွှေမြင်တင်တောင်တော်မြတ်ကြီး တပေါင်းပွဲ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို မတ် ၁ ရက် နံနက် ၉ နာရီက တောင်တော်မြတ်မုခ်ဦးရှေ့တွင် ကျင်းပရာ သံဃနာယကဆရာတော်၊ နဘူးကျင်းဆရာတော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ အမှတ်(၃)စစ်အခြေခံလေ့ကျင့်ရေးတပ် တပ်မှူးနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းညွန့်တို့က ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ရွှေမြင်တင်တောင်တော်မြတ်ရှိ ကိုးခန်း (၁) မွှာရုံတွင် မြို့နယ် သံဃနာယကဥက္ကဋ္ဌဆရာတော်က ပရိတ်သတ်များအား ငါးပါးသီလပေးကာ သံဃနာယကဆရာတော် ရန်အောင်မင်းကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော်မှ ရေစက်ချအနုမောဒနာ တရားပေးပြီး ဂေါပကဥက္ကဋ္ဌ ဦးသန်းညွန့်က (၁၁၄) ကြိမ်မြောက် တပေါင်းပွဲတော် ရငွေ၊ သုံးငွေစာရင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာ့ရိုးရာနွားဒိုးပြိုင်ပွဲ ဗိုလ်လုပွဲကို မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ ညောင်အိုင်ကျေးရွာနွားဒိုးမှ ပထမ၊ ပေါက်အိုင်ကျေးရွာနွားဒိုးမှ ဒုတိယဆုရရှိသွားပြီး အဆိုပါတပေါင်းပွဲတော်ကို တပေါင်းလဆန်း ၁၂ ရက်မှ တပေါင်းလဆုတ် ၁ ရက်ထိကျင်းပမည်ဖြစ်သည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**



**လသာမြို့နယ်အတွင်းရှိ နံရံကပ်စာပေရေချမ်းစင်များ၌ စာအုပ်များအား ပြည်သူများလေ့လာဖတ်ရှုမှုအခြေအနေကို လသာမြို့နယ်ဝန်ထမ်းများက နယ်လှည့်ကွင်းဆင်းကြည့်ရှု၍ ပြည်သူများ၏အကြံပြုချက်များနှင့် လိုအပ်ချက်များကို ရေးသားမှတ်တမ်းတင်ခဲ့ပြီး နံရံကပ်စာပေရေချမ်းစင်စာအုပ်များကိုလည်း စနစ်တကျ ထပ်မံဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ - ပန်းမဥ္ဇူ

**သတ္တမအကြိမ်မြိုင်သီလရှင်စာသင်တိုက်**
**"စုပေါင်းသီလရှင်အပါး (၅၀၀)ဝတ်ပွဲ"**
**ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊မြိုင်သီလရှင်စာသင်တိုက်၊ သီလရှင်သင်ပညာရေးကျောင်း ဆရာကြီးဒေါ်သုနန္ဒာ(ပဓာနနာယက)ဦးဆောင်ပြီး သတ္တမအကြိမ်ဒုလ္လဘသီလရှင်အပါး(၅၀၀)ဝတ်ပွဲကို(၈.၃.၂၀၁၅)ရက်၊တနင်္ဂနွေနေ့ နေ့လည်(၁း၀၀)နာရီမှ(၄း၀၀)အချိန်တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍မတည်အလှူရှင် ဒေါ်မြမြစန်း(မြမြစန်းလက်ဖက် ခြောက်၊GL ခရီးသွားလုပ်ငန်း၊ရွှေပဒုမ္မာမြေဗုဒ္ဓဂယာဘုရားဖူးခရီးသွားလုပ်ငန်း)မိသားစု၊ဝတ်စုံ(၁၀၈)စုံအလှူရှင်ဦးဝဏ္ဏ+ဒေါ်စင်သီယာဦး (ခရေဖြူဗွီဒီယိုထုတ်လုပ်ရေး)၊ဆွမ်းဆန်အိတ်(၁၀၀)နှင့်သီလရှင်ဝတ်စုံ(၁၁၀)အလှူရှင် ဒေါ်မေအေးဦးနှင့်အလှူရှင်များမှလေးမြတ်စွာဖိတ်ကြားအပ်ပါသည်။**
**မြိုင်သီလရှင်စာသင်တိုက် ဖုန်း-၀၁ ၆၁၁၉၇၅ ၊ ၀၉ ၇၃၀၆၂၈၁၇**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၂၁၂)၊ မြေကွက်တည်နေရာအမှတ်(၂၁၂)၊ မိဂသီ(၁၉)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးတင်ဟန်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ဦးတင်ဟန်)နှင့် ဇနီး (ဒေါ်သန်းကြင်)တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်နွဲ့ [၁၀/မလမ (နိုင်)၀၂၃၈၅၁]၊ ဒေါ်ဝင်းမေ[၁၂/ဥကတ(နိုင်)၀၂၀၈၀၃]၊ ဒေါ်လှလှစိန်(ခ) ဒေါ်ယဉ်ယဉ်ထွေး [၁၂/ဥကတ(နိုင်)၀၂၀၈၀၁]က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဘဒ္ဒန္တဇနိန္ဒမဟာထေရ်(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)**
**သက်တော်-၇၈ နှစ်၊ သိက္ခာတော် (၅၉) ဝါ**
**အန္တိမအဂ္ဂိသာဓုကိဠနပူဇာသဘင်**
ဘဝနတ်ထံပျံလွန်တော်မူပြီးသော မင်းပြားမြို့ ရတနာ့ဗိမာန်ပရိယတ္တိစာသင်တိုက်ကို တည်ထောင်ကာ သာသနာပြုတော်မူခဲ့သည့် ဘဒ္ဒန္တဇနိန္ဒမဟာထေရ်၏ အန္တိမအဂ္ဂိဈာပနပွဲတော်ကို (၁၃၇၆ခုနှစ်၊ တန်ခူးလဆန်း ၈၊ ၉၊ ၁၀ရက်) ၂၀၁၅ခုနှစ်၊ မတ်လ ၂၇၊ ၂၈၊၂၉ ရက်များတွင်(၃)ရက် (၃)ညတိုင်တိုင် ရခိုင်ရိုးရာရှေးဟောင်းထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပူဇော်ကြမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး တပည့်တကာ၊ တကာမတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။
ဈာပနပွဲတော်ကျင်းပရေးကော်မတီ
ရတနာ့ဗိမာန်ပရိယတ္တိစာသင်တိုက်

**အင်္ဂလိပ်စာသီးသန့်စာသင်စာကျက်ဝိုင်း(ဘုရင့်နောင်)**
Grade 6, 7, 8
တစ်ဝိုင်းလျှင် ၁၀ ဦးသာ လက်ခံသည်။
**Ph: 09-420105171, 09-252843874**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**လေလံကြော်ငြာ**
၁။ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်လုပ်ငန်းများ လေလံတင် အငှားချထားခြင်းအား ၁၈-၃-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ကော်မတီပိုင်အသုံးမလိုပိုလျှံပစ္စည်းများ လေလံတင်ရောင်းချခြင်းအား ၁၉-၃-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် လည်းကောင်း မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမအနီး ဆယ်ထပ်ရုံးရှိ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၁၇-၃-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီအထိ ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၂၄၉၅၂၅၊ ၃၇၄၀၇၇၊ ၃၇၉၆၁၈သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။
လေလံတင်ရောင်းချရေးအဖွဲ့



## သတင်းစာဆရာအသင်း (အင်းစိန်မြို့နယ်) အလုပ်အမှုဆောင်အဖွဲ့ တာဝန်ပေးအပ်ပွဲကျင်းပ

**ရန်ကုန် မတ် ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း အင်းစိန်မြို့နယ် သတင်းစာဆရာများမှ အများပြည်သူနှင့် ဌာနဆိုင်ရာများ၊ လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးတို့အတွက် ပြည်သူ့အကျိုးပြု သတင်းလုပ်ငန်းများကို စုပေါင်းတာဝန်ယူဆောင်နိုင်ရေးအတွက် မြို့နယ်သတင်းစာဆရာအသင်းအမှုဆောင်အဖွဲ့ အတည်ပြုတာဝန် ပေးအပ်ပွဲအခမ်းအနားကို ရွာမအရှေ့ရပ်ကွက် ဆောက်လုပ်ရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ တတိယပတ်က ကျင်းပခဲ့ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းတို့က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးတင်မြင့်က နှစ်ပေါင်း ၅၀ ကျော်မှ ပြန်လည်ဖွဲ့စည်းနိုင်သည့် ပြည်သူ့ဗဟိုပြုသည့် စတုတ္ထမဏ္ဍိုင်အဖြစ် ဖော်ဆောင်နိုင်ရေး အကြောင်းအရာ၊ ဥပဒေရေးရာအကြံပေး တရားရုံးချုပ်၊ ညွှန်ကြားရေးမှူး ဦးညဏ်ဝင်းက သတင်းများရေးသားရာတွင် သတိပြုစရာဥပဒေများအကြောင်းနှင့် ဆေးဘက်ဆိုင်ရာ အကြံပေး တာဝန်ခံ ဒေါက်တာနိုင်တင်ဂေးက ကျန်းမာရေးအကြောင်းသိကောင်းစရာများကို အသီးသီးဟောပြောခဲ့ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဒါရိုက်တာ မောင်ယဉ်ကျော်က အမှုဆောင်အဖွဲ့အား အတည်ပြုတာဝန်ပေးအပ်ခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဗဟို)သို့ အင်းစိန်မြို့နယ်သတင်းစာဆရာအသင်းအမှုဆောင်များမှ အလှူငွေကျပ် နှစ်သိန်းပေးအပ်လှူဒါန်းပြီး အလှူရှင် ဦးထွန်းဝေ (ဝါဝါထွန်းဝေ ရတနာရွှေဆိုင်) နှင့် မြို့မိမြို့ဖ အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းနာယကကြီး ဦးရှိန်အောင်ဗိုလ်နှင့် အလှူငွေပေးအပ်လှူဒါန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဗြဇ**

## ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်နေသည့် လုပ်ငန်းရပ်များနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ် ဆွေးနွေး

**စစ်တွေ မတ် ၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီး ဦးကျော်ခင်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့နှင့်အတူ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၇ နာရီခွဲတွင် ကျောက်ဖြူမြို့နယ် အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာခန်းမ၌ ကျောက်ဖြူခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၊ မြို့နယ်စောင့်ကြည့်လေ့လာရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်နေသည့် လုပ်ငန်းရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်းသိရသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးမြအောင်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်တို့နှင့်အတူ ညနေ ၅ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ်ဧည့်ခန်းမ၌ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးချုပ်မှ Global Protection Cluster မှ Mr. Riccard Polastro ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့သည်။ ယင်းသို့ တွေ့ဆုံရာတွင် ပြည်နယ်အစိုးရနှင့် Humanitarian အဖွဲ့များ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့သည် ညနေပိုင်းတွင် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ပြီး အလိုတော်ပြည့်ဆရာတော်ကြီး၏ ဩဝါဒအရ မြန်မာနိုင်ငံစားဖိုမှူးများအသင်း၏ ရခိုင်အမျိုးသား လူမှုကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်)တို့မှ ဦးဆောင်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဂျာမဏီနိုင်ငံ အထူးကုဆရာဝန်ကြီးများမှ စတုတ္ထအကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသမှုအား လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရခိုင်ပြည်နယ် ပြန်/ဆက်**

## 'အောင်ဘ' အသိပညာမြှင့်တင်ရာအိမ် နှစ်လည်အစည်းအဝေး မတ်လ၌ ကျင်းပမည်

**နွားထိုးကြီး မတ် ၅**

နွားထိုးကြီးမြို့၏ တစ်ခုတည်းသော 'အောင်ဘ' အသိပညာမြှင့်တင်ရာ အိမ်၏ (၂) နှစ်မြောက်နှစ်ပတ်လည် အစည်းအဝေးကို ၂၀၁၅ ခုနှစ် မတ်လအတွင်းကျင်းပသွားမည်ဖြစ်ကြောင်း 'အောင်ဘ' အတွင်းရေးမှူး ဦးသန်းထိုက်အောင်ကပြောသည်။

မန္တလေးတိုင်း လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဖေက မှာကြားရာတွင် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းလင်းပြီး မြို့မိမြို့ဖနှင့် ဖိတ်ကြားသင့်သော အသင်းအဖွဲ့များဖြင့် အမှုဆောင်သစ်ကို ရွေးချယ်တင်မြှောက်ရန်လိုကြောင်း လုပ်ငန်းညှိနှိုင်းအစည်းဝေးတွင် ပြောကြားခဲ့သည်။

'အောင်ဘ' အသိပညာမြှင့်တင်ရေးအိမ်မှာ သိန်း ၂၀၀၀ ကျော်တန်အဆောက်အအုံနှင့် ရန်ပုံငွေသိန်း ၁၀၀ မတည်၍ မြို့ခံအလှူရှင်များလှူဒါန်းသော ခေတ်မီအင်တာနက်ပစ္စည်းများနှင့် ဖွင့်လှစ်ခဲ့သည့် နွားထိုးကြီးမြို့၏ တစ်ခုတည်းသော လူမှုအဖွဲ့ဖြစ်သည်။ နှစ်နှစ်တစ်ကြိမ် အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းလှုပ်ရှားမည်ဟု သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**






# ဓနုတိုင်းရင်းသားများဆုံဆည်းရာနေ့နှင့် ပင်းတယ တပေါင်းပွဲ အစည်လာမပျက်ကျင်းပ



**ပင်းတယ မတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်များသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်များဖြစ်သည်။ ဓနုတိုင်းရင်းသားများသည် တောင်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ပင်းတယမြို့နယ်တွင် ကမ္ဘာကျော် ရွှေဥမင်လိုဏ်ဂူရှိခြင်းကြောင့် ပို၍ထင်ရှားသော်လည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး ဓနုတိုင်းရင်းသားများ အများဆုံးနေထိုင်ကြသည်ကို ရှမ်းပြည်နယ်တောင်ပိုင်းမှလွဲ၍ သိရှိသူနည်းပါလှသည်။ ရွှေဥမင်လိုဏ်ဂူသို့ ပြည်တွင်းပြည်ပမှ ဘုရားဖူးသူများ လေ့လာရေးခရီး လာရောက်လည်ပတ်ကြသော်လည်း ဓနုတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များကိုမူ လေ့လာသူနည်းပါးကြောင်း သိရသည်။

ဓနုတိုင်းရင်းသားများ၏ ဝဲတဲတဲစကားသံများသည် ချစ်စရာကောင်းသလို နားထောင်ကောင်းလှသည်။ ဓနုရိုးရာ ဓနုအိုးစည်ကို တီးခတ်ကြကာ ဓားသိုင်း၊ တုတ်သိုင်း၊ လက်သိုင်းကဟန်များဖြင့် ကြည့်ကောင်းပြီး ဓနုအိုးစည်သံမြိုင်မြိုင်ကြားရသူအဖို့ ကချင်စိတ်များတဖွားဖွား ပေါ်ပေါက်လာခဲ့ရသည်။ ရှမ်းပြည်နယ်၏ ရိုးရာပွဲ၊ အလှူပွဲများတွင် ဓနုအိုးစည်တီးဝိုင်းက မပါမဖြစ်သလို ယင်းတီးဝိုင်းပါမှ ပွဲစည်ကားသည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယရွှေဥမင်ဂူသို့ ဘုရားဖူးသွားရောက်မည်ဆိုပါက လမ်းဘေးဝဲယာတစ်လျှောက်တွင် ဓနုတိုင်းရင်းသားများ တောင်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းကြသည်မှာ လမ်းဘေးဝဲယာရှိ သစ်သီးဝလံပန်းမန်စိုက်ခင်းများ၊ စားဖိုဆောင်သီးနှံစိုက်ခင်းများ ရောင်စုံဖြာ၍ တစ်မျှော်တစ်ခေါ် မြင်တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအရပ်ရပ်ဒေသများတွင် တပေါင်းပွဲတော်များကို ထင်ရှားကျော်ကြားသည့် စေတီပုထိုးများတွင် ဒေသထုံးစံများအတိုင်း ကျင်းပကြသည်။ ရှမ်းပြည်နယ်တွင် ပင်းတယတပေါင်းပွဲတော်သည် ထင်ရှားစည်ကားသည့် ပွဲတော်ဖြစ်သည်။ ပင်းတယတပေါင်းပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၆ ရက်မှ တပေါင်းလပြည့်ကျော်အထိ အစဉ်အလာမပျက် ကျင်းပကြသည်။ တပေါင်းပွဲတော်နှင့်အတူ ဓနုတိုင်းရင်းသားများဆုံဆည်းရာနေ့ကို တပေါင်းလဆန်း ၁၄ ရက်တွင် ရွှေဥမင်သဘာဝလိုဏ်ဂူ မုခ်ဦးအနီးရှိ ကွင်းပြင်ကြီးတွင်ကျင်းပရာ ဓနုတိုင်းရင်းသားများ၏ ရိုးရာဝတ်စုံများ အရောင်အသွေးစုံလင်စွာ မြင်တွေ့ရမည်ဖြစ်သည်။

၂၀၁၄ ခုနှစ်က ဓနုတိုင်းရင်းသားများဆုံဆည်းရာပွဲတော်သို့ စာရေးသူသည် တာဝန်ဖြင့်ရောက်ရှိပြီး မြင်တွေ့သမျှကို ပြန်လည်တင်ပြရသော် အခမ်းအနား ကျင်းပရာသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးထူးကိုကိုက ဓနုတိုင်းရင်းသားများဆုံဆည်းရာနေ့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဓနုတိုင်းရင်းသားများသည် မြန်မာနိုင်ငံအနှံ့အပြားတွင် နေထိုင်ကြပြီး တိုင်းရင်းသားအချင်းချင်း တစ်နှစ်တစ်ခါ ပြန်လည်ဆုံတွေ့ကြကာ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများ၊ ဆွေမျိုးရင်းချာများ ဆုံတွေ့၍ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ ဓနုတိုင်းရင်းသားများသည် ပြည်ထောင်စု၏ တိုင်းရင်းသားများဖြစ်၍ အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကူညီဆောင်ရွက်ကြရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဓနုတိုင်းရင်းသား အဖွဲ့များက ရိုးရာယဉ်ကျေးမှု အတီးအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပြခန်းများကို လိုက်လံကြည့်ရှု အားပေးကြသည်။ ယင်းနောက် ဓနုတိုင်းရင်းသားများသည် ပင်းတယမွေတော် ဘုရားများနှင့် ဓမ္မာရုံတွင် သစ်သီးဆွမ်းများ သဒ္ဓါတရားထက်သန်စွာ ရုပ်ပုံထွင်းပြီး တန်ဆာဆင်၍ ဆက်ကပ်လှူဒါန်းကြသည်။ မွန်းလွဲ ၁ နာရီတွင် ပင့်သံဃာအပါး ၅၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့သည်။ အဆိုပါ တပေါင်းပွဲတော်နှင့် ဓနုတိုင်းရင်းသားများဆုံဆည်းရာပွဲတော်တွင် ရိုးရာအိုးစည်အတီးအကပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

**မိုးလွင်ဦး(လှိုင်လင်)**

# ရေနံချောင်းမြို့နယ် ဖောင်းကတောကျေးရွာအုပ်စုတွင် ကိုယ့်အားကိုယ်ကိုးအခမဲ့ဆေးကုခန်း ဖွင့်လှစ်

**ရေနံချောင်း မတ် ၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဖောင်းကတောကျေးရွာအုပ်စုတွင် ရန်ကုန်မြို့နေ ဦးဇော်ဝင်း-ဒေါ်ခင်ခင်ဌေး ညီမဒေါ်လှပု ဒေါ်လှစု မိသားစုတို့မှ လှူဒါန်းသော စေတနာအခမဲ့ဆေးကုခန်းကို မတ် ၁ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းဆေးခန်းမှာ အာစီတစ်ထပ်တိုက်ဖြစ်ပြီး ၃၀ ပေ × ၂၄ ပေ အခန်းသုံးခန်း ပါဝင်ကာ စုစုပေါင်းကုန်ကျငွေကျပ် ၄၉၀ သိန်းကုန်ကျကြောင်း သိရသည်။ အဆိုပါဆေးခန်းအတွက် ဆေးဖိုးမတည်ငွေအဖြစ် အာရုံဦးဆောက်လုပ်ရေးကုမ္ပဏီမိသားစုမှ ငွေကျပ်သိန်း ၇၀၀ ကို ကမ္ဘောဇဘဏ်တွင် အပ်နှံထားသည်။

စေတနာအခမဲ့ဆေးကုခန်းကို ရေနံချောင်းသား ဒေါက်တာတင့်အောင်က အဓိကထား၍ ကျန်းမာရေးစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း၊ ဖောင်းကတောကျေးရွာနှင့် နီးစပ်ရာကျေးရွာများမှ ကျေးရွာလူထုအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးမည်ဖြစ်ကြောင်း၊ မြို့ပေါ်ဆေးရုံများသို့ တိုက်ရိုက်မသွားရောက်နိုင်သေးခင် ရောဂါနှင့် ဒဏ်ရာများအား အခြေခံကျန်းမာရေးစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း အာရုံဦးကုမ္ပဏီမှ ဦးအေးသောင်းက ပြောသည်။

အခမ်းအနားဖွင့်ပွဲကို စေတနာအခမဲ့ဆေးခန်းရှေ့တွင် ဒေါက်တာအေးသန်း၊ ဒေါ်လှစုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် တက်ရောက်လာသော ဧည့်သည်တော်တစ်ဦးက စေတနာအခမဲ့ဆေးခန်းတစ်ခုတည်းရှိရုံဖြင့် ပြီးပြည့်စုံသောကျေးရွာဟု မခေါ်ဆိုနိုင်ကြောင်း၊ စာကြည့်တိုက်လည်းလိုအပ်ကြောင်း အကြံပြုပြောခဲ့သည်။

**သိန်းဇော်(ပြန်/ဆက်)**

**Pleasant Times** Travels & Tours
Release Your stress with Pleasant Times
Scania & Man Coach
ထားဝယ်-ရှင်ကိုးရှင် Flight (Mar:27,April:12,17)
တောင်ကြီး(Mar:26,April:12,13,17)
မန္တလေး-ပြင်ဦးလွင်-မင်းကွန်း(Mar:26,April:12)
ပုဂံ (Mar:26,April:12)
မုံရွာ-အလောင်းတော်ကဿပ(Mar:26,April:13)
ငွေဆောင်(Mar:27,April:13)
မှဆယ်-ကြယ်ဂေါင်-ရွှေလီ(Mar:26,April:11)
ရွှေစက်တော်(Mar:13,20,26)
မော်လမြိုင်-စက်စဲ (Mar:13,14,20,21,26,27)
ပြည်(အကောက်တောင်)(Mar:14,21,26)
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့.
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

မှခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြပြီး မှခင်းအသိပညာရရှိစေဖို့ **မှခင်း** ရှုထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(I/49)ယနေ့ထွက်ပြီ
Ph-01-397164, 01-9000017
★ကြိမ်းမောင်းလွန်းတဲ့လင်ကို ကြောက်ကန်ကန်တုံ့ပြန်လိုက်တဲ့ ဇနီးသည်ရဲ့ဖြစ်ရပ် ★နင်နဲ့မပေါင်းနိုင်ဘူးပြောလို့ လင်ဟောင်းက ဓားနဲ့ခုတ်ထိုးပြီး သေကြောင်းကြံတဲ့ဖြစ်ရပ် ★တောင်ယာခင်းထဲမှာ အသတ်ခံရတဲ့ဖြစ်ရပ် ★မယားက ပါလာတဲ့သမီးကို အဓမ္မကျင့်ပြီး သတ်ပစ်မယ်လို့ ခြိမ်းခြောက်တဲ့ပထွေး ★စက်လှေလုပ်သားချင်း အချင်းများရာမှ ဓားနဲ့ထိုးလို့ သေဆုံးရပြီ ★လင်မယားချင်းစကားများရာမှစတဲ့ ယောင်ကျွမ်းမီး ★ခယ်မကိုသားမယားအဖြစ် ပြုကျင့်တဲ့ ခဲအို ★ပေါ်တာဆွဲတယ်ဆိုပြီး ကောလဟာလလွှင့်သူ အရေးယူခံရ ★(၁၀)ဦးကပိုင်းရိုက်လို့ (၂)ဦးသေဆုံးသွားတဲ့ သာကေတကဖြစ်ရပ် ★ထိုးသွင်းဒဏ်ရာတွေနဲ့ သေဆုံးသွားရတဲ့ဖြစ်ရပ် ★ငွေ (၃၄)သိန်းကျော် အနိုက်ခံရတဲ့သူ ★အသက်(၈၀)အရွယ်ယောက္ခမကြီးကို မဖွယ်မရာလုပ်တဲ့ သမက် ★အကြွေးရမလားလို့ ခေါ်ရာလိုက်သွားမိသူ ကာမ ဓားပြအတိုက်ခံရ ★ခြံထဲဝင်ပြီး ရိုက်နှက်ထွက်ပြေး ★ပိုက်ဆံအိတ်လုသူတွေရဲ့နောက်ကိုလိုက်တဲ့ အမျိုးသမီး နှစ်ဦးရဲ့ ဖြစ်ရပ် ★ရှမ်းခေါက်ဆွဲဆိုင်ပိုင်ရှင်အမျိုးသမီးကိုသတ်သွားတဲ့ဖြစ်ရပ်... စတဲ့သတင်းများနဲ့အတူ ကဏ္ဍစုံလင်စွာ ဖတ်ရှုရမည်။

## ပညာနန်းတော် နွေနေ့ကျောင်းကြီး

### နွေ ၃-လ အထူး မတ် ၉ - ရက် ဖွင့်မည်။

**နွေနေ့ကျောင်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်** နွေကျောင်းပိတ်ရက် ၃-လအတွင်း ဘာသာစုံ ၆-ဘာသာစလုံး၏ ပြဋ္ဌာန်းချက်မှ ရှေ့ပိုင်းသင်ခန်းစာများကို ကြေညက်စွာ သင်ကြားလေ့ကျင့်ပေးပါမည်။ ဤသို့ ကြိုတင်ပြင်ဆင် သင်ယူထားခြင်းအားဖြင့် ဇွန်လတွင် ကျောင်းကြီးဖွင့်သည့်အခါ စာလိုက်နိုင်သော ကျောင်းသား/သူတစ်ယောက် ဖြစ်လာပါမည်။ ဤသို့ နှစ်စတွင် စာလိုက်နိုင်လျှင် တစ်နှစ်လုံးပင် စာလိုက်နိုင်ပြီး၊ စာပျော်၊ စာတော်သော ကလေးတစ်ဦး ဖြစ်လာပါမည်။ နှစ်စကတည်းက စာမလိုက်နိုင်ပါက လည်း တစ်နှစ်လုံးတွင် စာအခက် ကြုံတတ်ပါသည်။ ဂိမ်းခေတ်၊ အင်တာနက်ခေတ်၊ မော်ရုံတောကြီးခေတ်တွင် ကျောင်းသားနှင့်ကျောင်းစာသည် အဆက်မပြတ် ထိတွေ့သင်ကြားနေမှသာ ပညာရေးကို အာရုံ စူးစိုက်နိုင်ပေလိမ့်မည်။ ဤအကြောင်းကြောင့် **ဘယ်ကျောင်းကြီးမှာပဲတက်တက် နွေရာသီမှာတော့ ပညာနန်းတော် နွေနေ့ကျောင်းကို တက်ဖြစ်အောင် တက်သင့်ပြီ။**

**ဖွံ့ဖြိုးရေး** ကွန်ပျူတာ၊ ပန်းချီနှင့် ကရာတေးဒို (စနေ၊ တနင်္ဂနွေ)။
တတိယတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား/သူများအား တစ်ဦးလျှင် Laptop တစ်လုံးစီဖြင့် ကွန်ပျူတာ သင်ကြားရေးကို တစ်ပတ်လျှင်တစ်ချိန် ပုံမှန်အတန်းချိန်တွင် သင်ကြားပေးမည်။

**ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းနှစ်ဝက်စာမေးပွဲ၌ အဆင့် ၁ မှ ၅ အထိ ရရှိခဲ့သူများအား အခမဲ့ ပညာတော်သင်ဆု ချီးမြှင့်ပါမည်။

**ကျောင်းစည်းကမ်း** ကျောင်းဝတ်စုံ ဖြူစိမ်းကိုသာ ဝတ်ဆင်ရမည်။ ပြဋ္ဌာန်းထားသောကျောင်းစည်းကမ်းများကို တိကျစွာလိုက်နာရမည်။

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၉/၁၁၀
စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ
ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန် ဦးထွန်းနွယ်
ဦးစီးတည်ထောင်သော
ပညာရွှေရောင်လင်း
နေမင်းတံဆိပ်တော်
**ပညာနန်းတော်**
**အ.ထ.က**
ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ
ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း
၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဘော်ဒါဆောင်နေရာပြည့်ပါပြီ
အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ
- အဆောင်မှူး (ဘွဲ့ရ) ဆရာ ဆရာမများ အလိုရှိပါသည်။

## ပညာနန်းတော် နွေနေ့ကျောင်းကြီး

**ကျောင်းဖွင့်ရက်** တနင်္လာမှ သောကြာ ... မတ် ၉-ရက်မှ မေ ၃၁-အထိ (၃-လအထူး)

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | နံနက် ၈း၃၀ မှ ၁၁း၄၅ နာရီ | ၃၅၀၀၀ ကျပ် | မရှိ |
| ၁-တန်း | ။ | ၃၅၀၀၀ ကျပ် | ။ |
| ၂-တန်း | ။ | ၃၅၀၀၀ ကျပ် | ။ |
| ၃-တန်း | ။ | ၄၀၀၀၀ ကျပ် | ။ |
| ၄-တန်း | ။ | ၄၀၀၀၀ ကျပ် | ။ |
| ၅-တန်း | ။ | ၄၀၀၀၀ ကျပ် | ။ |
| ၆-တန်း | ။ | ၄၀၀၀၀ ကျပ် | ။ |
| ၇-တန်း | ။ | ၄၀၀၀၀ ကျပ် | ။ |
| ၈-တန်း | ။ | ၄၅၀၀၀ ကျပ် | ။ |
| ၉-တန်း | ။ | ၅၀၀၀၀ ကျပ် | ။ |
| ၁၀-တန်း | ။ | ၆၀၀၀၀ ကျပ် | ။ |

- ကျောင်းလခကို လစဉ် လဆန်း (၅)ရက်အတွင်း ပေးသွင်းရပါမည်။
- ပုံမှန်နေ့ကျောင်းကြီးကိုလည်း ဤလခအတိုင်းသာ ယူပါမည်။
- ပုံမှန် နေ့ကျောင်းကြီး၌ အချိန်ပြည့် စာသင်ချိန်မှာ တစ်နေ့ (၅) နာရီ ဖြစ်သည်။

**နွေနေ့ကျောင်းကို မတ် ၉ - ရက်ဖွင့်မည်။**
**ပုံမှန်နေ့ကျောင်းကြီးကို ဇွန် ၁ - ရက်တွင် ဖွင့်ပါမည်။**

မြေအမှတ် 118 A/B ကျွန်းချောင်းမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ။ ဖုန်း 01-577605 ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည် ကျောင်း - A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။ ဖုန်း 09 73036827, 09 47074649

# ချယ်ရီဈေးကို မြို့တော်အင်္ဂါရပ်နှင့်ညီသော ဈေးလေးဖြစ်စေလို

**ဇမ္ဗူသီရိ မတ် ၅**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင်ရှိသော ချယ်ရီဈေးကို ဈေးရုံသုံးရုံနှင့်သာ သက်ဆိုင်ရာမှဖွဲ့စည်းပေးထားရာ ဆိုင်ခန်းအင်အားနည်းသောကြောင့် ယင်းဈေးတွင် ယခင်ခေါင်းရွက်ဗျက်ထိုး (ပျံကျ) ရောင်းချခွင့်ပြုသောနေရာ၌ ဈေးရောင်းချလိုသူများမှာ မိမိတို့အစီအစဉ်ဖြင့်သာ ဆိုင်ခန်းများ ဆောက်လုပ်၍ ရောင်းချနေရသည့်အတွက် မြို့အင်္ဂါရပ်နှင့်ညီညွတ်မှုမရှိကြောင်းဒေသခံများက သုံးသပ်ပြောသည်။

"ဒီဈေးလေးက အရမ်းစည်ကားနေပြီ။ ဒါကြောင့်လည်း ဈေးရောင်းချလိုသူတွေက ရုံသုံးရုံပေါ်မှာ ဆိုင်ခန်းတွေမရှိတော့လို့လားတော့မသိဘူး။ အောက်မှာပဲဖြစ်သလိုဆောက်ပြီး ဈေးရောင်းနေရတယ်။ တကယ်လို့ သက်ဆိုင်ရာကဆိုင်ခန်းတွေကို စနစ်တကျနဲ့ ထပ်မံဆောက်ပေးရင် အဆင်ပြေမယ်ထင်တယ်။ ဒီပုံစံဆိုရင် ဆိုင်ခန်းတွေက သစ်တို့ ဝါးတို့ မိုးကာတို့နဲ့ ဆောက်ထားတဲ့အတွက်မီးဘေးစိုးရိမ် ရသလို ဆိုင်ခန်းတွေက တစ်ခန်းနဲ့တစ်ခန်းကပ်နေတော့ လူစည်ကားတဲ့ နေ့တွေဆို ခိုးမှု၊ အလစ်သုတ်မှုတွေ မကြာခဏဖြစ်နေတယ်ဗျာ။အခုလတ်တလောသုံးလေးလအတွင်းမှာ ခိုးမှုတွေဖြစ်နေတယ်။

'ဒီလိုခိုးမှုတွေမဖြစ်အောင် သက်ဆိုင်ရာက ဆိုင်ခန်းတွေကို စနစ်တကျတာဝန်ယူပြီး ဆောက်လုပ်ပေးစေချင်တယ်။ ဒါဆိုရင် မှုခင်းတွေလျော့နည်းသွားပြီး ပွင့်လင်းရာသီမှာ မီးဘေးမစိုးရိမ်ရတော့သလို နေပြည်တော်မြို့တော်ရဲ့အင်္ဂါရပ်နဲ့ညီတဲ့ ဈေးလေးလည်းဖြစ်သွားမယ်"ဟု ယင်းဈေးတွင် ဈေးလာဝယ်သောပြည်သူတစ်ဦးက သုံးသပ်ပြောသည်။

ယင်းဈေးလေးသည် အရာထမ်း၊ ဝန်ထမ်းအိမ်ရာတွင်ရှိသော ဈေးဖြစ်သောကြောင့် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ပိုမိုစည်ကားသည့်အတွက် ငါးရပ်နှစ်ဈေးဟုပင် ခေါ်ရမလိုဖြစ်နေသည်။ ရပ်ကွက်အတွင်းရှိ ပြည်သူများသာမက နိုင်ငံတကာအဆင့်မီ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) တွင် နေထိုင်ကြသော ရပ်နီးရပ်ဝေးမှ အားကစားမောင်မယ်များ၊ စိုက်ခင်းသုံးကျေးရွာမှပြည်သူများ လာရောက်ဝယ်ယူသော ဈေးလေးဖြစ်၍ အလွန်စည်ကားသောဈေးလေးဖြစ်သည်။

**သန်းနိုင်(ဇမ္ဗူသီရိ)**



## မှုခင်းကျဆင်းရေး ဆောမြို့နယ်တွင်ဆွေးနွေး

**ဆော မတ် ၅**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်တွင် မှုခင်းကျဆင်းရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ဆောမြို့မရဲစခန်းခမ္ဘာရုံတွင် ပြုလုပ်ရာ ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမင်းက အမှာစကားပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် ဆောမြို့မရဲတပ်ဖွဲ့စခန်းမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေး၊ မီးဘေးလုံခြုံရေး၊ မှုခင်းကျဆင်းရေး၊လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ညှော်စာရင်းများ စနစ်တကျကောက်ယူရေးများကို ဆွေးနွေးခဲ့သည်။ **(၄၆၅)**

## အင်ငုတ်တိုကျေးရွာ သာသနာ့တံခွန်သိမ်တော် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

**ကန့်ဘလူ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အင်ငုတ်တိုကျေးရွာ၌ သာသနာ့တံခွန်သိမ်တော် ရေစက်ချမင်္ဂလာအခမ်းအနားကို မတ် ၁ ရက်နံနက်က အဆိုပါကျောင်းတိုက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဆရာတော် သံဃာတော်တို့အား ဩကာသကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး ပရိတ်တရားတော်များ နာကြားကြ၍ ဆရာတော်ဦးအိန္ဒကထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

သာသနာ့တံခွန်သိမ်တော်ကြီးကို ဦးဘသော်-ဒေါ်စောရင်မိသားစုတို့က ဆောက်လုပ်လှူဒါန်းခဲ့ပြီး ယခုအခါ အလှူရှင် ဗိုလ်မှူးရဲမြင့်(ငြိမ်း)မိသားစုတို့မှ ပြန်လည်မွမ်းမံခဲ့ကြောင်း၊ သိမ်တော်အတွင်း ဗုဒ္ဓရုပ်ပွားတော်အား ဒေါ်ဝါဝါခိုင် အင်းစိန်မြို့နယ်က လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မကွေးနည်းပညာတက္ကသိုလ် ဆိုင်ကယ်စတန်းတွင် ဆိုင်ကယ်ရပ်ထားစဉ် အခိုးခံရ

**မကွေး မတ် ၅**

မကွေးနည်းပညာတက္ကသိုလ်မှ ကောင်းထက်ဇော် အသက် (၂၀) နှစ် ရန်ကင်းရပ်ကွက် မကွေးမြို့နေသူသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ၎င်းပိုင် Dayang 125 ဖြူပြာကျားဆိုင်ကယ်အား ဇက်သော့မခတ်ဘဲ ကျောင်းရှေ့ဆိုင်ကယ်စတန်းတွင်ထားခဲ့ပြီး ကျောင်းတက်နေခဲ့ရာမှ နံနက် ၁၀ နာရီတွင် နေအိမ်သို့ပြန်ရန် ဆိုင်ကယ်အားသွားယူစဉ် ဆိုင်ကယ်မှာပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။

ယင်းကြောင့် အဆိုပါဆိုင်ကယ်ခိုးယူသူအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ကောင်းထက်ဇော်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် မကွေးနယ်မြေရဲစခန်းက (ပ)၄၉/၂၀၁၅ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ (ဆိုင်ကယ်) အရ အရေးယူထားပြီး ဆိုင်ကယ်ခိုးယူသူအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေး သက်ဆိုင်ရာရဲတပ်ဖွဲ့က အပူတပြင်းစုံစမ်းလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## တပ်မတော်သားများအတွက်အလှူငွေပေးအပ်ပွဲ ရန်ကုန်တိုင်းစစ်ဌာနချုပ် တွင်ပြုလုပ်

**ရန်ကုန် မတ် ၅**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် လောက်ကိုင်ဒေသတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရင်း အသက်ပေးလှူသွားကြသော တပ်မတော်သားများအတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခန်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်းနှင့် မြောက်ပိုင်းခရိုင် (၈) မြို့နယ်ရှိ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌများက ငွေကျပ် ၁၀ သိန်းတိတိ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယဗိုလ်မှူးကြီးသန့်ဇော်က လက်ခံရယူခဲ့သည်။

**မြင့်ဦး(အင်းစိန်)**


**Rising Tide Travel & Tours**

ဗန်ကောက်-အယုဒ္ဓယ-ပတ္တရား (6D5N) April 11-16 USD 730

ကိုရီးယား (8D 7N) April 11-18 USD 1990

ဩစတြေးလျ (11D 10N) April 11-21 USD 4200

ဥရောပ (14D 13N) April 11-24 USD 5300

အမေရိက (16D 15N) April 10-25 USD 6700

Address:No.103, 5th Floor, Room(5-B), Kyun Taw Road, Sanchaung Tsp., Yangon.
Pls Contact Us: 09 798335531, 09 254757722, 09 31250070, 09 43034182, 09798335527, 09798335532



**ရွှေလမ်းခရီး ...မှ ကျိုက်ထီးရိုး(နေ့စဉ်)**

* မန်းရွှေစက်တော်ဘုရားပွဲတော် နှင့်အထက်မြန်မာပြည်ခရီးစဉ်များ။
* အလောင်းတော်ကဿပ (ဖိုလ်ဝင်တောင်၊ ရွှေဘတောင်)ခရီးစဉ်။
* ပုဂံ(စွယ်တော်လေးဆူ) (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ။
* တောင်ကြီး (ထမ့်စမ်းလိုဏ်ဂူ၊ မွေတော်ကက္ကူ)၊ အင်းလေး (လှိုင်ကော်)
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ * မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ နွားလဘိုတောင်
* မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ် (ရွှေလီ၊ ဝမ်တိန်၊ မန်စီ)
* ထားဝယ်(ရှင်ကိုးရှင်)၊ မျော့်ရစ်၊ မောင်းမကန်ကမ်းခြေ * ကျိုက္ကမီ

(ထမင်းကျွေး ကားခ၊ တစ်ဆင့်သွားကားခ/စက်လှေခ၊ တည်းခိုခန်းခ စရိတ်ငြိမ်း)

မဟာသင်္ကြန်ခရီးစဉ်များ လက်မှတ်ကြိုတင်ရောင်းပြီ

* ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး ☎ 371317, 095124678, 09401589907



**ရောင်းမည်**

ရန်ကုန်မြို့တွင်း၌ လက်ရှိဖွင့်လှစ်ထားသော အင်တာနက်ဆိုင်အား ညှိနှိုင်းဈေးဖြင့်ရောင်းမည်။ အင်တာနက်လိုင်း(၃)လိုင်း၊ Aircon(၄)လုံး၊ 20 KVA Sound Proof မီးစက် (၁)လုံး၊ 5 KVA မီးအားမြှင့်စက် (၂)လုံး၊ CCTV ကင်မရာ (၄)လုံး၊ LCD ကွန်ပျူတာ (၃၅)လုံး၊ Colour Printer (၁)လုံး၊ Scanner (၁)လုံး၊ Skype ဖုန်း(၅)လုံး၊ ခုံများနှင့် အင်တာနက်ဆိုင်သုံး ဆက်စပ်ပစ္စည်းအားလုံးပါဝင်သည်။ (မှတ်ချက်။ ။ဆိုင်ခန်းမပါ)

ဆက်သွယ်ရန် ဖုန်းနံပါတ်-၀၉-၅၀၈၀၈၃၃(09-5080833)


**အများသိစေရန်ကြော်ငြာခြင်း**

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဇဝန)၊ မြေကွက်အမှတ်(၂၃၄)၊ မြေကွက်တည်နေရာအမှတ်(၃၁/၃၃)၊ သီရိဟေမာလမ်း၊ ဇဝနရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးအောင်တင်ညွန့် (TGRN-021567) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါက်တာစန်းစန်းရီ[၁၂/လမတ(နိုင်)၀၀၆၇၄၂]က အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်(၉၀၆/၂၀၀၅)နှင့် တရားမဇာရီမှုအမှတ်(၂၃၀/၂၀၁၁)အရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ရောင်းချကြောင်း လက်မှတ်စာအမှတ်-၀၁၅/၁၃(၁၁-၁၂-၂၀၁၃)တို့ကို တင်ပြရန် ဂရန်မိတ္တူလျှောက်ထားခြင်းအား ဌာနမှလုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလ ထုတ်ပေးထားသည့် ဦးအောင်တင်ညွန့် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား ဤဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**မြေ၊ အဆောက်အအုံ၊ တိုက်ခန်းအစရှိသည့် အခြေပစ္စည်းကို ရောင်းချသူများ/ ဝယ်ယူသူများအနေဖြင့် ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြစေရေးအသိပေးနှိုးဆော်ခြင်း**

အခွန်ပေးဆောင်ရန် တာဝန်နှင့် ထမ်းဆောင်ရမည့်ကာလ

- မြေ၊ အဆောက်အအုံ၊ တိုက်ခန်းအစရှိသည့် အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခု ထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်း ငွေဖြစ်ထွန်းပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၃ အရ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်ဖြင့် အခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။
- သို့ရာတွင် မြေ၊ အဆောက်အအုံ၊ တိုက်ခန်းအစရှိသည့် အခြေပစ္စည်းကို ဝယ်ယူခြင်း၊ ဆောက်လုပ်ခြင်းနှင့် ပြန်လည်ရောင်းချခြင်းအား စီးပွားရေးလုပ်ငန်းသဖွယ် ဆောင်ရွက်ခြင်းဖြစ်ပါက အမြတ်ငွေရရှိမှုအပေါ်တွင် စီးပွားရေးလုပ်ငန်းခေါင်းစဉ်ဖြင့် အခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။
- အခြေပစ္စည်းကို ရောင်းချသူသည် ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်နေ့မှ တစ်လအတွင်း ကာလတန်ဖိုး စိစစ်မှုခံယူခြင်း၊ ဝင်ငွေကြေညာလွှာတင်သွင်းခြင်း၊ ကျသင့်အခွန်ပေးဆောင်ခြင်းတို့ကို ဆောင်ရွက်ကြရန် လိုအပ်ပါသည်။
- စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်ဝင်ငွေခွန်စည်းကြပ်ခြင်းနှင့်ပတ်သက်၍ ဝင်ငွေနှစ်ကို စည်းကြပ်နှစ်အဖြစ်သတ်မှတ်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ် ၃၀၀/၂၀၁၅ကို ထုတ်ပြန်ထားပြီး ဖြစ်ပါသဖြင့် နေထိုင်ရန်၊ အသုံးပြုရန် မြေ၊ အဆောက်အအုံ၊ တိုက်ခန်းအစရှိသည်တို့ကို ဝယ်ယူသူသည်လည်း ရောင်းချသူနှင့်အတူ ကာလတန်ဖိုး စိစစ်မှုခံယူခြင်း၊ ဝင်ငွေကြေညာလွှာတင်သွင်းခြင်း၊ အသုံးပြုသည့် ငွေကြေးအတွက် မိမိမည်ကဲ့သို့ရရှိခဲ့သည်ကို ရှင်းလင်းတင်ပြခြင်း၊ အတိအကျ မတင်ပြနိုင်သည့် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ကျသင့်ဝင်ငွေခွန် ထမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

အခွန်ကျသင့်မှု

- အခြေပစ္စည်းကို ရောင်းချသူ၊ လွှဲပြောင်းပေးသူသည် ထိုသို့ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့် အခြေပစ္စည်း၏ တန်ဖိုးမှ အခြေပစ္စည်းအတွက် အမှန်ကုန်ကျခဲ့သည့် မူလတန်ဖိုးနှင့်ယင်းအခြေပစ္စည်းကို ဖြည့်စွက်ခြင်း အတွက် ကုန်ကျသည့် မတည်စရိတ်များ၊ လွှဲပြောင်းခြင်းပြုလုပ်ရာတွင် ကုန်ကျ သည့်စရိတ်များကို နုတ်ပယ်၍ ကျန်ရှိသော မြတ်စွန်းငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေ ခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။
  - မြတ်စွန်းငွေ = ရောင်းချသည့်တန်ဖိုး - (မူလတန်ဖိုး+ပြုပြင်ဖြည့်စွက်စရိတ်+ ရောင်းချစရိတ်)
  - ကျသင့်အခွန် = မြတ်စွန်းငွေ×၁၀ရာခိုင်နှုန်း
- အခြေပစ္စည်းတစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်သည့် အရောင်းတန်ဖိုးစုစုပေါင်းသည် နှစ်တစ်နှစ်အတွင်း ကျပ်သိန်းငါးဆယ်ထက်မပိုလျှင် ဝင်ငွေခွန်ပေးဆောင်ရန်မလိုပါ။
- စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် စည်းကြရမည့်အခွန်နှုန်း၊ သက်သာခွင့်ပြုသည့် အခွန်နှုန်းများကိုလည်း ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့် သတ်မှတ်ထုတ်ပြန်ထားပါသည်။

ရောင်းချသူအတွက်ခံစားခွင့်

- ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းပြုသည့် အခြေပစ္စည်း၏ တန်ဖိုးမှပေးဆောင်ခဲ့ရသည့် အခွန်ကိုနုတ်ပယ်ပြီး ကျန်ငွေဖြင့် အခြားအခြေ ပစ္စည်းတစ်ခုခုပြန်လည်ဝယ်ယူခြင်းအတွက် ဝင်ငွေရလမ်းအဖြစ် တင်ပြနိုင်ပါသည်။
  - ရရှိမည့်စုဆောင်းငွေ = ရောင်းချသည့်တန်ဖိုး-ကျသင့်အခွန်

အခွန်တာဝန်ကျေပွန်ကြပါရန်

- သို့ဖြစ်ပါ၍ မြေ၊ အဆောက်အအုံ၊ တိုက်ခန်းအစရှိသော အခြေပစ္စည်းကိုရောင်းချသူ၊ ဝယ်ယူသူတို့သည် ရောင်းချခြင်း၊ လွှဲပြောင်းခြင်း ဆောင်ရွက်ပြီးသည်နှင့် မိမိတို့၏ ရောင်းချမှု သို့မဟုတ် ဝယ်ယူမှုနှင့်သက်ဆိုင်သည့် ဝင်ငွေခွန်ဆိုင်ရာရှင်းလင်းခြင်း၊ အခွန်ပေးဆောင်ခြင်းတို့ကို ဆောလျင်စွာ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် အခွန်တာဝန်ကို ကျေပွန်ကြပါရန် အသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန


**TOYOTA RAV 4 ရောင်းမည် [၂၉၅သိန်း]**

2006 အနက်ရောင်၊ 2.4 ဓါတ်ဆီ၊ စတိန်ပါတ်၊ ကီးလိုက်ိုးသောင်းကျော်၊ GRADE 4B(G)၊ PUSH START၊ CRUISE CONTROL၊ ION၊ CANCELLATION ရှိ၊ တာယာအသစ်၊ အင်ဂျင်ဝိုင်အသစ် MAINTENANCE အားလုံးပြီး၊ လက်တင်စီး၊ ဆက်သွယ်ရန် 095060452



**Amazing Time Travels & Tours**

ကိုရီးယား ၈ရက်၇ည 10-17 April 1800 USD

ဒူဘိုင်း ၆ရက်၅ည 13-18 April 1850 USD

အီတလီ-ဆွီဇာလန်-ပြင်သစ် 15-21 April 4200 USD

139, 2nd Flr, Bagaya Road, Sanchaung Township, Yangon.
012304785, 0973211907, 0973120852, 0943064845


GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS
ASIA HABITAT SOCIETY
"GREEN ASIA HABITAT AWARDS"
ဆုကို GOLDEN CITY မှ ဂုဏ်ယူစွာဖြင့် ရရှိခဲ့ခြင်း
ASIA HABITAT SOCIETY မှ နိုင်ငံတကာလူနေမှုအဆင့်အတန်းစံချိန်စံညွှန်း (၁၅) ချက်ဖြင့်
တင်းကျပ်စွာ စိစစ်တိုင်းတာ၍ ရွေးချယ်ခံရသော မြန်မာနိုင်ငံမှ ပထမဦးဆုံး
"GREEN ASIA HABITAT AWARDS" ဆုကို ဆွတ်ခူးရရှိသည့် စီမံကိန်းအနေဖြင့် မြန်မာနိုင်ငံ၏
လူနေမှုအဆင့်အတန်းစံညွှန်းကို ထပ်မံအဆင့်မြှင့်တင်လိုက်ခြင်း
လစဉ်အနည်းဆုံး ကျပ်ငွေ (၂၄) သိန်း ပေးသွင်းရုံဖြင့်
နိုင်ငံတကာအဆင့်မီ ကွန်ဒိုကိုပိုင်ဆိုင်ဖို့ အခွင့်အလမ်းပေါ်ထွက်လာပါပြီ
အတိုးမရှိသော (၄၈)လ အရစ်ကျငွေပေးချေမှုစနစ်
Live the Golden city life
Hotline: +95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar Website: www.glredcl.com
Developer: Golden Land Real Estate Development Co., Ltd.

# THE ALL-NEW BMW X6 IS COMING.

Prestige Automobiles
bmwmyanmar.com

Sheer Driving Pleasure




**BMW EfficientDynamics**
**Less consumption. More driving pleasure.**

**PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.**

**Prestige Automobiles Co.,Ltd.** #485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Tel: +95 (1) 2306133 Service Hotline: +95 (1) 2306144 Facebook: www.facebook.com/BMWPAC

# “အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း”

## ““နိုင်””မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ နာယက၊ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ‘ မိခင်ကြီး ဒေါ်ညွန့်ညွန့် ’

**အား**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် – ၁/၂၀၁၉ ဖြင့် နိုင်ငံတော်မှ ထိုက်တန်စွာ ပေးအပ်ချီးမြှင့်သော **‘သုဓမ္မသိင်္ဂီ’** ဘွဲ့ ရရှိသဖြင့် အထူးပင် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးတို့ကို ကျန်းမာချမ်းသာစွာဖြင့် ဆထက်ထမ်းပိုး သယ်ပိုးဆောင်ရွက် နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။







ချစ်ခင်ပွန်း – ဦးထွန်းဇေ (နာယက) [နိုင်မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်]

ချစ်သားသမီးများ –

၁။ ဦးမြင့်နိုင် + ဒေါ်အေးအေးနိုင်
( Naing One Construction Materials Trading Co., Ltd )

၂။ ဦးသက်နိုင် + ဒေါ်စောကေခိုင်
( Naing Mahar Mandalay Trading Co., Ltd )

၃။ ဒေါက်တာ အေးအေးနိုင်
(ကထိက - သမိုင်းဌာန၊ ဟသာတ တက္ကသိုလ်)

၄။ ဦးဝင်းနိုင် + ဒေါ်နှင်းလဲ့ကြည်ပြာ
( Yoon Iron & Steel Co., Ltd
“ကိုဝင်းနိုင်” ကာလာစတီး အမိုး နှင့် သွပ်ပြား ဖြန့်ချိရေး )

၅။ ဦးထွန်းထွန်းနိုင် ( **Managing Director** )
( Nyunt Myint Mo Industrial Co., Ltd )

၆။ ဒေါက်တာ ဌေးဌေးနိုင်
(ကထိက - ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)

၇။ ဦးမျိုးမင်းနိုင် (ခ) ကိုမင်းမင်း
( Naing Seven Construction Materials Trading Co., Ltd
“မင်းမင်း” အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး )

၈။ ဦးသန်းနိုင် ( **Managing Director** )
( Naing Family Construction Materials Trading Co., Ltd
“နိုင် မိသားစု” ကာလာစတီး အမိုး နှင့် သွပ်ပြား ဖြန့်ချိရေး )

၉။ ဦးမျိုးမြင့် + ဒေါ်သန္တာဝင်း
( Myo Naing Nine Int'l Trading Co., Ltd
Naing - Nine သံချောင်း နှင့် ဘိလပ်မြေ ဖြန့်ချိရေး )

၁၀။ ဦးဖြိုးဝေနိုင် + ဒေါက်တာ နန်းခင်ဝတ်ရည်
( Naing New Generation Trading Co., Ltd )

ချစ်မြေးများ – ဝိုင်းဝိုင်း၊ ကစ်ကစ်၊ ခစ်ခစ်၊ ဂါဂါ၊ ကူကူး၊ ကိုအုပ်၊ စနီး၊ ယွန်းယွန်း၊ ဖိုးလပြည့်၊ ကိုခန့်၊ အူဝဲ၊ ပယ်ပယ်၊ လဝန်း၊ တုန်တုန်၊ သီဟ၊ ပိုင်ပိုင်။

Hot Line No-0930500100

သဘောထားမတူညီနိုင်တဲ့ကိစ္စတွေကို အငြင်းပွားနေမယ့်အစား သဘောတူနိုင်မယ့်နည်းလမ်းတွေကို ပိုမိုရှာဖွေကြဖို့ပဲဖြစ်ပါတယ်။ စိတ်ရှည်သည်းခံမှုကို နိုင်ငံရေးတန်ဖိုးများအနေနဲ့ထားရှိပြီး ပြည်သူလူထုလိုလားတောင့်တနေတဲ့ အပြောင်းအလဲတွေ ဖန်တီးပေးနိုင်ဖို့ အားလုံးမှာတာဝန်ရှိတယ်ဆိုတဲ့ ခံယူချက်မျိုးထားရှိဖို့ အရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၌ ကြားနာခြင်းဆောင်ရွက်

**နေပြည်တော် မတ် ၅**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာခြင်းကို ၂၄-၂-၂၀၁၅ ရက်တွင် အမျိုးသားလွှတ်တော်၏ ကြေညာချက်အမှတ် (၁/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့သည့် အစီအစဉ်အတိုင်း ယနေ့နံနက် ၁၀ နာရီတွင် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီနှင့် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

အဆိုပါ ကြားနာခြင်းအစီအစဉ်သို့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ မောင်ချစ်ဝင်းမောင် မကွေးနည်းပညာတက္ကသိုလ် စတုတ္ထနှစ်(မြို့ပြ)၊ မောင်ပြည့်ဖြိုးကျော် ပခုက္ကူတက္ကသိုလ် တတိယနှစ် (ဓာတု)၊ မောင်သန့်စင်ထွန်း ပြည်နည်းပညာတက္ကသိုလ် စတုတ္ထနှစ် (မြို့ပြ)၊ မောင်ဇေယျာလွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် တတိယနှစ်၊ စာမျက်နှာ ၉ ကော်လံ ၁ သို့





# တိုက်ပွဲရှောင်ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တပ်မတော်မှ မော်တော်ယာဉ်များဖြင့် လောက်ကိုင်မြို့သို့ ပို့ဆောင်

**နေပြည်တော် မတ် ၅**

လောက်ကိုင် ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းဆောင်ရွက်ရာမှ ကိုးကန့်သောင်းကျန်းသူအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ရာ လောက်ကိုင်မြို့မှ ဒေသခံပြည်သူများသည် အခြားဒေသများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

ယခုအခါ တပ်မတော်၏ နယ်မြေစိုးမိုးရေးများ တိုးမြှင့်ဆောင်ရွက်လာခြင်းကြောင့် လောက်ကိုင်မြို့မှာ တည်ငြိမ်မှုရရှိလာပြီဖြစ်သဖြင့် ဒေသခံပြည်သူများသည် လောက်ကိုင်မြို့သို့ ပြန်လည်ပြောင်းရွှေ့ရောက်ရှိလာကြရာ မတ် ၄ ရက်တွင် ကုန်းကြမ်းမြို့နှင့် ညံ့ခွမ်းဒေသသို့ ရောက်ရှိနေသော စာမျက်နှာ ၉ ကော်လံ ၅ သို့

## ယနေ့ မာတိကာ


ယဉ်ကျေးမှု ကမ္ဘည်းမော်ကွန်းတင် — စာမျက်နှာ - ၂

ငွေကြေးဖောင်းပွမှုကို ထိန်းရန် အသုံးစရိတ်လျှော့ချခြင်းနှင့် အခွန်အခြေခံချဲ့ထွင်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက် — စာမျက်နှာ - ၇

ရွေးကောက်ပွဲနှင့် သတင်းမီဒီယာ တာဝန် — စာမျက်နှာ - ၁၀

ရီးယဲလ်နောက်ခံလူ ဟာရာနီအား ခေါ်ယူရန် ပရီမီယာလိဂ်ကလပ်များ အပြိုင်စောင့်ကြည့်နေ — စာမျက်နှာ - ၁၃










themirror.npt@gmail.com
www.facebook.com/themirrordaily